ရာဇဝင်ဆရာကြီး

ဦးပညာ

၏

# ကရင်ရာဇဝင်

(၁၀-ကြိမ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်)

---

တအုပ် (၂) ကျပ်

ပဌမအကြိမ်ရိုက်နှိပ်ခြင်း

(မူပိုင်ရှင်)

[illegible]သင်နှင့်သားများ

အမှတ်-၉၂ သိမ်ကြီးလမ်း

ကြည့်မြင်တိုင် ရန်ကုန်မြို့။

၁၉၂[illegible]ခုနှစ်

ဒုတိယအကြိမ် ထုတ်ဝေခြင်း

ဇွဲ-စာပေရိပ်မြုံ

ဦးထွန်းရှိန် (မှတ်ပုံတင်-၀၀၄၂ မြ)

အမှတ်-၁၇၂၊ ၃၃-လမ်း၊

ရန်ကုန်မြို့။

၁၉၆၅-ခုနှစ်

ပုံနှိပ်သူ

ဦးထွန်းရှိန် (မှတ်ပုံတင်-၀၀၄၅ မြ)

ဇွဲ-စာပုံနှိပ်တိုက်

အမှတ်-၁၇၂ ၃၃-လမ်း၊

ရန်ကုန်မြို့။

# ကာရင်ရာဇဝင်

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ထုတ်ဝေသူ၏အမှာ .... .... | |
| ၂။ | စာရေးသူ၏နိဒါန်း .... .... | |
| ၃။ | ကမ္ဘာလောကတည်ခဲ့ပုံ .... .... | ၁ |
| ၄။ | အစားအသောက်ဖြစ်ပေါ်ပုံ .... .... | ၃ |
| ၅။ | မဟာသမတတင်မြှောက်ပုံ .... .... | ၅ |
| ၆။ | ကမ္ဘာဦးရေပြန့်ပွါးခဲ့ပုံ .... .... | ၇ |
| ၇။ | ဘာသာတရားတပါးဖြစ်ပုံ .... .... | ၈ |
| ၈။ | လူမျိုးတရားတပါးသရုပ် .... .... | ၉ |
| ၉။ | ကရင်လူမျိုးဖြစ်ပေါ်ပုံ .... .... | ၁၀ |
| ၁၀။ | ကရင်သဒ္ဒါဖြစ်ပေါ်ပုံ .... .... | ၁၁ |
| ၁၁။ | ရှမ်းလူမျိုးအကြောင်း .... .... | ၁၂ |
| ၁၂။ | ကရင်ဖြူများအကြောင်း .... .... | ၁၃ |
| ၁၃။ | လူရင်လူမျိုးတို့ ဒေသနှင့်ဝံသ .... .... | ၁၄ |


### ပထမတွဲအခဏ်း—၂


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၄။ | သုဘိန္နနှင့်တိဿသက္ကမင်း .... .... | ၁၇ |
| ၁၅။ | ကောသမ္ဘိန်ဆကာကျွန်းအကြောင်း .... | ၂၀ |
| ၁၆။ | ကြိုက်ပါကြိုက်ဖူးဘုရားအကြောင်း .... | ၂၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ပထမတွဲအခန်း—၃


၁၇။ ဂျွန်းသူပုန်များ .... .... ၂၆
၁၈။ သုံ့-သုံ့ ပန်း-သုံ့ ရာတို့၏သရုပ် .... .... ၂၇
၁၉။ ဇေယျမြို့တည်ထောင်ပုံ .... .... ၂၈
၂၀။ ခံမြို့အကြောင်း .... .... ၃၀
၂၁။ ခံမြို့၏အင်္ဂါများ .... .... ၃၃


## ပထမတွဲ အခန်း—၄


၂၂။ ဗျည၁းက္လန္ဒကိုမင်းမြှောက်ပုံ .... .... ၃၆
၂၃။ ဇေယျမြို့မည်ပြောင်းလဲပုံ .... .... ၃၈
၂၄။ မုဒ္ဒါဘိသေက ရာဇာဘိသိက်ခံပုံ .... .... ၃၉


## ပထမတွဲ အခန်း—၅


၂၅။ စောဗျည၁းက္လသေနမင်း နိုင်ငံသိမ်းမြားမင်းပြုခြင်း.... ၄၇
၂၆။ တိုင်းနိုင်ငံတို့၏အင်္ဂါ .... .... ၄၈
၂၇။ လက်နက်ကိုင်သူရဲခြောက်မျိုး .... .... ၅၀
၂၈။ တပ်စည်းကြပ်ပုံ .... .... ၅၂
၂၉။ အကွောဘဏီတပ် ၃-မျိုးကွဲပုံ .... .... ၅၄
၃၀။ မဟာမိတ်မင်းရှိခြင်း၏အကျိုး .... .... ၅၅
၃၁။ စောဗျည၁းက္လန္ဒသေနမင်း၏နိုင်ငံတော် အပိုင်းအခြား .... .... ၅၆


## ပထမတွဲ အခန်း—၆


၃၂။ ဘုရားဗျာဒိတ်ပင်မရသောကာရင်လူမျိုးတဦး.... ၅၉

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃။ | မြတ်စွာဘုရားကွန်ဖရဲ့ပတီမြို့သို့ကြွရောက်ခြင်း .... | ၆၀ |
| ၃၄။ | မြဝတီမြို့တွင်ပုံ .... .... | ၆၂ |
| ၃၅။ | မြတ်စွာဘုရားမော်လမြိုင် မုတ္တမ သထုံမြို့များသို့ ကြွတော်မူခြင်း .... .... | ၆၂ |
| ၃၆။ | ရဟန္တာအသျှင်မြတ်တို့အဖမ်းခံရပုံ .... | ၆၃ |
| ၃၇။ | မင်းနေ့င့်တကွ ပြည်သူပြည်သားတို့ သရဏဂုံတည်ကြပုံ .... .... | ၆၅ |
| ၃၈။ | အမ္ဗုလာမင်းကြီးဟုအမည်သစ်တွင်ပုံ .... | ၆၆ |
| ၃၉။ | ကျိုက်ထားပိုက်-ဆုပိုက်စေတီတော်များတည်ခြင်း .... .... | ၆၇ |
| ၄၀။ | အမ္ဗုလာမင်းကြီးနတ်ရွာစံခြင်း .... .... | ၇၀ |

## ပထမတွဲအခဏ်း—၇

| | | |
|---|---|---|
| ၄၁။ | မြို့စားများနိုင်ငံခြားနားမင်းပြုခြင်း .... | ၇၁ |
| ၄၂။ | ပေါင်မြို့မင်းဆက် .... .... | ၇၁ |
| ၄၃။ | မြဝတီမြို့မင်းဆက် .... .... | ၇၂ |
| ၄၄။ | ကျိတ်မြို့ခေါ် ကလစ်မြို့မင်းဆက် .... | ၇၂ |
| ၄၅။ | တောင်ပို့မြို့ခေါ် ဒုံပပုံမြို့မင်းဆက် .... | ၇၃ |
| ၄၆။ | သိမ်နှတ်ကူမှာမင်းအကြောင်း .... .... | ၇၄ |
| ၄၇။ | တောလေတူးခုန်ပွဲ .... .... | ၇၆ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၈။ | ဇယျမြို့သစ်တည်ထောင်ခြင်း .... .... | ၈၁ |
| ၄၉။ | ဇွဲယျမြို့မင်းဆက် .... .... | ၈၃ |
| ၅၀။ | သံဝေဂယူရန် .... .... | ၈၅ |

ဒုတိယတွဲ အခဏ်း—၈

| | | |
|---|---|---|
| ၅၁။ | ပအာဝနမြို့တည်ထောင်ပုံ .... .... | ၈၈ |
| ၅၂။ | မင်းနှင့်ရှင်ဘုရင်ခြားနားပုံ .... .... | ၉၁ |
| ၅၃။ | မနောဟာရီဒေဝီ .... .... | ၉၄ |
| ၅၄။ | လုဒ္ဒယုမ်မင်း၏နိုင်ငံတော်အပိုင်းအခြား .... | ၉၇ |
| ၅၅။ | တခွက်ပိုမြို့အကြောင်း .... .... | ၉၈ |
| ၅၆။ | စွဲပင်လင်-ဇွဲကပင်တွင်ပုံ .... .... | ၉၉ |
| ၅၇။ | ဇွဲကပင်ဘုရားသမိုင်း .... .... | ၁၀၁ |
| ၅၈။ | ပအာဝနမင်းသွီးနှင့်မနုဟာမင်း.... .... | ၁၀၃ |

ဒုတိယပွဲ အခဏ်း—၉

| | | |
|---|---|---|
| ၅၉။ | သုဓမ္မဝတီမြို့မြေမျိုပျက်စီးရခြင်း အကြောင်း .... .... | ၁၀၆ |
| ၆၀။ | ထားကျိုင်းရာဇဝင် .... .... | ၁၀၇ |
| ၆၁။ | ကျိုင်းမြို့ရာဇဝင် .... .... | ၁၀၉ |
| ၆၂။ | သဇိုင်းမြို့ရာဇဝင် .... .... | ၁၁၀ |
| ၆၃။ | လှိုင်းဘွဲ့မြို့ရာဇဝင် .... .... | ၁၁၁ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၆၄။ | ပုဂံပြည်လက်အောက်ကျရောက်ခြင်း | | .... | ၁၁၂ |
| ၆၅။ | မဂဒူးမင်း | .... | .... | ၁၁၄ |
| ၆၆။ | အထူးဖော်ပြချက် | .... | .... | ၁၁၆ |

**တတိယတွဲအခန်း—၁၀**

| | | | | |
|---|---|---|---|---|
| ၆၇။ | သမိန်ထောရာဇာအကြောင်း | .... | .... | ၁၂၂ |
| ၆၈။ | ဆင်ကျားရှင်အမည်ခံပုံ | .... | .... | ၁၂၆ |
| ၆၉။ | မြန်မာနှင့်ကရင်တို့တိုက်ပွဲ | .... | .... | ၁၂၈ |
| ၇၀။ | ဆင်ကျားရှင်နန်းကျပုံ | .... | .... | ၁၃၅ |

**တတိယတွဲ အခန်း—၁၁**

| | | | | |
|---|---|---|---|---|
| ၇၁။ | ကွေ့ကုဏ္ဍာအိမ်တို့အကြောင်း | | | ၁၃၉ |
| ၇၂။ | နိဂုံး | .... | .... | ၄၃ |

## ဒုတိယအကြိမ်

# ထုတ်ဝေသူ၏အမှာစာ

ကရင်အမျိုးသားတို့တွင် မှန်, မြန်မာများကဲ့သို့ မိမိတို့အမျိုးသား ဘုရင်များရှိခဲ့ဘူးလေသလောဟု တွေးတော စဉ်းစားမိခဲ့ဘူးသည်မှာ၊ ကရင်ပြည်နယ်သို့ ရောက်စဉ်အခါက ဖြစ်ပါသည်။

လွန်ခဲ့သော ၇-နှစ်, ၈-နှစ် အချိန်က၊ ကျွန်တော်သည်၊ သတင်းစာဆရာ ဦးသိမ်းမောင်နှင့်အတူ ယခု ကော်သူးလေဟု အမည်သစ် တွင်နေသည့် ကရင်ပြည်နယ်ဘက်သို့ ဒေသန္တရ, ဗဟုသုတ အလို့ငှါ ခရီးထွက်ခဲ့ရာ၌ ကောကရိတ်မြို့မှ သုံးမိုင်ခန့်အကွာ၊ ဒေါနတောင်တန်း၊ တောင်စွယ်တနေရာရှိ တောတွင်းသို့ တပ်စိပ်တစိပ်၏ အကူအညီဖြင့် ခရီးထွက်ခဲ့ကြပါသည်၊ ထိုတောင်စွယ်, တောအုပ်သည်ကား အမှန်အားဖြင့်၊ ရှေး ကရင်ရှင်ဘုရင်တပါး၏ ထီးနန်းစိုက်ရာမြို့ဟောင်း ဖြစ်ခဲ့ဘူးကြောင်း၊ ယခုတိုင် တွေ့ရှိနေရသော ကျုံးဟောင်း နေရာများကို ဆရာဦးသိမ်းမောင်က ညွှန်ပြပြောဆိုရ၍၊ ရာဇဝင် ဇာတ်ကြောင်းပြန်သောကြောင့်၊ ကရင်လူမျိုးတို့တွင် ကရင်အမျိုးသား ရှင်ဘုရင်များရှိခဲ့ဘူးသည့်အဖြစ်ကို သိရှိရခြင်း ဖြစ်ပါသည်။

* ယိုးဒယား, မြန်မာနယ်ခြားမြို့ဖြစ်သော၊ မြဝတီမြို့သည်လည်း၊ အဆိုပါ ကရင်အမျိုးသား ဘုရင်၏ နယ်ခြား, ခံမြို့ဖြစ်ကြောင်းနှင့်တကွ၊ ကရင်အမျိုးသား ဘုရင်ကြီးသည် မိစ္ဆာဒိဋ္ဌိ၊ အယူမှ သမာဒိဋ္ဌိ အယူသို့ ပြောင်းလဲ လာပုံများကိုပါ၊ ထပ်

လောင်း သိရှိရသောအခါ အခွင့်ကြုံလျှင် ကရင်အမျိုးသားတို့ ရာဇဝင်ကြောင်းကို ဆက်လက် လေ့လာရန်၊ ဆန္ဒဖြစ်ပေါ်ခဲ့ပါသည်၊ သို့အတွက် လွန်ခဲ့သည့် ၁၉၆၄-နှစ် အောက်တိုဘာလ အတွင်းက၊ ဘားအံ့၊ လှိုင်းဘွဲ့ပိုင်ကျုံ အစရှိသော ကရင်မြို့ရွာများသို့ ဆရာ ဦးသိမ်းမောင် ခရီးထွက်သောအခါ အတူတကွ လိုက်ပါနိုင်ရန်၊ ကြိုးပမ်းသော်လည်း၊ အကြောင်းမညီညွတ်၍ မလိုက်မပါနိုင် ဖြစ်ခဲ့ရပါသည်။

ထို့ကြောင့် ထိုဒေသတဝိုက်၏ ရာဇဝင်အကြောင်းကို ပြန်ပြောင်းပြောပြရန် မေတ္တာရပ်ခံသောအခါ၌ ကျွန်တော်အား စာအုပ်တအုပ်ဖတ်ရှုရန် ခေတ္တပေးအပ်ပါသည်၊ ထိုစာအုပ်ကို ဖတ်ရှုကြည့်သောအခါ၌၊ ကရင်အမျိုးသားတို့တွင် ရှေးရှေးသောအခါက၊ ကရင်အမျိုးသားဘုရင်များ ထိုထိုနယ်ပယ်ဒေသတို့၌ စိုးမိုးအုပ်ချုပ်ဘူးကြောင်း ကျွန်တော်ယုံကြည် လာမိပါသည်၊ အဆိုပါစာအုပ်သည်ကား ယခုရိုက်နှိပ်သော ကရင်ရာဇဝင်အမည်ရှိ စာအုပ်ပင်ဖြစ်ပါတော့သည်။

ကရင်လူမျိုးတို့ကို ကျေးဇူးပြုခဲ့သော ဆရာကြီးဦးပညာပြုစုခဲ့သည့် ဤကရင်ရာဇဝင်စာအုပ်ပါ အကြောင်းအရာများသည် မြန်မာတိုင်းရင်းသား အချင်းချင်းညီရင်းအစ်ကိုကဲ့သို့ ချစ်ကြည်စည်းလုံးမှု၏ အကျိုးတရားပွားများရေးကို အားပေးမည်သာမက၊ အထူးသဖြင့်ကရင်လူထုတရပ်လုံး၏ ဂုဏ်သိက္ခာကိုလည်း မြင့်တင်ပေးရာရောက်သည် မှန်သောကြောင့် ဇွဲကပင်တောင်ရိပ်အောက်တွင် ကျင်းပအံ့သော တဆယ့်ရှစ်ကြိမ်မြောက် ပြည်ထောင် စု နေ့ ပွဲသဘင် ကြီးအမှီ ပုံနှိပ် ထုတ်ဝေ နိုင်ရန်

မူပိုင်ရှင်ဖြစ်သော ဆရာဦးသိမ်းမောင်ထံ မေတ္တာရပ်ခံခဲ့ပါသည် ဆရာ ဦးသိမ်းမောင်ကလည်း ကရင်အမျိုးသားများနှင့် တကွ လုပ်သားပြည်သူတို့အကျိုးငှာ ထုတ်ဝေရန်သဘောတူ ခွင့်ပြု သည့် အတွက်ကျေးဇူးတင်စွာဖြင့် ဤစာအုပ်ကို ကျွန်တော်၏ ဇွဲ ပေရိပ်မြုံတိုက်မှ ပုံနှိပ်ထုတ်ဝေဖြန့်ချိရပါကြောင်း။

ဇွဲထွန်းရှိန်
၁-၂-၆၅

* ကရင်ရှင်ဘုရင်တပါး၏ ရှေးဟောင်းမြို့တွင် လေ့လာခဲ့ရချက် များကို၊ ကျွန်တော်များ ပုံနှိပ်ထုတ်ဝေလတ္တံ့ဖြစ်သော သတင်းစာဆရာ ဦးသိမ်းမောင်၏ **“ပင်တိုင်စံနှင့် သူ့ရဲကောင်း”** စာအုပ်တွင် အကျယ် ရှုပါရန်....

# နိဒါန်း

—o—

"ဒေဝပဗ္ဗတရာဇာ" ဘွဲ့ခံ ငွေတောင်ကရင်"ပဗ္ဗတသီဟရာဇာ"ဘွဲ့ခံ ကြက်ဘိုးကြီးကရင်'နေမျိုးသေဥ္စလုံရာဇာ'ဘွဲ့ခံကြက်ဘိုးကလေးကရင်စသော ရှမ်းကရင်များနှင့် မြန်မာကရင်တလိုင်းကရင်များ၏ မူလရင်းဒေသနှင့် ဝံသများကိုအရင်းကပြပြီးလျှင် ကရင်ရာဇဝင်ဟောင်း၌လာသောဒိုမွေ့၊ မဲ့ကလောင်၊ ပေါင်၊ ကလစ်ဒိုပုံ၊ မရဲ့၊ ပတီ၊ ခြောက်လီရိခ၊ ဇေယျ ၇-မြို့ခေါ် ဗဒရောဓုံမြို့ "အခူလာ" မင်းကြီးစသော ၂၈-ဆက်သော တလိုင်းကရင်ရာဇဝင် ပထမတွဲနှင့် လိုင်းဘွဲ့၊ ကဇိုင်း၊ ထားကျိုင်း၊ ကျိုင်း၊ တခွက်ဖိုးခေါ်သော ဒွတ်ပွာပို့ ပအာဝန တွင်ခြင်း ဒုံရင်းမြို့ "လစွဲ"မင်းကြီးစသော တလိုင်းကရင်ရာဇဝင် ဒုတိယတွဲကိုအလယ်၌ပြလျက် ဟံသာဝတီ ပဲခူးမြို့တွင် 'ဆင်ကျားရှင်'ဟုဘွဲ့ခံ၍ ထီးနန်းစံဘူးသောကျေး ကရင်ခေါ် မြန်မာကရင် မင်း "ဗုဒ္ဓကေသီ-ဗုဒ္ဓရာဇာ-မောင်သာလှသမိန်ထော ရာမ၊ မင်း၏အကြောင်းနှင့်မတ္တရာ အုပ်ဘိုမြို့မင်းကျေး ကရင်လူမျိုး"ကုဏ္ဍအိမ်သူရိန်စော"၏ အကြောင်းအရာတတိယတွဲကို နောက်ဆုံး၌ ပြပြီးလျှင် ကရင်လူမျိုးများ၏ ဇာတိမာန်တက်ကြွ၍ တိုးတက်ကြီးပွားခြင်းကို ရှက်ဆောင်နိုင်ကြစေရန်ငှင်း၊ ရာဇဝင်လိုက်စားသူ လူရှင်ရဟန်းတို့၏ ဗဟုသုတတိုးပွား၍ အကျိုးများစေခြင်းငှာရင်း၊ အဖြာဖြာသောလောကီဘက်-သာသနာဘက်ဆိုင်ရာ များစွာသော ကျမ်းအပေါင်း

သမိုင်းဟောင်းရာဇဝင်တို့မှ သင့်လျော်မည်ထင်ရာ သွတ်သွင်း၍ မူရင်းဖြစ်သော "ကရင်ရာဇဝင်ကျမ်း"ကို ရဟန်းပညာရှိတို့နှင့် နှိုင်းညှိတိုင်ပင် သုတ်သင်ရှင်းလင်း၍ အကျဉ်းကို အကျယ်ချဲ့လျက်ဖြည့်စွက်ရေးသားလိုက်ပါသတည်း။

ဦးပညာ
ရာဇဝင်ဆရာကြီး (သထုံ)
၁၉၂၉-ခုနှစ်

# ကာရင်ရာဇဝင်

## ပထမတွဲ

ဒုံမွေ့, မဲကလောင်,

ပေါင်နှင့်တောင်ပို့, ကျိတ်မြို့, မြဝတီ,

ခြောက်လီသော မြို့ရုံများနှင့်တကွ

ဇယျဘူမိ တွင်ဘူးသော

ပိုင်တရောင်ရုံခေါ်,

ဇွဲယျမြို့၊

မင်းဆက်ရာဇဝင်

# ကာရင်ရာဇဝင်

နမော ဝံသညုနော လောကနာထဿ၊

## အခန်း ၁။

### ၁။ ကပ္ပါလောကတည်ခဲ့ပုံ

အာဘဿရဗြဟ္မာလောကေ ပဌမတရာဘိနိဗ္ဗတ္တာ အာယုက္ခယာ ဝါ ပုညက္ခယာဝါ တတော စဝိတွာ ဣမူပပဇ္ဇန္တိအစရှိသဖြင့် **ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ** လာသည်နှင့်အညီ။ ကပ္ပါအစ ဝိဝဋ္ဋဋ္ဌာယီ နိုက် သတ္တဝါတို့၏ နေရာဌာန ဩကာသ လောကဖြစ်ပွားရန် ကပ္ပါပြု မိုးသီးရွာသောရေသည် ရွေ့လျှောခန်းလတ်၍ **ပျက်လေပြီးသော ဗြဟ္မာဘုံ အထက်နတ်ပြည် လေးဘုံတို့သည် အစဉ် အတိုင်း ဖြစ်ပေါ်ပြီးနောက်,** ပံသုပထဝီ တည်ရာအရပ်သို့ ရောက်လျှင်, ရေပေါ်၌ မြေဆီ အရသာ ဖြစ်ပေါ်၍ လာလေ၏။ ထိုအခါ အာဘဿရ-ဗြဟ္မာပြည်မှ ဗြဟ္မာတို့သည်၊ အသက်ကုန်သဖြင့်၎င်း၊ကံကုန်သဖြင့်၎င်း စုတေခဲ့၍။လူ့ပြည်နိုက် ဥပပါတ် ကိုယ်ထင် ဖြစ်လာကြ ကုန်၏၊ထိုသူတို့သည် ဗြဟ္မာကဲ့သို့ ကိုယ်ရောင်-ကိုယ်ဝါ ပီတိတည်းဟူသောအစာ ရှိကုန်လျက်၊ ကောင်းကင်၌ သွားလာ၍ မွေ့လျော်ကြကုန်၏။ယောကျ်ား-မိန်းမ ဟူ၍ မရှိကြသေးကုန်ယခင်မြေဆီမြေဩဇာကိုသုံးဆောင်စားသောက်ကြသောအခါ။ ကိုယ်ရောင်-ကိုယ်ဝါ ကွယ်ပ၍။ အမိုက်အတိသာ ဖြစ်ရကား၊ ကြောက်ခြင်းပြင်းစွာဖြစ်ကုန်၏။

ထိုအခါ ထိုသူတို့၏ ကံကြောင့်ရင်း၊ ဖြစ်မြဲသော ဓမ္မတာ အားဖြင့်ရင်း၊ အတွင်းကား ရွှေ, အပကား ဖလ်အတိ ပြီးသော အချင်းယူဇနာ- ငါးဆယ်, အဝန်း ယူဇနာ,- တရာ့ငါးဆယ်ရှိသော ဘာဏုရာဇာ နေမင်းသည်၊ ရောင်ခြည်တထောင်ဆောင်လျက်၊ တပေါင်း လပြည့်နေ့ မိန်ရာသီ၌၊ နှစ်ဆဲ့ ခြောက်လုံး ဥတ္တရာဘဒြပိုဒ် နက္ခတ်နှင့် ယှဉ်ပိုင်ခါ ပုဗ္ဗဝိဒေဟာကျွန်း၏ တည်ရာ အရပ်မှ ထွက်ပေါ်လာ၍, အလင်းကို ဖြစ်စေ၏၊ ထိုနေမင်းကို ကပ္ပါဦးသူတို့သည် ကြောက်ခြင်းကင်း၍ ရဲရင့်ခြင်း ဖြစ်ကုန်သောကြောင့် "သူရိယ"ဟု ခေါ်ဝေါ် ကုန်၏။ ထိုသို့ ပေါ်ထွက် လာသော နေမင်းသည်၊ နာရီ သုံးဆယ် အခန့်လှည့်၍၊ ယုဂန္ဓိုရ်တောင် ကွယ်ခဲ့သော်၊ အမိုက်အတိ ဖြစ်ပြန်၍၊ ကပ္ပါဦးသူတို့သည် တခုသော အလင်းကို ရစေသတည်းဟု တောင့်တကုန်သည်ရှိသော်, အတွင်းကား ပတ္တမြား, အပကား ငွေဖြင့် ပြီးသော၊ အချင်း လေးဆဲ့ကိုးယူဇနာ၊ အဝန်း တရာ့လေးဆဲ့ ခုနစ်ယူဇနာရှိသော ချမ်းသော အရောင်ကို ဆောင်သော လမင်းသည် ကန်ရာသီ၌ တဆဲ့နှစ်လုံး၊ ဥတ္တရာ ဘရဂုဏ်နက္ခတ်နှင့် ယှဉ်၍၊ နက္ခတ်တာရာ ကြယ်အပေါင်း ခြံရံလျက်၊ အရှေ့မျက်နှာမှ ထွက်လာသည် ရှိသော်, ထိုလမင်းကို ကပ္ပါဦးလူတို့သည် ဝမ်းမြောက်ဝမ်းသာ ရွှင်မြူးစွာဖြစ်ကုန်လျက်၊ ငါတို့အလိုဆန္ဒအတိုင်းရပေသည်ဟူ၍ "ဆန္ဒ"ဟူသော အမည်ဖြင့် ခေါ်ဝေါ် ကုန်၏။ ဤသို့ နေလတို့ထင် ရှားစွာ ဖြစ်သော နေ့၌ပင်လျှင်၊ မြင့်မိုရ်သတ္တရဘာဏ်, သိတာသမုဒ္ဒရာ, ကျွန်းကြီး, ကျွန်းငယ်, ဟိမဝန္တာ, တောတောင်, မြစ်ကြီး, မြစ်ငယ်, အိုင်ကြီး, အိုင်ငယ်, စကြာဝဠာတောင်တို့သည်၊ ဓမ္မတာအားဖြင့်, နေ, ပေါ်

သည်နှင့် မရှေးမနှောင်း တပြိုင်နက် ဖြစ်ပေါ်လာကြ ကုန်၏။ ထိုမှစ၍ နေ့,လ,နှစ်,ဥတု,ရတု တို့သည် ထင်ရှားဖြစ်ကုန်၏။

## ၂။ အစားအသောက်ဖြစ်ပေါ်ပုံ

ထိုအခါ ကပ္ပဦးသူတို့သည်၊ အချို့အဆင်းလှကုန်၏။ အချို့ အဆင်းမလှကုန်၊ထိုသူတို့တွင် အဆင်းလှသော သူတို့သည်၊ အဆင်းမလှသူတို့ကို မထေမဲ့မြင် ပြုကုန်သည်ရှိသော် ရသပထဝီ မြေဆီ၊မြေသြဇာ ကွယ်ခဲ့၍,မြေလွှာကို စားရကုန်၏၊ ရှည်လျားသဖြင့် လောဘ ရမ္မက်ပြော၍ မြေလွှာ ကွယ်ပြန်လျှင်, ပတာလတာ မည်သော နွယ်ချို ထင်ရှားဖြစ်လာ၍, ထိုနွယ်ချိုကို စားကြကုန်၏၊ ထိုနွယ်ချို သည်လည်း ရှေးအတူ ကွယ်ပြန်ခဲ့သည်ရှိသော်, အဆင်းအနံ့- အရသာနှင့် ပြည့်စုံသော ဖွဲ့မကပ်သော သလေးဆန်ပင် ထင်ရှားစွာ ဖြစ်လာ၏။ ထိုအခါ ကပ္ပဦးသူတို့သည် သလေးဆန်ပင်မှ ညစာ စားအံ့သောငှါ ညအခါမှ ယူကုန်၏၊ နံနက်စာ စားအံ့သောငှါ နံနက်အခါမှယူကုန်၏။

ထိုသို့ယူငြားသော်လည်း ယူရာမထင်,ရှေးအတိုင်းပင် ရောက်ကုန်၏။ ထိုသလေးဆန်ကို ကျောက်ခွက်၌ ထားသည်ရှိသော်, အလိုလိုအလျှံထွက်၍ ကျက်ပြီ၊ ထိုထမင်းသည် မြတ်လေးပွင့် အဆင်းနှင့်တူ၏၊ ထမင်းကို စားသည်ရှိသော်, အရသာတို့သည် ထိုသူတို့အလိုအတိုင်း ဖြစ်ကုန် ထင်ကုန်၏။ ရှေးဖြစ်သော မြေဆီ၊ မြေလွှာ ပတာလတာ အစာသုံးပါး တို့သည်၊ နတ်သြဇာကဲ့သို့ မွတ်သိပ်ခြင်းကို ဆောင်ကုန်၏၊ ဝတ္ထုသိမ်မွေ့သဖြင့် ကျင်ကြီး၊ ကျင်ငယ်မဖြစ်ကုန်၊သလေးထမင်းကိုစားသုံးသောအခါမှ၊ ဝတ္ထုရုန့်ရင်းသောကြောင့် ကျင်ကြီး,ကျင်ငယ် ဝစ္စမဂ်, ပဿာဝမဂ်,

ပုရိသ နိမိတ် ဣတ္ထိနိမိတ် ယောကျ်ား-မိန်းမ အသွင် ထင်ရှားဖြစ်ကုန်ပြီ၊ ထိုအခါ မိန်းမသည် ယောကျ်ားကို၊ ယောကျ်ားသည် မိန်းမကို တပ်သောအားဖြင့် ကြည့်ကုန်၏။ ထိုသို့ ကြည့်ခြင်းကြောင့် ကာမရာဂ ပူပန်ခြင်းဖြစ်၍၊ မေထုန်မှီဝဲခြင်း တည်းဟူသော မသူတော်တို့ အကျင့်ကိုကျင့်ခြင်းကြောင့်၊ ပညာအမြင်နှင့် ပြည့်စုံသော သူတို့က ကဲ့ရဲ့ ညည်းဆဲ ကြကုန်၏။ ထိုသို့ကဲ့ရဲ့ ညည်းဆဲသည်ရှိသော် မကောင်းသောအကျင့်ကို ဖုံးလွှမ်းခြင်းငှါ၊ အိမ်ယာဆောက်၍ နေကြကုန်၏။

ထိုသို့ နေကုန်သော သူတို့တွင် ပျင်းရိသော သူတို့၏ ဒိဋ္ဌာနုဂတိသို့ လိုက်၍ အစာ သိုမှီးခြင်းကို ပြုကြသည် ရှိသော်၊ သလေးဆန်တို့သည် ဆန်ခွံ - ဖွဲနု - ဖွဲကြမ်း- မြေးယှက် ကုန်၏၊ ရိတ်ရာ ယူရာအရပ်တို့၌လည်း တဖန်မပေါက် မရောက်ကုန်၊ ထိုနောင်မှ ကပ္ပဦးသူတို့သည်၊ ဤသို့ဆိုမြည်ညည်းတွားကြကုန်၏၊ ရှေးအခါ ငါတို့သည် ဈာန်စိတ်ဖြင့် ပြီးကုန်၏၊ ပီတိသာ အစာ ရှိသည်ဖြစ်၍၊ ကိုယ်ရောင်ဖြင့် ထွန်းပ, ကုန်လျက် ကောင်းကင်၌ သွားလာနိုင်ကုန်၏၊ အစဉ်သဖြင့် ရသပထဝီ မြေဆီ မြေလွှာ ပဒါလတာ နွယ်တို့ကို စားရကုန်၏၊ ထိုအစာတို့သည် အကုသိုလ်တရားကြောင့် ကွယ်ခဲ့၍၊ အလိုလို ရောက်သောသလေး ဆန်ပင် ထင်ရှားဖြစ်ကုန်ပြီ၊ ထိုသလေးဆန်တို့ကို ညစာ, နံနက်စာ, သိမ်းဆည်း သိုမှီးခြင်းကြောင့်၊ ရိတ်ရာ ယူရာအရပ်တို့၌ အသစ်မရောက်ကုန်၊ အစုအစု ပေါက်ရောက်ကုန်ပြီ၊ ထိုသလေးစပါးပင်တို့ကို ပိုင်းခြားမှတ်သား၍ ဝေရသော် ကောင်း၏ဟု တိုင်ပင်ကြပြီးလျှင်၊ အပိုင်းအခြားထား၍ ဝေငှကုန်၏၊ ထိုနောင်

လျှပ် ပေါ်သော သူတယောက်သည်၊ မိမိအဘို့ ကုန်အံ့စိုး၍ တပါးသော သူတို့၏အဘို့တို့ကို ခိုးယူလေပြီ၊ တကြိမ်, နှစ်ကြိမ်ဆဲရေး၍ လွှတ်လိုက်၏၊ သုံးကြိမ်မြောက်သော အခါ ရိုက်ပုတ်ပစ်ခတ်ကုန်၏၊ ထိုအခါမှစ၍ သူဥစ္စာကို ခိုးခြင်း, မုသားဆိုခြင်း, ဒဏ်ပေးခြင်းတို့သည် ဖြစ်ကုန်၏။

## ၃ မဟာသမတမင်းမြောက်ပုံ

ထိုသို့ ဖြစ်လတ်သော်၊ ကပ္ပဦးသူ အပေါင်းတို့ စည်းဝေးကုန်၍ ဤသို့တိုင်ပင်ကြကုန်၏၊ ယခုယုတ်မာသော အမှုအရာတို့သည် ဖြစ်ကုန်ပြီ၊ သီလ-သမာဓိ-ပညာနှင့် ပြည့်စုံသော သူတယောက်ကို အစိုးရခြင်း၊ မင်း၏အဖြစ်ဖြင့် သမုတ်၍ ကဲ့ရဲ့အပ်သော သူကို ကဲ့ရဲ့,ရှုတ်ချစေအံ့၊ နှင်ထုတ်အပ်သော သူကို နှင်ထုတ်စေအံ့ ချီးမြှောက်ထိုက်သောသူကို ချီးမြှောက်စေအံ့၊ ငါတို့အဖို့ဖြစ်သော သလေးစပါးကို ဆယ်ဖို့တဖို့၊ ပေးကုန်အံ့ဟူ၍ တိုင်ပင်ကြကုန်ပြီးသော်, အဆင်းအင်္ဂါ လက္ခဏာနှင့်ပြည့်စုံသော ကြီးမြတ်သော ဘုန်းတန်ခိုး - အာဏာရှိသောနှိမ်နင်း, ချီးမြှောက်ခြင်းငှာ တတ်နိုင်သော အားရှိသော ငါတို့ဂေါတမဘုရား အလောင်းတော်၏ အထံသို့ကပ်၍ တောင်းပန်ကုန်ပြီးလျှင်၊ သုံးပါးသော ဘိသိက် သွန်းခြင်းဖြင့် မင်းမြှောက်ကြကုန်၏၊ ထိုမင်းသည် ဤသို့ ကပ္ပဦးသူတို့ သမုတ်သောကြောင့်၊ "မဟာသမတ" ဟူသောအမည်ဖြင့်၎င်း၊ လယ်မြေ၏အရှင်ဖြစ်သောကြောင့် 'ခတ္တိယ'' ဟူသောအမည်ဖြင့်၎င်း၊ တရားသဖြင့် လူအပေါင်းကို နှစ်သက်စေတတ်သောကြောင့်"ရာဇာ" ဟူသောအမည်ဖြင့်၎င်း၊ ထင်ရှားစွာဖြစ်လေ၏။

**နေမင်း၏အနွယ် ဖြစ်တော်မူဝသော၊** စင်ကြယ်သော ကျေးဇူး မြတ်သော အနုဘော်ရှိသော မဟာ သမတမင်းသည်၊ လူတို့၏ မျက်စိသဖွယ်ဖြစ်၍၊ နှစ်ခုမြောက်သော နေမင်းကဲ့သို့ အမိုက် ကိုဖျောက်လျက်၊ ဂုဏ်တည်းဟူသော အရောင်ဖြင့် ထွန်းပ၏၊ ထိုမဟာသမတမင်းသည်၊ မြတ်သော လောက အပိုင်း-အခြား ဓမ္မသတ် - ရာဇသတ် တရားကို ထား၏၊ ထိုအပိုင်း - အခြားကို လူတို့ မကျူးကျော်ဝံ့ကုန်၊ များသောအခြံအရံ ဘုန်းတန်ခိုး အာ နုဘော်ရှိသော လောကအပိုင်း အခြားကို စောင့်ရှောက်တတ် သော မင်းတကာတို့၏အဦး အစဖြစ်သော ကြီးသော လုံ့လရှိ သော မဟာ သမတမင်းကို "မနု"ဟူ၍ ခေါ်ဆိုကြကုန်၏၊ **ထိုမနုအမည်ရသော** မဟာဟိန္ဒူသမတ မင်းမှစ၍ - ရာဇဝံသ မင်းမျိုး - မင်းနွယ် ဆင်းသက်ပြန့်ပွါးလေ၏၊ ကပ္ပါဦးကာလ အာအရာ၌ တည်၍ မနုမည်သော မဟာသမတမင်း၏ အဆုံး- အမ၌ တည်ကုန်သော ကပ္ပါဦးသူတို့ကိုသားနှင့် တူသည်ဖြစ်၍ မနုဿဟုခေါ်ဆိုကြကုန်၏၊ ထိုမနုဿအမည်ရသော သူတို့တွင် အစဉ်သဖြင့် သီလသမာဓိနှင့်ပြည့်စုံသောသူတို့သည်၊ အဒိန္နာဒါန် စသော ယုတ်မာသောတရားတို့ကို ပယ်စွန့်ကြကုန်သောကြောင့်၊ ဗြဟ္မဏ,ဟု ပထမအမည်ကို ရကုန်၏။

တောအုပ်ဝယ် သစ်ရွက်မိုးသော ကုဋိ၌နေ၍ မကောင်းမှုကို ဖုတ်ကြည်းတတ်သောကြောင့်၊ ဈာယက ဟူသော ဒုတိယ အမည် ကို ရကုန်၏၊ ရွာနိဂုမ်းအနီး၌နေ၍ ဗေဒင်ကို သရဇ္ဈာယ်တတ် သောကြောင့်၊ အဇ္ဈာယက ဟူသော တတိယ အမည်ကို ရကုန် ၏၊ ထိုအဇ္ဈာယက အမည်ရသော ဗြဟ္မဏတို့သည် အိမ်ရာထောင် ကြပြန်သဖြင့်ဗြဟ္မဏဝံသ ပုဏ္ဏားမျိုးပြန့်ပွါးလေ၏၊ အချို့သော

သူတို့သည်၊ အိမ်ရာထောင်၍လယ်လုပ်ခြင်း-ကုန်သွယ်ခြင်းအမှုကို ပြုသဖြင့် များစွာသော ပစ္စည်းဥစ္စာ ရှိကုန်၏၊ ထိုသူတို့ကို ဝေဿဝံသ သူဌေး-သူကြွယ်-ကုန်သည်မျိုးဟူ၍ ခေါ်ဆိုကြကုန်၏၊ ထိုမှကြွင်းကုန်သော ဘုန်းကံ နည်းသောသူတို့သည်၊ ကြမ်းထန်းသော-လုဒ္ဒါစာရ၊ မွတ်သိပ်ဆင်းရဲခြင်း-ခုဒ္ဒါစာရ, အမှုအရာရှိကုန်၏၊ ထိုသူတို့ကို သုဒ္ဒဝံသ သူဆင်းရဲမျိုးဟူ၍ ခေါ်ဆို ကြကုန်၏။

ဤသို့ရာဇဝံသ-မင်းမျိုး,ဗြဟ္မဏဝံသ-ပုဏ္ဏားမျိုး, ဝေဿဝံသ-သူဌေး-သူကြွယ်-ကုန်သည်မျိုး, သုဒ္ဒဝံသ-သူဆင်းရဲမျိုး ဟူ၍ အမျိုးလေးပါး ထင်ရှားဖြစ်ကုန်သတည်း။

## ၄ ကပ္ပါဦးရေပြန့်ပွားခဲ့ပုံ

ထိုကပ္ပါဦးအစ မဟာသမ္မတမင်းမှ ဆင်းသက်၍၊ တသိန်း-ရှစ်သောင်း - ကိုးထောင်သော တိုင်းခရိုင် နိုင်ငံထီးဆောင်းမင်းအပေါင်းတို့သည်၊ ဤဇမ္ဗူဒိပ်မြေအပြင်ဝယ် ပြန့်နှံ့ပွါးများကြလေကုန်၏၊ ထိုတသိန်း-ရှစ်သောင်း-ကိုးထောင်သော တိုင်းခရိုင်နိုင်ငံ စည်ပင်ပြန့်ပွါးသည့် ကာလက၊ ကိုးသန်းကိုးသိန်းသော ကျေးစွန်ရွာလက်၊ ငါးဆဲ့ခြောက်ရပ်သော ရတနာဖြစ်ရာဌာန, ကုဋေ,ကိုးသန်း ခြောက်သိန်းသော သင်္ဘော ဆိပ်တို့ဖြင့် စည်ပင်ပြန့်ပွါးပြီ၊ ထိုနောက်ကာလ ရှည်လျားသော်၊ တရွေ့ရွေ့ လျော့ပါးသဖြင့် ရှစ်သောင်းလေးထောင်သာ ရှိလေပြီ၊ ထိုကပင် လျော့ပါးပြန်၍ လေးသောင်းမျှသာ ရှိလေပြီ၊ ထိုအောက်ပင် လျော့ပါးပြန်၍ပစ္စေကဗုဒ္ဓါအလောင်းတော်ဗါရာဏသီမင်းလက်ထက်နှစ်သောင်းမျှသာရှိလေပြီ၊ဤကား သုတ္တနိပါတ်အဋ္ဌကထာ

တွင် လာသောစကာရပ်တည်း၊ ထိုအောက်ပင် လျှော့ပါးပြန်၍ သုတသောမမင်း, မဟောသထာသုခမိန်, ဝေဿန္တရာမင်းစသော ဘုရားလောင်းတို့ဖြစ်သောကာလ၌တိုင်း ခရိုင် နိုင်ငံ ထီးဆောင်း မင်းအပေါင်းမှာ တရာ့တပါးမျှသာ ရှိခလေ၏၊မင်း တရာ့တပါး ရှိကြောင်း အထောက်သာဓကကား၊ ပုဗ္ဗကာလေ ကောသတရာဇူနံ ဒေသဘာသာ ကောသတ-ဝေါဟာရာ။ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ။

## ၅ ဘာသာတရာ့တပါးဖြစ်ပုံ

ပုဗ္ဗကာလေ၊ သုတသောမာ, မဟောသဓာနှင့် ဝေဿန္တရာ စသား ဘုရားလောင်းတို့၏ ထင်ရှားဖြစ်ရာ ရှေးအခါ၌၊ ကောသတရာဇူနံ၊ဇမ္ဗူဒိပ်တွင် ကျွန်းအပြင်ဝယ် ဘုရင်ထွဋ်ဖျား ရာ့တပါးဟု လူများသော၌နှင်း ပြည့်ရှင်မင်းတို့၏ ကောသတဝေါဟာရာ၊ဘာသာတရာ့တပါး ပြောဆိုသောစကားသည်၊ ဒေသဘာသာမည်၏။ ဤဋီကာအရ အဓိပ္ပါယ်ကို ကောက်ရလျှင် တရာ့တပါး ဘာသာများဟု ဆိုသော်လည်း ရှေးရှေးသော ကာလ သုတသောမ စသော ဘုရားလောင်းတို့၏ လက်ထက်တော် အခါများက ဇမ္ဗူဒိပ်ကျွန်းတွင် မင်းတရာ့တပါးရှိကြသည်၊ ထိုအခါကာလက, ရာဇဘာသာ မင်းများပြောဆို သုံးစွဲသောရုံးတော်သုံး ဘာသာ စကားကို ယူသော အားဖြင့် ဘာသာပေါင်း တရာ့တပါးရှိသည်ကို ရည်ရွယ်၍ ကောသတ ဘာသာ, ဟု ဆိုသည်၊ ရာဇဘာသာဟူသော မင်းသုံး ဘာသာမှ တပါး တိုင်းရင်းသားတို့ သုံးစွဲ ပြောဆိုသော ဘာသာ စကားလည်း များစွာရှိသေး၏ ဟု ဆိုလိုသည်၊ သို့ကြောင့် ဇမ္ဗူဒိပ်ဝယ် ဘာသာပေါင်း များစွာရှိကြောင်း ကောင်းစွာ ထင်ရှားသတည်း၊

ထိုဘာသာပေါင်းများစွာကို သုံးစွဲပြောဆိုသော လူမျိုးပေါင်းလည်း များစွာရှိ၏ ဟု မှတ်ယူရမည်၊ ထိုဌါကာ စကားကိုထောက်ဆ၍ လူမျိုးတရာ့ကာပါးဟု ပြောရိုးပြောစဉ်စကားမှာ မြန်မာပြည်သို့ အရောက်အပေါက်များ၍ ၎င်းအနီးအစပ် ဖြစ်၍၎င်း သိရှိဘူးသော လူမျိုးကိုသာ မှတ်သား၍ပြောဆိုကြဟန်ရှိ၏။

## ၆ လူမျိုးတရာ့တပါးသရုပ်

ဇမ္ဗူတံဆိပ် ခေါ်သော ကျမ်းတွင်း လူမျိုး တရာ့တပါးကို သရုပ်သချာနှင့်ပြ၍ အသီးအသီး မိမိတို့ လူမျိုး မင်းများ သီးခြားအုပ်စိုးဘူးကြောင်းကို ပြဆိုလေသည်၊ ၎င်းကျမ်းလာလူမျိုး တရာ့ကာပါး သရုပ်ကား၊ မြန်မာခုနစ်မျိုး,တလိုင်းလေးမျိုး,ရှမ်းမျိုးသုံးဆယ်,ကုလားမျိုး ခြောက်ဆယ်အားဖြင့် တရာ့ တပါး တည်း၊ ထိုတွင် မြန်မာ, တောင်သူ, ပြူ, ကမ်းယံ, ယော,ရခိုင်, ထားဝယ်ဟု မြန်မာခုနစ်မျိုး၊ မွန်သိ,မွန်နန်း,မွန်းညန့်, မွန်တာ, ဟုတလိုင်းလေးမျိုး၊လင်း,သက်,ချင်း,ဂုံရင်,ကတူး,မြန်,အကျော်,ဂင်,ရှမ်း,(၁၀)၊ ဇဝါ, မျက်နှာမည်း, ကသည်း,ရေမီးထွက်, ကရက်,လဝ,လော, ပန်းလောင်,တရက်, ယွန်း(၂၀)၊ ခနဲ, ဘအူ, ကာရင်,ကချင်,ဂနော,ယောန်,လဝိုက်,တရုပ်,ယိုးဒယား အနဲ(၃၀) ဟု ရှမ်းမျိုးသုံးဆယ်၊သူတယ်,ပုရန္တေ,အာသံ,ရေသူ, ပန်းသေး, ပဋိကွယား,နောင်လာ,ကုလားဖြူ,ဘရင်ဂျီ,ဘာလိ,(၁၀)၊လဝီ, သီဟိုဠ်, သိန်း, စန္ဒာ, မောပါ,ဒေကိုး,နာထိုး, ဓောရာ, ပဉ္စမာ, ဘောခ, (၂၀)၊ သုတ္တံ, ခင်းကျ , ဥမြဲ, ဇိနပတ္တံ, ပုရံ, သင်းတဲ, စေတုတ္တရာ, သက္ကတံ, ဝိန်ရိုး, မက္ကတိ, (၃၀)၊ ဘူလိ, မန္တရာဇ်, အောဝ်လံတေ,အောဝ်လံတစ်, ယစ်ပလစ်,ဟောဝ်ရတော်,ဇဝီ, ပသီ,

ဟိန္ဒူ၊ ကလယ်(၄၀)၊အင်္ဂလိပ်,ပြင်သစ်,ရုရှား,ကျေးကုလား,ဒိုးကုလား,ဇော်ဂီ,မာလီ,ဘောရီ, သောယုတ်, လဟုတ်, (၅၀)၊ ဒေါ်ရော,ခန္တီ,ဗသျှူး,တပသီ,ဟာရီ,လာကာဝိစ္စဒေါလာ,ဒေါ်ရကာ, ဘင်္ဂလီ,ဗာရာဏသီ,(၆၀)ဟု ကုလားလူမျိုးခြောက်ဆယ်၊ ထိုလူမျိုး တရာ့တပါးတို့သည်ဇမ္ဗူဒိပ်ဝယ်မိမိတို့ဒေသ၌တိုင်းကြီး ခရိုင် နိုင်ငံပို းခြားလျက် အသီးအသီးကိုယ့်မင်းကိုယ့်ချင်းနှင့် နေထိုင်ကြလေ၏၊ ဤကား ဇမ္ဗူတံဆိပ်ကျမ်းလာ စကားစုတည်း။

**မှတ်ချက်။** ။ဤဇမ္ဗူတံဆိပ်ကျမ်းတွင် ကရင်သည် ရှမ်းမျိုး သုံးဆယ်၌ပါဝင်၍ တိုင်းပြည် ခရိုင် နိုင်ငံ သီးခြားရှိကြောင်းကို ဆိုသဖြင့် ရှမ်းပြည်ရှိ ငွေတောင်, နောင်ပုလဲ, ကြက်ဖိုးကြီး, ကြက်ဖိုးကလေး,လွယ်ကော်စသော မြို့များ၌ ကရင်နီ လူမျိုး စော်ဘွားကြီးများ ယခုကာလတိုင်အောင် ထင်ရှား ရှိသဖြင့် ကျွန်ုပ်တို့ရေးသား လတ္တံ့သော ကရင်သုံးမျိုးတို့တွင် ရှမ်းကရင်သည် ဤဇမ္ဗူတံဆိပ်ကျမ်းနှင့် ညီညွတ်လေသတည်း။

## ၇ ကရင်လူမျိုးဖြစ်ပေါ်ပုံ

"ရှမ်းမျိုး တိံသာ၊ မြန်မာသတ္တ၊ မွန်သုံးဝန့်၊ ကေစွန်းကယ် ခြောက်ဆယ်ကုလား၊ ရာ့တပါး" ဟု ရေးသား ပြောဆိုကြသော ရှေးလင်္ကာဟောင်း များလည်း ရှိပေသေးသည်။ ။ထိုလင်္ကာဟောင်း၌ပင် မြန်မာလူမျိုးတို့သရုပ်ကို "သက်နှင့် ရခိုင်၊ နိုင်းပြိုင်တောင်သူ၊ ပြူ ကမ်းယံ ယောထားဝယ် နှောကာ၊ မျိုးသတ္တ" ဟု စပ်ဆိုသည်တွင် **ကမ်းယံ** လူမျိုးဟူရာ၌ "ကမ်းယံဟူသည်ကား သံတွဲမှ စ၍ တောင်စဉ် ခုနစ်ခရိုင်၌ နေသော သူတို့ကို ဆိုသတည်း" ဟု မှန်နန်းရာဇဝင်၌ ဆိုသောကြောင့်ရင်း၊ ရာဇဝင်ချုပ်

ဆရာများက "ပြည်မြို့ အနောက်ဘက် ရောဝတီ မြစ်ကမ်းတလျှောက်၌ နေသောသူတို့ကို ကမ်းယံ" ဟု ဆိုသောကြောင့်၎င်း၊ ပြည်မြို့ အနောက်ဘက် ရောဝတီ မြစ်ကမ်းတလျှောက်နှင့် သံတွဲစသော တောင်စဉ်ခုနစ်ခရိုင်၌ နေထိုင်ကြသော သူတို့ကို ကမ်းယံလူမျိုးဟု မှတ်ရမည်။ ကျွန်ုပ်တို့ ရေးလတ္တံ့သော ကရင်သုံးမျိုးတို့တွင် မြန်မာကရင်သည် ထိုကမ်းယံ လူမျိုးတို့မှ ဆင်းသက်ပေါက်ဖွါးလာကြကုန်၏။ သုဝဏ္ဏဘူမိတိုင်းသည် ဂေါတမ မြတ်စွာဘုရား မပွင့်မီအခါက၊ ကရဏ္ဏကတိုင်းဟု တွင်သည်၊ ထိုအခါကာလက ကွင်းပြင် မြေညီ၌နေသော ကရဏ္ဏက တိုင်းသား လူအများကို မွန်ဟု ခေါ်ဆိုကြသည်၊ တောတောင်၌ နေသော ကရဏ္ဏကတိုင်းသားလူအများကို ကရဏ်ဟုခေါ်ကြသည်၊နောက်ကာလရွေ့လျော၍ ကရဏ်မှ ကရင်ဖြစ်လာသည်။ ။ကျွန်ုပ်တို့ ရေးသားလတ္တံ့သော ကရင် သုံးမျိုးတွင် တလိုင်း ကရင်သည် ဤကရဏ္ဏကတိုင်းသား ကရင်လူမျိုးတို့ပေတည်း။

## ဂ ၊ ကရင်သဒ္ဒါ ဖြစ်ပေါ်ပုံ

ကပ္ပါပေါ်ရှိလူမျိုးပေါင်း များစွာတို့တွင် ကရင်ဟု ခေါ်ဝေါ် ရေးသားကြသည်မှာ၊ သမ္မောဟဝိနောဒနီ စသည်၌ ပါသော ကိရာတ, သဒ္ဒါကို ဆရာတော်ကြီးများက "ကရင်" ဟု အနက် မြန်မာပြန်ဆိုတော်မူကြကုန်၏၊ အဘိဓာန်နိသျသစ်၌လည်း၊ ကိရာတ-ကရင် ဟူ၍ပင် မြန်မာပြန်ဆိုလျက်ရှိ၏၊ကိရာတဟူသော ပါဠိမှ တဖန် ကရ ဖြစ်လာ၏၊ ထိုကရ,မှ တဖန် ကရင်ဟု ရေးသားခေါ်ဝေါ်ကြ၏၊ သောဠသရဋ္ဌဒီပနီကျမ်းတွင်လည်း လက်ဖြင့် တောင်ယာခုတ်ခြင်း စူးထိုးခြင်း စသောအမှုကို ပြု

တတ်သောကြောင့် ပါဠိဘာသာဖြင့် ကရ-လူမျိုးဟု ခေါ်ကြ၍ နောက်နောက်သောအခါ ကာလရွေ့လျော့သဖြင့် ပါဠိပျက်လျက် ကရင်ခေါ်ကြသည်ဟူ၍ ဆိုလေသည်၊ ကရဏ္ဏကတိုင်းသား ဖြစ်သောကြောင့် ကရဏ်ဟု ခေါ်ကြသည်၊ ကရဏ်မှ ကရင်ဖြစ်လာသည်၊ သို့ဖြစ်၍ ကရင်ဟူသော ဝေါဟာရပညတ်သည် ကိရာတ—သဒ္ဒါ—ကရ သဒ္ဒါ ကရဏ္ဏက သဒ္ဒါတို့မှ ဆင်းသက်လာသော ဝေါဟာရပညတ် ဖြစ်သတည်း။

## ၉ ရှမ်း ကရင် လူမျိုးအကြောင်း

ထိုကရင်လူမျိုးတို့၏ အပြားကား (၁)ကရင်နီ (၂)ကရင်ဖြူ သို့မဟုတ် ကရင်လည်မဲ-ဟူ၍ မူလက နှစ်မျိုးပြားသတည်း၊ ထိုနှစ်မျိုးတို့တွင် ကရင်နီလူမျိုးတို့၏ မူလဌာနနှင့် ဆင်းသက်ပေါက်ပွါးလာသော ဝံသတို့ကား ရှမ်းပြည်ရှိငွေတောင်, နောင်ပုလဲ, ကြက်ဖိုးကြီး, ကြက်ဖိုးကလေး, လွယ်ကော်စသော အရပ်သည် ကရင်နီလူမျိုးတို့၏ဒေသဖြစ်၍၊ ရှမ်းလူမျိုးတို့မှဆင်းသက်ပေါက်ပွါး ကြကုန်၏၊ ထိုကရင်နီလူမျိုးတို့သည် ရှမ်းပြည်သာလျှင် မူလရင်းဒေသဖြစ်၍၊ ရှမ်းလူမျိုးတို့မှ ဆင်းသက် ပေါက်ပွါးခြင်းနှင့် ထီးရိုးနန်းရိုး စော်ဘွားမြို့စားမင်းများ ဖြစ်ဘူးကြောင်းကား မြန်မာဘုရင် ဘိုးတော်မင်းတရား လက်ထက် သက္ကရာဇ်—၁၁၅၉ ခုနှစ် တပေါင်းလပြည့်ကျော် ၃-ရက်နေ့ ငွေတောင် ကရင်နီစော်ဘွားက သမီးကညာ အဆက်သရောက်သည်၊ ငွေတောင်စော်ဘွားကိုလည်း ဆင်ပေါက်တစီးပေးတော်မူသည်ဟု ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး စာအုပ် မျက်နှာနံပါတ်—၆၉၉ ထွင်ပါသည်၊ သာယာဝတီမင်း၏ လက်

ထက် သက္ကရာဇ် ၁၁၉၈—ခုနှစ် တပေါင်းလပြည့်ကျော် ၂-ရက်နေ့ ငွေတောင်ကရင် ပဗ္ဗတဒေဝရာဇာ,ဘွဲ့ခံ ကြက်ဖိုးကြီး က ရွှေစက်တော်အောက် သမီးကညာ အဆက်အသ ရောက်သည်ကို ရှေးစော်ဘွားမြို့စားတို့ သမီးကို ဆက်သွင်းသည့် နည်း ဆက်သွင်းရ၏ ဟု ၎င်းစာအုပ် မျက်နှာနံပါတ် -၁၁၅၅ တွင်ပါသည်။

ပဥ္စမသင်္ဂါယနာတင် ဘုရင်မင်းတရား လက်ထက် သက္ကရာဇ် ၁၂၂၅—ခုနှစ် ကဆုန်လ ငွေတောင်ကရင် ကြွေ့ကလေး နေမျိုးသေဉ်လုံရန်အောင်က ဆင်ပေါက်ခြောက်စီး ဆင်မတစီး ဆင်စွယ်များနှင့် သားငခန်းကျူးကို ဆက်သ၍ ခြေရင်း တော်တွင် မြဲစွဲ ထမ်းရွက်စေသည်ဟု ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး စာအုပ် မျက်နှာနံပါတ်-၁၄၁၁ တွင်ပါသည်၊ ဤအထက်ပါ ရာဇဝင် စကားများကို ထောက်၍ ကရင်နီလူမျိုးတို့သည် ရှမ်းပြည် ငွေတောင် စသော အရပ်ဒေသ၌ ရှမ်းတို့မှ ဆင်းသက်ပေါက်ဖွါး၍ ထီးရံနန်းရံ စော်ဘွားကြီးများ ရှိကြောင်း ကို ကောင်းစွာသိရပေသတည်း၊ ထိုကရင်နီ လူမျိုးမှာလည်းအမျိုးများစွာ ကွဲပြားကုန်သေး၏။

## ၁၀ ကရင်ဖြူများအကြောင်း

ကရင်ဖြူ သို့မဟုတ် ကရင်လည်မဲ့လူမျိုး တို့၏ကွဲပြားပုံနှင့်မူလ ဌာန ဆင်းသက်ပေါက်ဖွါးသော ဝံသတို့ကား၊ ကရင်ဖြူ သို့မဟုတ် ကရင်လည်မဲ့သည် (၁)တောင်ပေါ်ကရင် (၂)ကွင်းကရင် ဟု နှစ်မျိုးရှိ၏၊ တောင်ပေါ်ကရင်သည်လည်း (၁)အရှေ့တောင်ပေါ်ကရင် (၂)အနောက်တောင်ပေါ်ကရင်ဟု နှစ်မျိုးပင် ရှိလေ၏၊ ထိုတောင်ပေါ် ကရင်သည်ပင် အယဉ်နှင့်အရိုင်း

နှစ်မျိုးကွဲပြန်သည် ထိုအယဉ်အရိုင်း နှစ်မျိုးတို့တွင်၊ အရိုင်းကရင်လူမျိုးတို့ကို "ရှောင်"ဟူ၍ရင်း၊ "ပွါကညော" ဟူ၍ရင်း "ဘမာကရင်"ဟူ၍ရင်း ခေါ်ကြသည်၊ အယဉ်ဖြစ်သော ကရင်လူမျိုးတို့ကို "ဟဖလုံ"ဟူ၍ရင်း "ပွါပို"ဟူ၍ရင်း "တလိုင်းကရင်"ဟူ၍ရင်း ခေါ်ကြသည်။

ကွင်းကရင့် လူမျိုးတို့မှာကား အယဉ်အရိုင်းဟူ ကွဲပြားခြင်းမရှိ (၁)ဖထီး ဘမာကရင် (၂)မိုးထီး တလိုင်းကရင် ဟူ နှစ်မျိုးကွဲပြားသည်၊ ထိုနှစ်မျိုးတွင် မြန်မာကရင်ကို အချို့သောဒေသ၌ ယဗိန်းဟူ၍ရင်း ဇဗိန်းဟူ၍ရင်း၊ ကွေ့ကရင်ဟူ၍ရင်း အမျိုးမျိုး ခေါ်တတ်ကြသည်၊ မည်မျှလောက်ပင် ကွင်းကရင်လူမျိုးတို့ ကွဲပြားသော်လည်း ထိုကွင်းကရင် လူမျိုးတို့သည် မြန်မာပြည် တလိုင်းပြည်၌ပေါက်ဖွါးကြ၍ မြန်မာလူမျိုး-တလိုင်းလူမျိုးတို့မှ ဆင်းသက် ဆက်နွယ်၍ ပေါက်ဖွါး လာကြကုန်၏။ သို့ကြောင့် မြန်မာကရင် လူမျိုးတို့၏ မူလဒေသကား ပြည်မြို့အနောက်ဘက် ရောဝတီမြစ်ကမ်း တလျှောက်နှင့် သံတွဲစသောတောင်စဉ်ခုနစ်ခရိုင် ကေတုမတီတောင်ငူပြည်၏ အရှေ့အနောက်ရှိ တောင်ရိုးတောင်တန်း တလျှောက်တည်း။ ထိုမြန်မာ ကရင်တို့၏ မူလဝံသကား မြန်မာလူမျိုးတည်း။ တလိုင်းကရင် လူမျိုးတို့၏ မူလဒေသကား ကရဏ္ဏကတိုင်း ခေါ် ရာမညတိုင်းတည်း။ ထိုတလိုင်းကရင်တို့၏ မူလဝံသကား မွန်တလိုင်းလူမျိုးတို့တည်း။

## ၁၁ ကရင်လူမျိုးတို့ ဒေသနှင့်ဝံသ

သို့ကြ၍ဆိုခဲ့သောအတိုင်း ကရင်လူမျိုးတို့၏ မူလဒေသနှင့် မူလဝံသကို ဆင်ခြင်ပြန်သော် အကျဉ်းအားဖြင့် ရှမ်းကရင် မြန်မာ

ကရင်၊ တလိုင်းကရင် ဟူ၍ သုံးမျိုး ရှိသတည်း။ ရှမ်းကရင်မှာ ရှမ်းပြည်၌မွေးဖွါး၍ ရှမ်းလူမျိုးတို့မှ ဆင်းသက်ပေါက်ဖွါးသည်။ ရှမ်းအစ ဘိန္နက၊ ဘိန္နကအစ တဂေါင်းက၊ တဂေါင်းအစ သာကီယ၊ သာကီယအစ မဟာသမတ၊ မဟာသမတအစ ကပ္ပဦးက ဥပပါတ်ဖြစ်လာသော ဗြဟ္မာလူမျိုးတို့ပင်တည်း။ မြန်မာ ကရင် လူမျိုးတို့ကား၊ မြန်မာလူမျိုးတို့မှဆင်းသက်သည်။ မြန်မာအစ တဂေါင်းက၊ တဂေါင်းအစ သာကီယ၊ သာကီယအစ မဟာသမတ၊ မဟာသမတအစ ကပ္ပဦး ဗြဟ္မာ လူမျိုးတို့ပင်တည်း။ တလိုင်းကရင်တို့ကား၊ တလိုင်းလူမျိုးတို့မှ ဆင်းသက် ပေါက်ဖွါးသည်။ တလိုင်းအစကာ မွန်မျိုးက မွန်အစ ဗြဟ္မာ၊ ဗြဟ္မာအစ ကပ္ပဦး ဗြဟ္မာလူမျိုးတို့ပင်တည်း။ ဤကား ကရင်လူမျိုးတို့၏ မူလရင်းဒေသနှင့် ဆင်းသက်ပေါက်ဖွါးလာသော မူလရင်းဝံသတို့ကို ပြ၍ မည်သည့် လူမျိုးမဆို၊ ကပ္ပဦးအခါ ဥပပါတ်ဖြစ်လာသော ဗြဟ္မာလူမျိုးတို့က စ၍ ပေါက်ဖွါးဆင်းသက်ကြောင်းကို ပြခဲ့သော စကားရပ်တည်း။

ကရင်လူမျိုးတို့တွင် ရာမညတိုင်း အရှေ့ပိုင်း တလိုင်းကရင်လူမျိုးတို့၏ ရာဇဝံသ မင်းဆက် မင်းနွယ်များ ရှေးကာလက ထင်ရှား ရှိခဲ့ဘူးသဖြင့်၊ မှတ်သားမိသမျှ သုတစုဆောင်း စာဟောင်းပေဟောင်း သမိုင်းဟောင်း ရာဇဝင်တို့တွင် ကရင်ရာဇဝင်လည်း တစောင်တဖွဲ့ တွေ့ခဲ့ဘူးသည်အတိုင်း အလိုင်းမကြီး, ခရီးမချွဲ မဖွဲ့နွဲ့ပဲ ပအိုဝ်ထောင်သူ ဘာသာဖြင့် ရှမ်းပြည်လုပ် မိုင်းခိုင်းစက္ကူတွင် မင်နက်နှင့်ရေးထားသော (ပိုင်တရောင်ဒိ) ခေါ် ဇယျမြို့ ကရင် ရာဇဝင်ကျမ်း ပဌမတွဲနှင့်၊ (ဒိရင်း)ခေါ် ပအို

ဝန်မှို့ ကရင်ရာဇဝင်ကျမ်း ဒုတိယတွဲကို တခုတည်းပေါင်းလျက် ပယ်ဖျက်သင့်သည်ကို ပယ်ဖျက်၊ ထည့်စွက် သင့်သည်ကို ထည့်စွက်၍ သုတေသန သုတစုဆောင်း သူတော်ကောင်းတို့ အကျိုး ငှါ မြန်မာဘာသာ သက်သက်ဖြင့် ရေးသား ပြန်ဆိုလိုက်အပ်သတည်း။

# အခန်း ၂။

## ၁၂။ သုဘိန္နမြို့နှင့် တိဿသက္ကမင်း

ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော အရှင်ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည် ဘိုးတော် အဥ္စနမင်းကြီး၏ ဖွားကြင်းသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အရုဏ်မတက်မီ ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်တော်မူသတည်း၊ သထုံပြည်သည် ကပ္ပါ ဦးမှစ၍ ရာမညရဋ္ဌ- သုဝဏ္ဏဘူမိ သုဓမ္မဝတီ သထုံပြည်ဟု တွင်ခဲ့ သော်လည်း ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူမီ အနှစ် ၂၀- လောက်တွင် ခေတ်ကာလအားလျော်စွာ ကရဏ္ဏကရဋ္ဌ သုဘိန္န နဂရဟု တွင်လျက်ရှိလေပြီ၊ ထိုခေတ် ထိုကာလက ရဏ္ဏကတိုင်း သုဘိန္နမြို့၌ တိဿသက္ကရာဇာ မည်သော မင်းကြီးနှင့် သီရိကပ္ပါ ဒေဝီမည်သော မိဖုရားကြီးတို့ နန်းစံလျက်ရှိကြကုန်၏၊ ထိုတိဿ သက္ကမင်းကြီးမှာ လေးစကြာတခု ရှိလေရာ ထိုလေးစကြာ၏ အ ကြောင်းကား၊ တခါတပါး ကရဏ္ဏကတိုင်းသား သဘောကုန် သည်တို့သည် သိမ္မိန်ဆကာမည်သော ကျွန်းသို့ ကုန်ကူးသန်းသွား လာရာ ထိုသိမ္မိန်ဆကာကျွန်း၌ ဝံဗိဥမှ ပေါက်ဖွါးသော သူငယ်တ ယောက်အား သိကြားနတ်တို့သည် ပေးဆက် ဆောင်နှင်းသော လေးစကြာကို သဘောကုန်သည်တို့တွေ့မြင်သော် အဝတ်အစား လက်ဆောင် ပဏ္ဏာ ပေး ပြီး လျှင်၊ ကျွန်ုပ်တို့၏ ကရဏ္ဏကတိုင်း သုဘိန္နမြို့၏အရှင်ဖြစ်သော တိဿသက္ကမင်းကြီးတွင် သုဝဏ္ဏဒေဝီ အမည်ရှိသော သမီးတော်တပါး ရှိပါသည်၊ ထိုသမီးတော်သည် အရွယ်အဆင်းနှင့် ပြည့်စုံသည့်ပြင် အသင်သူငယ်နှင့်လည်း ထိုက်

တန်လှပါသည်၊ သင်၏လေးစကြာကို ငါတို့အရှင်မင်းကြီးအား ဆက်သလိုက်ပါလျှင် အရှင် တိဿသက္ကမင်းကြီးက သမီးတော် နှင့်တကွ ရတနာ ရွှေငွေ-စသည်ကို ပေးပါလိမ့်မည်ဟု ပြောဆို တောင်းပန်ကြသဖြင့် ထိုသူငယ်၏ အထံမှ လေးစကြာကိုရခဲ့၍ မင်းကြီးအား ဆက်သကြလေ၏။

ထိုအခါ ကရဏ္ဍကတိုင်း သုဘိန္နမြို့ရှင် တိဿသက္ကမင်းကြီး သည် လေးစကြာကို ဆက်သလိုက်သော သူငယ်အား ကျေးဇူး တင်ရှိမှုမက ဝမ်းမြောက် နှစ်သက်တော် မူလှ၍ သမီးတော် သုဝဏ္ဏကုမာရီကို သုဝဏ္ဏဒေဝီဟု ဘွဲ့ပေးလျက် ပညာ သိပ္ပအမည် ရှိသော အမတ်ကြီးကိုအုပ်ချုပ်စေ၍ သင်္ဘောသား သူရဲပေါင်း ၅၀၀ (ငါးရာ)စီးပါသော သင်္ဘောခုနှစ်စင်းတွင် ရတနာ၇ခုနှစ်ပါး ရွှေငွေစသော မင်းသုံးမင်းဆောင် ပဏ္ဏာကာ ရများပါ သုဝဏ္ဏ ဒေဝီမင်းသမီးကို တင်၍ ထိုသူငယ်၏နေရာ သိမ္မိန်ဆကာကျွန်းသို့ သွားစေ၍ သမီးတော်ကို ထိုသူငယ်နှင့် ထိမ်းမြားပြီးလျှင် ထို ကျွန်း၌ပင် မြို့ပြတည်ထောင် ထီးနန်းစိုက်ထူ၍ မင်းပြုနေစေရန် လွှတ်လိုက်လေသတည်း၊ သုဝဏ္ဏဒေဝီ မင်းသမီးတို့သည် ထိုသူငယ် နေသော သိမ္မိန်ဆကာ ကျွန်းသို့ သင်္ဘော ခုနှစ်စင်းဖြင့် သွား၍ ရောက်လေလျှင် ကျွန်းပေါ်သို့ တက်၍ သင်္ဘောသား စစ်သည် သူရဲ အချို့တို့နှင့် ပညာသိပ္ပ အမတ်ကြီးကို စေလွှတ်၍ လေး စကြာကို ဆက်သလိုက်သည့် ဝိဇ္ဇာမှ ပေါက်ဘွားသော သူငယ် ကို ရှာဖွေကြစေရန် စေလွှတ် လိုက်လေ၏၊ ထိုအခါ သင်္ဘော ခုနှစ်စင်းတို့၏ အလံများကို မြင်ရခြင်း မိမိရှိရာသို့ ရှေ့ရှု လာ နေသော ပညာသိပ္ပအမတ်ကြီးနှင့်တကွ သူရဲသူခက်တို့ကို မြင်ရ ခြင်း စည်သံ- ဒုံမင်းခရုသင်းနှင့် ခွက်ခွင်း စသား အသံများကို

ကြားရခြင်းတို့ဖြင့် မတွေ့မြင်ဘူး မကြားဘူးသော အထူးအဆန်းတို့ကို ကြားမြင်တွေ့ရှိရ၍ ထိတ်လန့်တုန်လှုပ်လျက် ကြောက်ရွံ့လှသဖြင့် တောနက် တောင်တန်း စိမ့်စမ်းကြီးရာ မဟာမြိုင်တလျှောက်သို့ ထွက်ပြေး ပုန်းရှောင်ရှာလေ၏။

ထိုအခါ ပညာ သိပ္ပ အမတ်ကြီး တို့ကလည်း မင်းသမီး၏ အမိန့်အရ ထိုသူငယ်နှင့် တွေ့ရအောင်ခြေရာခြေကြောင်းခံလျက် ရှာကြံ၍ လိုက်ကြလေကုန်၏၊ သူငယ်မှာလည်း ကြောက်အားကြီးလှ၍ ထိုသူတို့နှင့် မတွေ့ရအောင်ပုန်းရှောင်ရှာလေသတည်း ထိုနည်းဖြင့် နောက်ဆုံးတွင် ထိုသူငယ်၏ ကံကြမ္မာမှာ သုဝဏ္ဏာဒေဝီ မင်းသမီးနှင့် ဖူးစာချင်း ယှဉ်ပြိုင်လျက် ထီးနန်းကို အုပ်ချုပ်၍ မင်းလုပ်ရန် ပုဉ်းကံမရှိသဖြင့် ဥမင် ဇာတ်တော်တွင်၊ ပိဏ္ဍိတ္တရလုလင်နှင့် ဥဒုမ္ဗရဒေဝီကဲ့သို့ မဟေသီလောင်း သုဝဏ္ဏာဒေဝီနှင့် မတွေ့ရပဲ ထွက်ပြေးရင်းတွင် သစ်ပင်ကြီး တခုပေါ်သို့ တက်၍ ပုန်းလျှိုးနေရာမှ များစွာသော စပ်သည်သူရဲ အပေါင်းနှင့် စည်သံမောင်းသံ စသည်ကို နီးသည်ထက် နီးကပ်စွာရောက်လာတွေ့ရှိ ကြားသိရသည့်အတိုင်း မူးမိုက်တွေဝေလျက် မေ့လျော့၍ နေစဉ်ပင် သစ်ပင်ထက်မှ လိမ့်ကျ၍သေလွန်ရရှာလေ၏၊ ထိုကဲ့သို့ ဖြစ်ပုံ အလုံးစုံသောအကြောင်းမျိုးကို သုဝဏ္ဏာဒေဝီ မင်းသမီးကြားသိတော်မူလေလျှင် ထိုသူငယ်၏ အလောင်းရှိရာသို့ သွားပြီးလျှင် ဤသူငယ်၏ အလောင်းသည် ခမည်းတော် တိဿသက္ကမင်းကြီးက ငါ့အား ဤကျွန်းသို့ လွှတ်လိုက်သည်မှာ ဤသူငယ်နှင့် ထိမ်းမြား၍ မိဖုရားပြုလုပ်စေရန်ဖြစ်သောကြောင့် ကံနှစ်ဖြာ မတူမျှကြ၍ ပေါင်းသင်း ဆက်ဆံခြင်း မပြုရသော်လည်း ငါမူကား သူ၏မယားလျှာပင် ဖြစ်ချေသည်၊ သို့ရာတွင်

သူ့အထင်လွဲရှာ၍ ကံကြမ္မာအလျောက် သေရှာလေသည်ဟု ရင်ထုမနာ လွန်စွာ သနားခြင်း ဝမ်းနည်းခြင်းနှင့်တကွ စိတ်နှလုံး မသက်မသာ ဖြစ်ပြီးလျှင် ငါ၏လင်လျှာသည် မသာလောင်း ဖြစ်ချေပြီဟု စိုးရိမ်ပူဆွေးငိုကြွေးမြည်တန်းလျက်ထုံးတမ်းဓမ္မတာ အတိုင်း သိုက်မြိုက်ခမ်းနားစွာ မသာတော်ကိစ္စကို သင်္ဂြိုဟ်ခြင်း ပြုရှာလေ၏။

## ၁၃။ ကော့သိမ်ဆကာကျွန်းအကြောင်း

ထိုဝံဗိုဥမှဘွားသော သူငယ်၏အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးနောက် သုဝဏ္ဏဒေဝီ မင်းသမီး သည်လည်း ခမည်းတော်၏ ထံသို့ပြန်ရမည်မှာလည်း လွန်စွာရှက်လှသဖြင့် ထိုကျွန်း၌ပင်လျှင် မြို့ပြတည်ထောင်၍ မိမိကိုယ်တိုင် အုပ်ချုပ်လျက်မင်းလုပ်၍နေလေသတည်း၊ သုဝဏ္ဏဒေဝီမင်း မိန်းမနှင့်တကွ ပညာသိပ္ပအမတ်စသော သူတို့သည် မွန်လူမျိုးဖြစ်ကြသည့်အတိုင်း မြို့ကိုလည်း ပဌမက မွန်ဘာသာဖြင့် ကျွန်းလည်းကော့သိမ်ဆကာ ဖြစ်၍ ချင်သိမ်ဆကာဟု မှည့်ခေါ်ကြသည်။ ။ဤကားသထုံ ရာဇဝင်ပေါင်းချုပ်ကျမ်းက စကားတည်း။

ထိုကျွန်းနှင့်တကွ ထိုမြို့၏တည်ရာသည် ယခုကာလ မည်သည့်နေရာ ဌာနပါနည်းဟု သမိုင်းဟောင်း ရာဇဝင် စသည်ကို လိုက်စားသူတို့၏ မေးမြန်းဘူးသည်ကိုခံရ၍ စုံစမ်းရှာဖွေ အထွေထွေသော သမိုင်းရာဇဝင်နှင့်တကွ ဗဟုသုတများသော ရဟန်းရှင်လူတို့အား မေးမြန်းသောအခါ အမျိုးမျိုးရေးသား ပြောကြားကြသည်ကို ကြားသိတွေ့ရှိ ဖတ်ရှုရပေသည်၊ အချို့သောဆရာတို့က-ဒလ မြို့ဟောင်းနယ် တွံတေးမြို့ဟောင်းနယ်တို့၏တည်ရာ

ကျွန်းကြီးသည် ရှေးကာလက သိမ်ဆကာကျွန်းခေါ်သည်၊ ထို ဆရာတို့၏ အထောက်သာခကေမှာ တွံတေးမြို့ ကန်ပွဲရွာ၏ အနည်းရှိ၊ မြို့ဟောင်းရာသည် သုဝဏ္ဏဒေဝီ မင်းသမီးသည် -လင် လျှာ ရည်းစားသေနှင့်၍ မုဆိုးမဖြစ်လျက် မြို့ပြတည်ထောင်၍ နေထိုင်ခဲ့ဘူးသောကြောင့် ယခုကာလတိုင်အောင် မုဆိုးမမြို့ဟု ခေါ်ကြသည့်ပြင် ဝိဗ္ဗုမှာသွားသော မောင်တီ၏ နေရာ၌ဘုရား တည်၍ ယခုတိုင် မောင်တီဘုရားဟူ၍ ရှိသည်။

## ၁၄ ကြိုက်ပါကြိုက်ဖူးဘုရားအကြောင်း

သုဝဏ္ဏဒေဝီမင်းသမီးနှင့် ဂံဗိုဥမှပေါက်သွားသော သူငယ်တို့ တွေ့ဆုံကြစဉ်က သုဝဏ္ဏဒေဝီမင်းသမီးက ကြိုက်ပါဟု ဆိုသော အခါ သူငယ်က ကြိုက်ဖူးဟု ငြင်းပယ်သော နေရာတို့၌ နောက် ကာလ လူများကဘုရားစေတီတည်ထားကြ၍ ယနေ့တိုင်အောင် ကြိုက်ပါကြိုက်ဖူးဘုရား ရှိပါသည်ဟု ပြောကြသည်၊ သို့ရာတွင် မုဆိုးမမြို့ခေါ်သော မြန်မာနာမည်နှင့် မြို့များကား အများပင် ရှိချေသည်၊ ရှိပုံကား မော်လမြိုင် ရာဇဝင်ဟောင်း စသည်၌ မှတ်ပိရာဇာမင်းကြီးအား အကောက်ကြံ၍ မသန့်သောမျက်နှာ သတ်ပုဝါကို ဆက်သသော ပန်ထွာမိဖုရား၏ နေရာဟောင်းမြို့ ကိုလည်း နောက်လူတို့က မြန်မာဘာသာမြင့် မုဆိုးမမြို့ဟုခေါ် ကြသည်၊ ထိုမြို့၏ တည်ရာဌာနကား မော်လမြိုင်၏ တောင် မှတ်ပွန်အရပ်၏ အနီး၌ရှိသော မြို့ဟောင်းရာတည်းဟု ညွှန်ပြ ပြောဆိုကြသည်တရပ်၊ ဘောင်တွင်းကြီးမြို့နယ် ယခုကာလ ပိသာနိုးဟူ၍၎င်း ပိသာတိုးဟူ၍၎င်း ခေါ်သောမြို့သည်လည်း သိရိခေတ္တရာ ရာဇဝင်ဟောင်းတွင် လာသောအတိုင်းစဏ္ဍမုခိ ဘီ

လူးမ-မှစ၍ မုဋ္ဌိုးမ မင်းပြုသော မြို့ဖြစ်သောကြောင့် မုဋ္ဌိုးမမြို့ ဟူ၍ပင် ခေါ်ကြသည်ဟု ပြောကြသည်တရပ်၊ ဤသို့စသော စကားတို့ကြောင့် မုဋ္ဌိုးမမြို့ဟုဆိုကာမျှနှင့် သို့မှိန်ဆကာ ကျွန်း သို့မှိန်ဆကာမြို့ဟု ယူရန်ခဲယဉ်းလှလေ၏။

မောင်တီဘုရားမှာ မြန်မာ ဘာသာဖြစ်၍ မောင်တီ တ ယောက်၏ အမည်ဖြစ်နိုင်သည့်ပြင်,တဖန် ကြိုက်ပါဘုရား ကြိုက် ဖူးဘုရားတို့၏၊ အမည်မှာလည်း မြန်မာဘာသာ သက်သက် မဟုတ်ပေ၊ ကျိုက်ဘုရား ပါ-နှစ်ခု၊ ပေါင်းလိုက်လျှင် ကြိုက်ပါ ဘုရားနှစ်ဆူ၊ တနည်း နှစ်ဆူတွဲဘုရားဟု အဓိပ္ပါယ်ရသည်၊ မွန်ဘာသာ- ကြိုက်ပါ, မြန်မာဘာသာ, ဘုရားနှစ်ဆူ တွဲဟု အဓိပ္ပါယ်ရသောအတိုင်း, ယနေ့တွေ့ရှိ သိမြင်ကြရသော ဘုရား စေတီတော် များမှာလည်း, နီးစပ်ပူးတွဲလျက်ပင် ရှိချေသည်၊ သို့ပင်ဖြစ်သော်လည်း, ကျိုက်ပါ-ဟူသော မွန်ဘာသာအသံနှင့်, ချစ်ပါ၏၊ အဓိပ္ပါယ်ကိုဆိုသော, ကြိုက်ပါဟူသော မြန်မာဘာ သာတို့, အသံတူ၍နေသောကြောင့်သာ, ကျိုက်ပါကို, မြန်မာ ဘာသာစကားမှတ်၍ သုဝဏ္ဏဒေဝီမင်းသမီးက ကြိုက်ပါ ဟု ဆိုသောနေရာ၌ ဘုရားတည်လေဟန်, ဘုရားနှစ်ဆူပူးတွဲယှဉ်ပြိုင် ၍ နေသည်ကိုမြင်ပြန်၍ မွန်တလိုင်းတဝက်, မြန်မာတဝက်, ကျိုက်ပူးဟု နောက်မှခေါ်ကြ၍ ကျိုက်ပူးက ကြိုက်ဖူးဟုဖြစ် လာဟန်တူပေသည်၊ ဆင်ခြင်ရန်တကြောင်းမှာ ယိုသုဝဏ္ဏဒေဝီ တို့၏၊ လက်ထက်ဆီ ကာလက ရာမညတိုင်း ဒဂုံဒလအရပ်တို့တွင် မြန်မာမျိုးလွန်းစွာ ရှားပါးလိမ့်ဦးမည်ဟု ထင်ပေသည်၊ သို့ ကြောင့် ကြိုက်ပါ ကြိုက်ဖူးဟူသောစကားသည်၊ မြန်မာစကား မဖြစ်နိုင်ပေရာ၊ ထိုသို့ဆင်ခြင်ပါလျှင်, ထိုဘုရားများ၏ ဘွဲ့တော်

အမည်ကိုစွဲ၍ သိမ့်နိဆကာကျွန်း, သိမ့်နိဆကာမြို့ကို သိရခက်လှပေ၏၊ အချို့သော မှန်ပညာရှိ လူပုဂ္ဂိုလ်, ရဟန်းတို့က ပြောကြားဘူးသည်မှာ ကော့သိမ့်နိဆကာ ဒုံသိမ့်နိဆကာ ဟူသည်ကားယခုကာလ ဘီလူးကျွန်းဟု ထင်ရှားသော ကျွန်းသည် ရှေးကာလက ကော့သိမ့်နိဆကာဟု ခေါ်ကြသည်၊ ထိုကျွန်းပေါ်တွင် တည်ရှိသော ကျိုက်မွန်နိုင်းဘုရား၏ အရှေ့တောင် ကလော့သောရွာ, သကျာရွာတို့၏ အနီး၌ရှိသော ဘီလူးကျွန်းမြို့ဟောင်းရာသည်၊ ရှေးကာလက ဒုံသိမ့်နိဆကာဟု အမည်တွင်ကြောင်းကိုပြောကြသည်။

ထိုမှန်ပညာရှိ၏၊ သက်သေသာဓကမှာ ထိုဘီလူးကျွန်း အရှေ့ပိုင်းတွင် တည်ရှိသော သကျောရွာ, ခေါက်ရပ်ရွာများသည် ဝံပို့ဥမှ ပေါက်ဖွားသော သူငယ်၏နေရာဌာနများဖြစ်၍ သိကြားနတ်တို့က လေးစကြာကို ပေးသောနေရာ၌ ရွာတည်သောအခါ, သကျာရွာခေါ်ကြောင်း၊ သုဝဏ္ဏဒေဝီ မင်းသမီးတို့ လာသည်ကိုမြင်၍ ကြောက်လန့် တုန်လှုပ်သောနေရာ၌ ရွာတည်ကြသောအခါ၊ ဒေါက်ရပ်ရွာဟု ခေါ်ကြသည့်ပြင် ထိုသူငယ်ထွက်ပြေး၍ သစ်ပင်ပေါ်မှ လိမ့်ကျလျက် သေသောအလောင်းကို ရှေခေါင်းနှင့်ထည့်၍ မြှုပ်နှံသင်္ဂြိုဟ်၍ ထားသောကြောင့်, ထိုသင်းချိုင်းရာ၌ သိုက်စာကျ၍ တူးဖော်ကြသောအခါ, ဥစ္စာစောင့်များ နှောင့်ယှက်၍ ယခုတိုင်မရကြပဲ ထင်ရှားရှိသေးကြောင်း, စသည်ကို ပြော၍ ရွာမည်, မြို့မည်, သင်းချိုင်းရာ စသည်ကို ပြလျက်, သိမ့်နိဆကာကျွန်း, သိမ့်နိဆကာမြို့ကို အသေအချာ ပြောကြ ပြကြလေသည်၊ ကျွန်ုပ်တို့ တွေ့ရှိဘူးသော သမိုင်းဟောင်း ရာဇဝင်စသည်တို့တွင်, မြန်မာ

သက္ကရာဇ် ၁၁၅၄-ခု တာကူးလဆန်း ၄-ရက်နေ့ ကစ၍၊ မုတ္တမမြို့နေမဟာပိန္နဲ ဘုန်းတော်ကြီးတွင် မွန်ဘာသာ အက္ခရာစားစောင်ရေ ၃၂-အင်္ဂါ၊ ၄၇-အင်္ဂါကို မြန်မာဘာသာပြန်ဆိုစေ, ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့် အတိုင်း, တောင်ဘီလူး, လူထွက်, ငပေါက်တို့ ပြန်ဆိုသည်တွင်, တလိုင်းသံတော်ခံ ကြပ်မ၍ ပြန်ဆိုစေသည့်, ရာမညတိုင်း သုံးရပ် ခေတ်တော်သမိုင်း ကျမ်းတွင်, ဘီလူးကျွန်း၌ ဓာတု စေတီတော်များအကြောင်းဟု ခေါင်းစဉ်တပ်ပြီးလျှင်, ဘီလူးကျွန်း၌ မြို့ နှစ်မြို့တို့တွင် ဒုံသိမ်ုင်းဆကာမည်သော မြို့၌ ခေတ်တော်တည်ရာ ဌာနကား "ကျိုက်ကလော့မည်သော စေတီ၌ ဆံတော်ရှင်ခေတ်တဆူ" စသည်ဖြင့် ထင်ရှားစွာ တွေ့မြင်ဖတ်ရှုရသောကြောင့် ၎င်းကျိုက်ကလော့စေတီ၏ တည်ရာဘီလူးကျွန်း အရှေ့ပိုင်း, ကျိုက်မှုးနိုင်း၏ အရှေ့တောင်တွင်, ယခင်မွန်ပညာရှိများ ညွှန်ကြားပြောဆိုကြသော ရွာများ၏ အနီးတွင်, ယခုကာလ တွေ့မြင်ရသော မြို့ပျက်ရာ, မြို့ဟောင်းရာသည်, ဒုံသမိုင်းဆကာမြို့ဖြစ်၍ သိမ်ုင်းနှင့် သိမ်နိလည်း အသံချင်းနီးလှ၍, ရှေးကာလက သိမ်ဆကာကျွန်း ဟူသည်, ယခုကာလ ဘီလူးကျွန်းပင်တည်းဟု ယူရန်သင့်သည်။

သို့ရာတွင် ကပ္ပါခေါ်သော မြေကြီးပေါ်တွင်, အမည်တူသော မြို့ရွာ မင်းမိဖုရား မှူးမတ်စသည် ပေါ်များလှ၍ မည်သူ၏စကားက မှားသည်, မည်သူက မှန်သည်ဟု, ဧကန်မဆုံး ဖြတ်နိုင်ပေရာ ကြိုက်နှစ်သက်ရာ ယူကြစေရန် မှတ်သားမိသမျှ သုတစကားသမိုင်းများကို ထည့်သွင်းဖော်ပြလိုက်ပါသည်။ဤမျှသော စကားစုကား ကရင်နှင့် မသက်ဆိုင်သော်လည်း ကရင် လူမျိုး

ရှင်ဘုရင်ပြုလုပ်ရန် မြို့ပြကို ပဋ္ဌမတည်ထောင်၍ပေးသူ ကရဏ္ဏက တိုင်းရှင် တိဿသက္ကမင်းကြီး၏ လေးစကြာနှင့်စပ်၍ ထိုတိဿ သက္ကမင်းကြီး၏ ပုဉ်းတော် ကံတော်ကြောင့်ဖြစ်ပေါ်လာသော လေးစကြာကို ပဋ္ဌမရရှိတွေ့မြင်သူ ဝံဗိုဥမ္မပေါက်ဖွါးသော သူငယ်၏နေရာ သိမ့်နိဆကာကျွန်းနှင့်တကွ ဒိသိမ့်နိဆကာ၏ တည်ရာဌာန စသည်ကိုပြလျက် ဗဟုသုတ ဖြစ်ကြစေရန် သုတစကား တဆင့်ကြားရုံမျှမက ဓာတုဝင် သမိုင်းခေါ် ရာမညတိုင်း သုံးရပ် ဓာတ်တော်သမိုင်းတို့နှင့်တကွ လက်တွေ့မျက်မြင် ထင်မြင်ချက် စသည်တို့ကို ဖေါ်ပြလိုက်သောစကားစုတည်း။

# အခန်း ၃

## ၁၅။ ဂျွန်းသူပုန်များ

တရုံရောအခါ အယုဒ္ဓယ ယော နက တိုင်းယွန်းပြည်ကြီးမှ စစ်သည် သူရဲပေါင်းများစွာတို့သည်, ချီတက်ဝင်ရောက်လာပြီးလျှင် ကရဏ္ဍကတိုင်း သုဝဏ္ဏမြို့ကို အထပ်ထပ် ဝန်းရံလျက်, စစ်သော်တည်းပြိုင်မည်လော, ထီးနန်းတိုင်းပြည်ကိုသော်လည်း အပ်မည်လောဟု စကားဆိုလာစေ၏။

ထိုသာသက္ကမင်းကြီးသည် သဘော်ကုန်သည်တို့ ဆက်သသော လေးစကြာဖြင့်, မြို့တွင်းမှနေ၍ ခုံတိုက်ခိုက်လေသော်, လေးစကြာ၏တန်ခိုးကြောင့် ယောနကတိုင်းသား ယွန်းသူပုန်များကို မကြာမတင် အောင်မြင်တော်မူ၏၊ ယခုကာလ "ယွန်း" သူပုန်ကို "ဂျွန်း" သူပုန်ဟုခေါ်ဝေါ်ကြလေ၏၊ အကြောင်းမူကား ယ, ဇ, ဂျ, အက္ခရာတို့၏အသံများကို အချင်းချင်း ပြောင်းလွဲလဲလှယ်၍ ပြောဆိုသုံးစွဲကြသည်၊ ဥပမာ ဂျာပန်ကို "ဂျပန်" ဟူ၍၎င်း "ဂျေပန်" ဟူ၍၎င်း "ဇာပန်" ဟူ၍၎င်း "ဇပန်" ဟူ၍၎င်း အမျိုးမျိုး ခေါ်ဆိုကြသည်။ တရုပ်လူမျိုးနှင့် ဂျပန်လူမျိုးတို့ကမူ "ယပွန်" ဟူ၍ရေးသား ပြောဆိုကြလေသည်၊ ရာဇ်ဓိရာဇ်အရေးတော်ပုံနှင့် မှတ္တမရာဇဝင်များတွင် "ဇဝါကုလား" ဟု ခေါ်ဝေါ် ရေးသားခဲ့သော်လည်း, ထိုလူမျိုးကို ယခုကာလတွင် "ဂျာဗာ" လူမျိုးဟု ခေါ်ကြလေသည်၊ "သခင်ယေရှု" ဟူသော အမည်သည်လည်း အရင်းမူလကိုကြည့်လျှင် **JESUS CHRIST** ဟူသောအင်္ဂလိပ် ဘာသာကို မြန်မာဘာသာဖြင့် "ယေဆုစ်-ခရစ်" ဟု ပြန်ဆိုရေး

သွားသဖြင့်"ဂျေ"မှဖြစ်ကြောင်းထင်ရှားလှ၏၊"ဂျာမနီ"လူမျိုးကိုလည်း "ဇာမနီ"ဟု ခေါ်ဝေါ်ကြ လေသည်၊ ထိုနည်းအတူ ရှေးရှေးသော အခါကာလ ရာဇဝင်များ၌ ယောနကတိုင်းသား ယွန်းလူမျိုး|အယုဒ္ဓယ တိုင်းသား ယိုးဒယားလူမျိုးတို့က သူပုန်ထ၍ မိမိတို့အပေါ်တွင် စိုးမိုးအုပ်ချုပ်သော သူများကို တော်လှန်ပုန်ကန်ကြသည်ကို အကြောင်းပြု၍, ယွန်းသူပုန်ဟုခေါ်ကြလေသည်၊ ထိုယွန်းလူမျိုးတို့က တန်ခိုးထက်မျက်၍, အနီး အနားရှိ တပါးသော တိုင်းပြည်နိုင်ငံများသို့, ထိပါးနှောင့်ယှက်တိုက်ဖျက် လာသည်ကိုလည်း, ယွန်းစစ် ရောက်လာသည်၊ ယွန်းသူပုန်ထသည်ဟူ၍ပင်, ပြောဆိုကြ၍ ထိုယွန်းသူပုန် ဟူသော စကားကိုပင်, နှောင်လာနောက်သား သဘင်သည် များတို့က "ယ" အက္ခရာကို "ဂျ"အက္ခရာသို့ ပြောင်းလျက်, ဂျွန်းသူပုန်ထသည်ဟု ပြောဆိုရေးသားကြလေသည်၊ဤကားဂျွန်းသူပုန်ဟူသည်သော စကား၏ မူလရင်းကို ဖော်ပြလိုက်သော, ထင်မြင်ချက်တည်း၊ ယွန်းသူပုန်တို့သည် စစ်ရှုံးချက်နာလှသဖြင့် လက်လွှတ်ထွက်ပြေး၍လွင့်ပါး ပျောက်ပျက်လေကုန်၏။

## ၁၆။ သံ့-သံ့ပန်း-သံ့ရာတို့၏သရုပ်

ကရဏ္ဏက တိုင်းပြည်ရှင် ဘုရင် တိဿ သက္ကမင်းကြီးသည်လည်း,သူပုန်တို့တပ်ပျက်၍ ထွက်ပြေးရာသို့ ကိုယ်တော်တိုင် စစ်သည်သူရဲ သံ့သိန်းတို့ဖြင့်လိုက် ထပ် တိုက်ခိုက်၍, လက်နက်ဆင်မြင်း သံ့ပန်းလူသူ ဖမ်းယူတော်မူလေ၏။ သံ့ပန်းလူသူ ဟူသောစကား၌ ရှင်ဘုရင်ကိုယ်တော်တိုင် တိုက်ခိုက်၍ လက်ရဖမ်းမိသော သူများကို"သံ့"ဟူ၍ခေါ်ရလေသည်။ တပ်မှူး စစ်ကဲ

စသည်တို့က လက်ရဖမ်း၍ရသောသူများကို၊ ရှင်ဘုရင်သို့ ဆက်သသောအခါ၊ ထိုအဖမ်းခံရသောသူများကိုမူကား "သုံ့ပန်း" ဟူ၍ ခေါ်ရလေသည်၊ စစ်သားမဟုတ်သော တိုင်းသူပြည်သား ယောကျ်ားမိန်းမတို့ကို စစ်အောင်နိုင်သောသူတို့က ဖမ်းယူခေါ်ဆောင်၍ သွားပြီးလျှင် အချို့ကို ကျွန်ပြု၍စေခိုင်းကြလေသည်၊ ထိုကျွန်ကို ပါဠိဘာသာ၌ "ကရမရာနိတ" ခေါ်သည်၊ မြန်မာဘာသာ၌ "သုံ့ရကျွန်" ဟုခေါ်သည် တစ်စုံတယောက် မိန်းမကို စစ်သည်သူရဲတို့က မယားပြု၍ထားပါလျှင်လည်း၊ ထိုမယားကို "သုံ့ရာမယား" ဟူ၍ပင်ခေါ်ကြလေသည်၊ အနု ၀ါသိန် စသော မယားမျိုး တို့တွင် ထိုသုံ့ ရာ မယားမျိုးကို "ဓဇာဟတ" မယားဟူ၍ ခေါ်ရလေသည်၊ သို့ရာတွင် ရှေးသောကာလများကပင်စစ် အတွင်း အောင်နိုင်၍ ဖမ်းမိသောသူများကို တိုင်းပြည် ချေမ်း၍ စစ်ပြေငြိမ်းကြသောအခါ၊ "သုံ့" "သုံ့ပန်း" "သုံ့ရာ" လူတို့ကို ခေါ်ဆောင်ဖမ်းယူခဲ့သော တိုင်းပြည်သို့ပြန်ပို့ကြမြဲထုံးစံရှိလေ၏ ဟိုဘက် သည်ဘက် ဖမ်းမိ ယူသွားသောသူများကို အချင်းချင်း လဲလှယ်၍ ယူကြလေကုန်၏၊ ဤကား သုံ့-သုံ့ပန်း-သုံ့ရာတို့၏ အထူးကို ဖေါ်ပြလိုက်သောစကားတည်း။

## ၁၇။ ဇေယျမြို့တည်ထောင်ပုံ

ထိုသို့ ဆိုကဲ့သည့်အတိုင်း နောက်ထပ်လိုက်၍ တိုက်ခိုက်သောအခါ၊ ကရဏ္ဍကတိုင်း နယ်စွန် နယ်ဖျား တောင်ကြားသို့ ရောက်တော်မူလေ၏၊ ထိုအခါ တိဿသက္က မင်းကြီးသည်၊ မိမိ၏ နိုင်ငံတော်အတွင်း၌ ယွန်း ယိုးဒယား ရန်သူတို့ကို တယောက်မကျန် သုတ်သင်နှိမ်နင်းတော်မူပြီးလျှင်၊ ထိုနယ်စွန် ပယ်ဖျား၌ တောင်

နှင့်မြောက် တန်းလျက် မြို့ရိုးစောင်ရန်း တံတိုင်းကြီး သဖွယ်,ဆီး ကာလျက်ရှိသော,ထိုအခါကာလက "ဒိုးဟန်" ခေါ်သော တောင် တန်းကြီး၏အနီး တခုသောတောင်ငယ်ပေါ်၌တပ်စခန်းချတော် မူ၍,ခုနစ်လကိုင်တိုင် အောင်သေသောက်လျက်,အောင်သားစား ပြီးလျှင်,အောင်ပွဲသဘင် ခံတော်မူသတည်း။

ထိုသို့ အောင်ပွဲသဘင်ခံလျက် စံနေတော်မူစဉ်အခါ တိဿ သက္ကမင်းကြီး အကြံတော်ဖြစ်သည်မှာ၊ ငါတို့ ကရဏ္ဏတိုင်းနှင့် အယုဒ္ဓယ ယောနက တိုင်းတို့စပ်ကြားတွင်, ဤ "ဒိုးဟန်" တောင် တန်းကြီးသည်, မြို့ရိုးတံတိုင်းကြီးသဖွယ် ဆီးကာလျက် ရှိလေ သည်၊ ဤတောင်တန်းကြီးတွင်လည်း, ငါတို့ကရဏ္ဏက တိုင်းမှ ယောနကတိုင်းသို့ရင်း,ယောနကတိုင်းမှ ငါတို့ ကရဏ္ဏက တိုင်း သို့ရင်း၊ထွက်ဝင် ကူးသန်းသွားလာရာ လမ်းခရီး သည် လည်း, ဤတောင်ကြားလမ်းကြီးတခုသာလျှင်,တံခါးဝသဖွယ်အကြီး အ ကျယ် အထင်အရှား ရှိလေသည်၊ ဤလမ်းကြီး၌ အစောင့် အ ရှောက် မရှိ၍သာလျှင်,ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ရထား၊ လှည်း စသည်တို့ဖြင့် သွားလာလွယ်ကူ၍ယွန်းယိုးဒယားလူမျိုးသူပုန်တို့ မကြာမကြာရောက်ပေါက်လာကြသည်၊ ဤလမ်းခရီး တောင် ကြားက အစောင့်အရှောက်ရှိပါမူ, ရန်သူတို့ ရောက် ပေါက် နှောက်ယှက်နိုင်မည်မဟုတ်၊နှောက်နှောင်အခါ၊ဤတောင်ကြား လမ်းခရီးမှ ယွန်း ယိုးဒယား သူပုန်တို့သည်, သားစဉ် မြေးဆက် အကူး အသန်း အသွား အလာ ခက်၍ မနှောင့်ယှက် နိုင်လေ အောင်,အကယ်၍ ရန်သူလာလျှင်လည်း နိုင်ငံတော်အစွန်အဖျား မှနေ၍ ခုခံကာကွယ်တိုက်ခိုက်ရလေအောင်,ဤမြို့ရိုးတံတိုင်းကြီး သဖွယ်ဘည်နေသော တောင်တန်းကြီး၏ ဖြတ်လမ်းအဝ၌ မြို့ပြ

တည်ထောင်၍,သင့်လျော်သော မှုးမတ်များကိုရွေးချယ်လျက် စောင့်ကြပ်နေထိုင်စေရလျှင်,ကောင်း၏ဟု အကြံတော် ဖြစ်လေသတည်း။

ဤသို့အကြံတော်ဖြစ်သည့်အတိုင်း မှုးမတ်များနှင့်စိုင်းပြင်တိုင်ပင် နှီးနှောတော်မူ၍ ထိုအောင်ပွဲသဘင် ခံတော်မူသောတပ်စခမ်း၌ပင်, မြို့ပြ တည်ထောင်တော်မူ၍ ရန်အပေါင်းကိုအောင်ရာ အောင်ကြောင်းဖြစ်သောကြောင့် "ဇယျ"မြို့ဟုသမုတ်လျက်, မိမိကိုယ်တော်တိုင် ခေတ္တ ထီးနန်းစိုက်ထူ၍ စံနေတော်မူ၏၊ ထိုဇယျမြို့ကို တည်ထောင်သော ခုနှစ်သက္ကရာဇ်ကား သိုးတော် အညွှန်မင်းကြီး၏ ဖြို့ကြွင်းသက္ကရာဇ်သစ် ၃၈ခု နှစ်တည်း။

ဇယျမြို့တော်သည် မြို့ရိုး ကျုံးမြောင်း-ပြအိုး တန်ဆောင်း ပြစ်စင် ယင်တား တံခါး တုရိုင်းတိုင် မော်ကွန်းတိုင် စသောမြို့၏ အင်္ဂါများနှင့်၎င်း, အိမ်ဈေး ပွဲကင်း လွှတ်တော် ရုံးတော်ဇသည်နှင့်၎င်း,ပြည့်စုံစေလျက် ဆင်သံ မြင်းသံ စသော အသံမျိုးတို့နှင့်လည်း,ပြည့်စုံသော နေပြည်တော်ကြီးဖြစ်လေသတည်း။

## ၁၈။ ခံမြို့အကြောင်း

ဤကရင် မြို့တော်ဟောင်း ဖြစ်ဘူးသော ဇယျ မြို့သည်, ကရဏ္ဏကတိုင်း သုဘိန္နမြို့ရှင် တိဿ သက္ကမင်းကြီး, တည်ထောင်ဖန်ဆင်းတော် မူစဉ်က, မိမိ၏ နိုင်ငံတော် အစွန် အဖျားတွင် ခံတပ်မြို့တော်၏အဖြစ်ဖြင့် တည်သောကြောင့်, ခံတပ်မြို့၏ အကြောင်းကို ယောအတွင်းဝန်ကြီးဟူ၍၎င်း,အဂ္ဂမဟာသေနာပတိဝက်မစွတ်ဝန်ကြီးဟူ၍၎င်း ကျော်စောထင်ရှားသော အမတ်ကြီးသည်,အကြီးအအုပ်ပိုလုပ်သူတို့အကျိုးငှါ ရေးသား စီရင်အပ်

သော "ရာဇမမ္မသင်္ဂဟကျမ်း" တွင်ပါသော စကားအတိုင်းသည့် သွင်းဘော်ပြလိုက်ဦးအံ့။

ခံမြို့ဟူသည်, ရှေးအခါ၌ရေကျင်းနှင့် ကျုံးဆူးငြောင့် ခလုတ်ချသော အခြေခံကျုံး,ဤသို့ကျုံးသုံးတန့်တို့ဖြင့်ကာရံ၍လေးထောင့်အဝိုင်း ပုံသဏ္ဍာန်ဖြင့်, မြို့ရိုးမတ်ယပ်နှင့် လုပ်ဆောင်ကြသော ခံမြို့တို့သည့်ယခုအခါ ဆုတ်ကပ် ကာလဖြစ်၍ လက်နက်တို့သည့်, အလွန်ကြီးမားတိုးပွါးကြသောကြောင့်,ရှေးအခါ ခံမြို့တို့သည့်,ယခုအခါ သိုးမွှေဆောင်းနိုင်ငံ၌ဖြစ်သော လက်နက် တို့ကို မခံနိုင်၊ယခုအခါ ခံမြို့တိုက်သင်္ဘောများကို ပျက်စီးအောင် ဖြစ်သော နောက်ထိုး"ရိုက်ဖတ်" အမြောက်တို့သည့် ကျည်အရှည်ထိပ်ချွန်,အတွင်းက အခေါင်းနှင့်ဖြစ်၍ မြန်မာချိန် ပိဿာနှစ်ရာခန့် သုံးရာခန့်ကြီးမားသော သံကျည်စေ့ဖြစ်သဖြင့် မြို့ကတုတ်ကို မှန်ပြီးနောက်, ထိုကျည်စေ့ကွဲပေါက်ပြန်၍ မြို့ရိုး ကတုတ်တို့သည် ပျက်စီးပြန်သဖြင့်,တာလေးရာ ငါးရာ ကွာသောအရပ်၌, ထူနှစ်မိုက်ရှိသော သံကိုးများကို ထိုကျည်စေ့ကိုသည် ဘောက်ထွင်းနိုင်၏၊မြို့ကတုတ်တို့ကို မှန်လျှင်လည်း,ဆယ်တောင် ဆဲ့ငါးတောင် စူးဝင်၍ ပေါက်ကွဲနိုင်၏၊ ထို့ကြောင့်ဤကဲ့သို့သော အမြောက်ဆံများကို ရပ်ခံနိုင် အောင်, ယခုနောက် အသစ် သိုးဆောင်းနိုင်ငံများတွင်,တိုးပွါးဖြစ်ထွန်းသော မှော်ပွင့် ကြာပွင့်သဏ္ဍာန် လုပ်သော သူရဲတို့၌,သံမဏိပြား သံတို့ကို အဆပ် ထပ်ကာရံထားသော ခံမြို့တို့သာ အကျိုးရှိသည် ခံနိုင်သည်၊ ဤခံမြို့တို့ဟူသည်လည်း, နိုင်ငံအလယ်မှာ မင်းနေပြည်အနီးမှာ ထားလျှင် အကျိုးမရှိ,ဤခံမြို့တိုင်အောင် ရန်သူရောက်လာက, ခံမြို့ကို မတိုက်ဘဲ ရောက်ပြီး ရပြီးသော နိုင်ငံကို ရန်သူတို့ ယူ၍ထား

လျှင်, ကျန်သောနိုင်ငံသည် အလိုလိုပျက်စီးရန်သာ ရှိသည်၊ ထို့ကြောင့် နိုင်ငံစွန် နိုင်ငံစပ်ကောင်းမွန်သည့် လမ်းပေါက် လမ်းဝတို့၌၎င်း,အခြားနိုင်ငံကို တိုက်ခိုက်သိမ်းယူ ဖိစီး နှိပ်နင်း အုပ်စိုးထားသော နိုင်ငံ၌၎င်း, ခံမြို့တို့ကို သင့်လျော်အောင် လုပ်ဆောင်၍ထားရသည်၊ အခြားလူမျိုးတို့ နိုင်ငံကို အလိုမတူဘဲ ဖိစီးနှိပ်စက် သိမ်းယူထားရာ၌,ထိုရသောနိုင်ငံကို အစောင့် အထိန်း အကြီးအကဲ အအုပ်ထားသော မှူးမတ် ရဲမက် လက်နက်ကိုင်တို့ ရပ်နေရန်ခံမြို့မရှိလျှင်,အလိုမတူဘဲ,တိုက်ခိုက်သိမ်းယူထားသောနိုင်ငံသားတို့ ထ၍ပုန်ကန်လျှင် သိမ်းယူပြီးသောနိုင်ငံ, ချက်ခြင်း လက်ကလွှတ်လိမ့်မည်၊ ရပ်တန့်ရန် ခံမြို့ရှိလျှင်, ခံမြို့တွင်းကရပ်ခံ၍ပြန်လှန်တိုက်ခိုက် သိမ်းယူနိုင်လျှင် ပြန်လှန် တိုက်ခိုက်သိမ်းယူရသည်၊ရဲမက်လက်နက်ကိုင်အားနည်း၍ ထကြွ ပုန်ကန်သူတို့အားကြီးလျှင်,ခံမြို့တွင်းက ခံ၍ ပြည်ရှင်မင်းထံ စာလူစေလွှတ် လျှောက်ထား ပြည်ရှင်မင်းကလည်း နှိမ်နင်းနိုင်အောင် ရဲမက်လက်နက်ကိုင် ဗိုလ်မှူးတပ်မှူး ဗိုလ်ချုပ်နှင့် တင်ပို့ ကူညီ တိုက်ခိုက်နှိမ်နင်း သိမ်းယူရသည်။

ဤသို့သော အထက်ပါ အကြောင်းများကို သိသော အင်္ဂလိပ် လူမျိုးတို့သည် မိမိတို့ တိုက်ခိုက်သိမ်းယူထားသော အိန္ဒိယ နိုင်ငံ ဘင်္ဂလား ဘုံဘိုင် မဒရပ်များမှာ ခံမြို့အသီးသီး လုပ်ထားကြလေသည်၊ မြန်မာမင်းများ လက်ထက်တော်က တိုက်ခိုက်သိမ်းယူထားသော တလိုင်းသုံးရပ်၏အောင်ရောဝတီမြစ်အနောက်ဘက် ရွှေတိဂုံဘုရား ပင်လယ်အထွက် သံလျင်မြို့နယ် မီးပြသီလဝါ အရပ်များမှာ ခံမြို့ ခံကတုတ် လုပ်ဆောင် ထားကြသည်၊ ၁၂၁၉-ခုနှစ် အိန္ဒိယနိုင်ငံအလုံး တပြိုင်နက်ထည်းထ၍ အင်္ဂလိပ်

လူမျိုးတို့ကို ပုန်ကန်ခြားနားရာ အင်္ဂလိပ်တို့သည် တည်ပြီးခံမြို့တွင်းသို့ ဝင်ရောက်ရပ်တန့်ပြီးလျှင် ရှင်ဘုရင်မကြီးထံ လျှောက်ထား၍ ကုလားဖြူဂေါရာ စည်းကြပ်ပြီး လူသုံးသိန်း ရှိသည့် အနက် လူရှစ်သောင်းကို အလျှင်အမြန် စေလွှတ်တော်မူ၍ တနှစ်ကျော် ၂-နှစ်မျှ တိုက်ခိုက်သိမ်းယူသည်၊ အကယ်၍များ ခံမြို့မရှိခဲ့ပါလျှင် ထိုစဉ်အခါကပင် အိန္ဒိယနိုင်ငံအတွင်းရှိ အင်္ဂလိပ်တို့ သေကျေပျက်စီးကုန်ရာသည်။

## ၁၆။ ခံမြို့၏အင်္ဂါများ။

ဤခံမြို့၌ မြို့၏အင်္ဂါခုနစ်ပါး, မြို့၏အစာ လေးပါးရှိသည်ကို သတ္တနိပါတ် အင်္ဂုတ္တရ အစရှိသော ပါဠိတော်များ၌ "ယတော ခေါ ဘိက္ခဝေ ရညော ပစ္စန္တိမံ နဂရံ သတ္တဟိနဂရပရိက္ခာရေဟိ သုပရိက္ခိတ္တံဟောတိ၊ စတုန္နံ စအာဟာရာနံနိ ကာမလာဘီဟောတိ၊ လ၊ ယတောခေါဘိက္ခဝေရညော ပစ္စန္တိမံနဂရံ အကရဏီယံ ဗာဟိရေဟိ ပစ္စတ္တိကေဟိ ပစ္စာမိတ္တေဟိ" ဟူ၍ဟောဘောဘ်မူသည် ထိုပါဠိတော်၏ အဓိပ္ပါယ်ကား၊ မြို့၏အင်္ဂါခုနစ်ပါး၊ ခုနစ်ပါးဟူသော်ကား၊ နက်စွာသောတွင်း၌ ကောင်းစွာ မြှုပ်စိုက် အပ်ကုန်သော မရွေ့မရှားကုန်သော မတုန်မလှုပ်နိုင်ကုန်သော ကျုံးထိပ်ကို၍ စိုက်အပ်ကုန်သော သစ်တပ်တို့သည် ရှေးဦးစွာ မြို့၏ အင်္ဂါဖြစ်၏၊ အစောက်နက်သည်လည်း ဖြစ်သော အနံ ကျယ်သည်လည်းဖြစ်သော ကျုံးသည် နှစ်ခုမြောက်သော မြို့၏ အင်္ဂါဖြစ်ခဲ့၏၊ မြင့်သည်မှုလည်းဖြစ်သော ကျယ်သည်မှုလည်းဖြစ်သော သူရဲပြေးသည် သုံးခုမြောက်သောမြို့၏ အင်္ဂါဖြစ်ခဲ့၏၊ ပြစ်လွှတ်အပ်သော လေးများ၊ မီးပေါက်, အမြောက်၊ သေနတ်၊ စသော

Zwe 3

"သပေါက"မည်သော လက်နက်ဓားရှည် မှပစ်လွှတ်ရသော ထား သိုလျှက်စသော "ဝေအိက" မည်သော လက်နက်ဓားရှည် ဤသို့ သော များစွာသော လက်နက်တို့ကို သိမ်းဆည်းထား အပ်သော လက်နက်မျိုးသည် လေးခုမြောက်သော ဤခံမြို့ အခြံအရံအင်္ဂါ ဖြစ်ကုန်၏။

များစွာသော ဗိုလ်ပါသူရဲ အပေါင်းတို့သည်ရှိကုန်၏၊ သူရဲ ဟူသည်လည်း (၁)ဆင်စီးသူရဲ (၂)မြင်းစီးသူရဲ (၃)ရထားစီး သူရဲ (၄)လေးစွဲသူရဲ (၅)စစ်ထိုးရာ အောင်လံကိုင်သူရဲ (၆)မင်း မှူးမတ် ဗိုလ် ရဲမက်တို့ကို သင့်တင့်ရာ ဌာနရာချထား စီမံတတ် သော သူရဲ (၇)ရန်သူရှိရာ ချွန်ချွန်ဝင်သွား၍ ရန်သူ၏ဦးခေါင်း ကို ဖြတ်ယူပြီးလျှင် ခုန်လွှားပြန်တက်နိုင်သောသူရဲ (၈)ရိုက္ခာပို့ သူရဲ (၉)စစ်အောင်ဘန်များ၍ ထင်ရှား ကျော်စောလေ ပြီး သော မင်းမျိုးသူရဲ (၁၀)စစ်တိုက်ရာ မည်သူ၏ဦးခေါင်းကိုဖြတ် သူမည် ရည်ညွှန်းပြောဆိုသည့်အတိုင်း ရန်သူပေါင်သို့ ပြေးဝင်၍ ဆိုတိုင်း ရန်သူ၏ ဦးခေါင်းကို ဖြတ်ယူနိုင်သောသူရဲ (၁၁)အမုန် ယစ်သော ဆင်ပြောင်ကြီးပင် ရင်ဆိုင်လာငြားသော်သည်း မ ဆုတ်မနစ် ရန်သူရှိရာ ရှေ့သို့သာ တက်သောသူရဲ (၁၂)လွှား ကာနှင့်တကွ သမုဒ္ဒရာကိုပင် ကူးနိုင်၏ဟု ရဲစွမ်းသတ္တိရှိသော သူ ရဲ (၁၃)သားရေချပ် ဝတ်ဆင်၍ စစ်ထိုးသောသူရဲ (၁၄)အား ကို စိတ်သန် လျင်မြန်ရဲရင့် စွန့်စား သော ယုံကြည် စိတ်ချရသော သူ ကျွန်တော်ရင်းသူရဲ ဤတကျိပ်လေးယောက်သော သူရဲမျိုး တို့ပေတည်း။

ဤအထက်အဆိုပါ သူရဲတို့သည် ငါးခုမြောက်သော ဤခံမြို့ ၏ အခြံအရံ အင်္ဂါတို့ဖြစ်ကုန်၏။

ပညာရှိသော လိမ္မာသော ထိုးထွင်း၍သိတတ်သော မသိသသူ လူစိမ်းတို့ကို တားမြစ်၍ သိသူတို့ကို သွင်းပေးတတ်သော တံခါးစောင့်သည် ခြောက်ခုမြောက်သော ခံမြို့၏ အခြံအရံ အင်္ဂါဖြစ်၏၊ မြင့်သည်မှုလည်းဖြစ်သော ကျယ်သည်မှုလည်းဖြစ်သော သစ်ငုတ်စိုက်ခြင်း လိမ်းကျံခြင်းနှင့် ပြည့်စုံသော မြို့ရိုးတံတိုင်းသည် ခုနစ်ခုမြောက်သော ခံမြို့၏အခြံအရံ အင်္ဂါဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသည်ကား၊ ခံမြို့၏အခြံအရံ အင်္ဂါခုနစ်ပါးတို့တည်း။

ခံမြို့၏ အထောက်အပံ့အစာတို့သည် လေးပါးတို့တည်း၊ လေးပါးအရ (၁)များစွာသော မြက် ထင်း ရေရှိရခြင်း (၂) များစွာသော သလေးမှယော အစရှိသော စပါးမျိုး ရရှိခြင်း၊ (၃)များစွာသော နှမ်း ပဲ မျိုးရရှိခြင်း၊ (၄)များစွာသော ထောပတ် ဆီဦး ပျား တင်လဲ ဆား တည်းဟူသော ဆေးရှိရခြင်း။ ။ ဤလေးပါးတို့တည်း။

ဤသို့ နိုင်ငံအစွန်အဖျား၌ရှိသော ခံမြို့ကိုမြို့၏အင်္ဂါအရံခုနစ်ပါး, အစာလေးပါး, ဆိုလတ္တံ့သော သူရဲမျိုး တဆံ့သုံးပါးတို့နှင့် အပြည့်အစုံ ရှိစေရမည်ဟူ၍ ဘုရားသခင် ဟောတော်မူသောကြောင့် ရှေးအထက်ထက်ကပင် ခံမြို့မည်သည် နိုင်ငံအစွန်အဖျားမှာသာ ထားသင့်ကြောင်း သိသာထင်ရှား လေသည်။

ဤခံမြို့သည်လည်း နိုင်ငံ၏ အင်္ဂါခုနစ်ပါးတို့တွင် ကားအပါအဝင် ဖြစ်လေသည်၊ နိုင်ငံ၏ အင်္ဂါ ခုနစ်ပါး ကို နောက်မှ ပြဦးမည်။

ဤကား ခံတပ်မြို့နှင့်စပ်၍ ယောမင်းကြီး၏ စကားကို အကျဉ်းမျှ လိုက်ခြင်းပေတည်း။

---

# အခန်း ၄။

## ၂၀။ ဗျည ားဣန္ဒကို မင်းမြောက်ပုံ

တိဿသက္ကမင်းကြီးသည် ဇယျမြို့တော်သစ်၌ ခုနစ်လ တိုင်တိုင် အောင်ပွဲသဘင်ခံလျက် စံနေတော်မူပြီးလျှင်၊ ကရဏ္ဏက တိုင်း သုဘိန္ဒမြို့တော်ဟောင်းသို့ ပြန်လည်၍ ကြွချီတော် မူအံ့ သောအခါ၊ ထိုဇယျမြို့၏ တည်ရာတောင်တန်း တောင်စဉ် တ လျှောက်၊ အရှေ့ဘက် အနောက်ဘက်၌ နေသော လောလူမျိုး လဝလူမျိုး၊ တလိုင်းလူမျိုး၊ကရင်လူမျိုးတို့ အပေါ်တွင်၊ ဩဇာ အာဏာကြီး၍ ရဲစွမ်းသတ္တိရှိသူအမှုထမ်း သူရဲကောင်းကြီး ကရင် လူမျိုး"ဗျည ားအိန္ဒ"ဆိုသူကို"စောဗျည ားဣန္ဒသေနရာဇာ" ဟု ဘွဲ့ပေးတော်မူ၍ မင်းမြောက် တန်ဆာ ငါးပါးနှင့် တကွ ချီး မြှောက်တော်မူပြီးလျှင်၊စစ်သည် သူရဲတသိန်းခန့်နှင့်အစောင့် အ နေ ခန့်ထားတော်မူခဲ့၍၊ထီးရံနန်းရံ မြို့စားစော်ဘွားကဲ့သို့ မင်းပြု စေလျက်၊မိမိ၏ မြို့တော် ဟောင်းသို့ ပြန်လည် ကြွသွားတော် မူလေ၏။

"မင်းမြောက်တန်ဆာ ငါးပါးနှင့်တကွ ချီးမြှောက်တော် မူခဲ့ရာ"၌၊မင်းမြောက်တန်ဆာငါးပါး ဟူသော်ကား၊ သားမြီး ယပ်လည်းတပါး၊သင်းကျပ်လည်းတပါး၊ သံလျက်လည်း တပါး၊ ထီးဖြူလည်းတပါး၊ရတနာရွှေခြေနင်းလည်းတပါး၊ ဤငါးပါး တည်း။ ဤ မင်းမြောက်တန်ဆာ ငါးပါးသည် မုဂပက္ခဇာတ်၊ အဘိဓာန်၊သတ္တနိပါတ်၊ သံကိစ္စဇာတ်၊ များ၌ လာသော မင်း မြောက်တန်ဆာငါးပါးတည်း။

သင်းကျပ်,ကို သင်းကျစ်,ဟူ၍လည်း ခေါ်ဝေါ်ခြင်း ပြုကြလေသည်၊ ထိုသင်းကျပ်,သည် "ဥဏှိုသ" ပါဠိမှလာသည်၊ မကိုဋ္ဌသည်လည်း "မကုဋ္ဌ" ပါဠိမှလာသည်၊ ၎င်းသင်းကျပ်,နှင့်မကိုဋ္ဌတို့မှာ, ဘက်တွဲလျက်လည်း ပြုလုပ် တတ်ကြသည်၊ ဥဏှောင်း၌ဆောင်းထားသော တန်ဆာကို မကိုဋ္ဌနဖူး၏အထက်ဆံစ,၌ ဆင်သော တန်ဆာကို နဖူးသင်းကျပ်, ခေါ်သည်၊ ထိုသို့ဆက်စပ် တွဲဖက်လျက်တည်ရှိခြင်းကြောင့်မကိုဋ္ဌကိုဆောင်းလျှင်ပင် မကိုဋ္ဌ၏,ရှေ့မျက်နှာအောက်အနားပတ်သည့်,နဖူးပြင်၏အထက်ဆံပင်စ,၌ အပြားလိုက်, ပတ်လျက် တည်ရှိသော နဖူးစည်းတန်ဆာသည် သင်းကျပ်, သင်းကျစ်ဖြစ်သဖြင့် သင်းကျစ်, သင်းကျပ် သည်လည်း ပါဝင်လေတော့၏၊ ထိုကြောင့် ယခု ကာလ မင်းတို့သည်, သင်းကျပ် ဆောင်း မင်္ဂလာကို တမျိုးမလုပ် တော့ဘဲ, မကိုဋ္ဌဆောင်း မင်္ဂလာ ဟူသော, သရဖူဆောင်း "ကရောင်း" "CROWN"စွပ်ပွဲကိုသာပြုလုပ်ကြလေသည်၊ "ကရောင်းစွပ်ပွဲ"ခေါ်-မကိုဋ္ဌဆောင်း မင်္ဂလာပွဲကို ဆင်ယင်ကျင်းပခြင်း သည်ပင်လျှင်, မင်းမြောက်တန်ဆာ ငါးပါး လုံးကို ဆင်ယင်သော မင်္ဂလာပွဲ တမြိုင်တည်းပြီးအောင် ပြုလုပ်ကြလေကုန်၏။

ဤကရင်ရာဇဝင်ကျမ်း၌ကား, မင်းမြောက်တန်ဆာ ငါးပါးနှင့်တကွ 'စောဗျညားဣန္ဒသေနရာဇာ' ဟု ဘွဲ့အမည်ကို ပေးခဲ့၍ ခံတပ်မြို့ဖြစ်သော 'ဇယျ' မြို့ကို အပိုင်စားပေး၍ အခွန်တော်ဆက်သရသော လက်အောက်ခံမင်း၏အဖြစ်ဖြင့်,မွန်လူမျိုး တိဿသက္ကမင်းကြီးက ကရင်လူမျိုး 'ဣန္ဒ' ဆိုသူကို ပေးခဲ့သတည်း။

ထိုမင်းမြောက်တန်ဆာများကို မည်သည့်ခါတွင် အသုံးပြုသည်ဟုမပါသော်လည်း,နောက်နိုင်ငံတော် ခြားနား၍ မင်းသီး

ခြား ပြုလုပ်သောအခါ, ရာဇဘိသေကပင်ခံလိမ့်ဦးမည် ဖြစ်၍ ထိုပေးခဲ့သော အခါကာလကစ၍ပင်, မင်္ဂလာပွဲကြီး ကျင်းပလျက်, မင်းမြောက်တန်ဆာ ဆင်ယင်သော သဘင်ကြီး ဖြစ်၍ 'ဇယျမြို့'ကို အုပ်ချုပ်လျက် မင်းလုပ်ပြီးလျှင် ကျေးဇူး သစ္စာတော်ကို စောင့်သိရှိသေလျက်,နှစ်စဉ် ဆင်ကြီး မြင်းကြီး သားသမီး စသော လက်ဆောင်ပဏ္ဏာတို့ကိုဆက်သ၍ တိဿသက္ကမင်းကြီး အသက်ရှည်သမျှ,လက်အောက်ခံ ထီးရံ နန်းရံ အဖြစ် ဖြင့် နေလေသတည်း။

ဤကား-မင်းမြောက်တန်ဆာ၏သရုပ်နှင့်တကွ ထင်မြင်ချက်များကို ပြသလိုက်သောစကားစုတည်း။

## ၂၁။ ဇယျမြို့-မည်ပြောင်းလဲပုံ

ထိုမြို့ကို ကရဏ္ဏကတိုင်းရှင် တိဿ သက္ကမင်းကြီးက ရန်အပေါင်းကို အောင်ရာအောင်ကြောင်း ဖြစ်သောကြောင့်'ဇယျ'မြို့ ဟုသမုတ်ခဲ့သော်လည်း,ထိုမြို့၌နေကုန်သော တလိုင်းကရင်လူမျိုးတို့က,ယောနကတိုင်းနှင့် ကရဏ္ဏကတိုင်းတို့၏အကြားတွင် တည်ရှိသော တောင်တန်းကြီး၏ဖြတ်လမ်း တံခါးဝ၏အနီး၌ တည်သောမြို့ဖြစ်၍ မိမိတို့၏ တလိုင်းကရင် ဘာသာဖြင့် 'ပိုင်တရောင်ချုင်'ဟူ၍၎င်း'ပံတရောင်ဒို'ဟူ၍၎င်း 'ဗံဒရောဝ့'ဟူ၍၎င်း ခေါ်ဝေါ်ကြကုန်၏၊ 'ပိုင်,ပံဗံ,'ဟူသော တလိုင်းကရင်ဘာသာကို မြန်မာပြန်ဆိုလျှင် 'အဝင်ဝ,တံခါးဝ,ပစပ်'ဟု အဓိပ္ပါယ် ရသည်၊ 'တရောင်,တရော,ဒရော'ဟူသော တလိုင်းကရင် ဘာသာမှာ, မြန်မာလို တံခါးဝဖြစ်သည်၊ 'ချုင်, စု,ဒို,ဓို,တို,'၏အဓိပ္ပါယ်မှာ မြို့ဖြစ်သည်၊အားလုံးပေါင်း၍ မြန်မာ ပြန်ဆိုလျှင် 'ပိုင်တရောင်

ချင်,တံခါးဝမြို့’ ‘ပံဘရောဒုံ,အဝင်ဝမြို့’ ‘ဗံဒရောမုံ,ပစပ်ဝမြို့’ ဟု အဓိပ္ပါယ်ရ၏၊ ဤကား တိဿသက္ကမင်းကြီးက ‘ဇယျ’မြို့ဟု မှည့်ခဲ့သော ‘ရန်အောင်’မြို့ကို, တလိုင်းကရင်တို့က မိမိတို့ဘာသာဖြင့် ‘ပိုင်တရောင်ချင်’ ‘ပံတရောဒုံ’ ‘ဗံဒရောမုံ’ဟုပြောင်းလဲ၍ ခေါ်ဝေါကြောင်းကို ပြသောစကားတည်း။

ထိုဇယျခေါ် ပိုင်တရောင်ချင် တံခါးဝမြို့၏ တည်ရာဌာနကား,ယခုကာလတွင် မော်လမြိုင် ခေါ်သော ကျိုက္ခမိ စီရင်စု ကော့ကရိတ်မြို့၏ အရှေ့တောင်, အင်္ဂလိပ် သုံးမိုင်ခန့် ဝေးသော မြို့ဟောင်းခေါ်ရွာ၏အနီး၌,တည်ရှိသော မြို့ပျက်မြို့ဟောင်းရာတည်း၊ ယိုးဒယားနယ်စပ်သို့ မီးရထားလမ်း ဖေါက်လုပ်ရန်လည်း ထိုမြို့ဟောင်းရာ၏ အနီးတောင်ကြား လမ်းမကြီးမှပင် ဖေါက်လုပ်သွယ်တန်းမည်ဟု တိုင်းတာ မှတ်သား၍ ထားလေသတည်း။ ။ဤကားအမှာ။

## ၂၂ မုဒ္ဓါဘိသေက၊ ရာဇာဘိသိတ်ခံပုံ။

ဘိုးတော်အဋ္ဌနမင်းကြီး၏ ဖြိုကြွင်းသက္ကရာဇ် ၁၁၀-ပြည့်နှစ်တွင် ကရဏ္ဍကတိုင်း သုဘိန္နမြို့၏ အသျှင် ဘုရင် တိဿသက္ကမင်းကြီးသည် ဇရာဒုဗ္ဗလဖြစ်၍ နတ်ရွာစံတော်မူလေ၏၊ ထို အခါ သုဘိန္နမြို့၌ မင်းဆက်ပြတ်လပ်ခိုက်တွင် ပိုင်တရောင်ခဲ့,ခေါ်ဇယျမြို့စား စောဗျညားဂုန္ဒသေနရာဇာ ကရ မင်းသည် နိုင်ငံတော်ခြားနား၍ တပါးသော မင်းတို့၏ လက်အောက်ခံ မဟုတ်ဘဲ ကိုယ်ပိုင်သီးခြားအုပ်ချုပ်လျက် မင်းလုပ်ပြီးလျှင် ထိုသက္ကရာဇ်

၌ပင် "သာမာဒေဝီ" မိဖုရားနှင့် ဘိသိက်ခံလျက် ထီးနန်းစံတော်မူလေ၏။

မြို့တည် နန်းတည်—မြို့သိမ်း နန်းသိမ်း သကြံ့တော်ခေါ် သိကြားရေစင်ခံ- ရာဇာဘိသေကခံထီးဆောင်းမင်္ဂလာ ဦးကင်တော်ဖွင့်၊ လွှတ်တော်သိမ်း၊ ပြဲတိုက်တော်သိမ်း၊ စသော အစီအရင်များတို့ကို "ရွှေနန်းတော် စာတမ်း"တွင် အကျယ်အားဖြင့် ဘော်ပြသည်၊ သို့ရာတွင် ဤ "ကရင်ရာဇဝင်ကျမ်း" ၌ကား "အဘိသိက်ခံလျက် ထီးနန်းစံတော်မူလေ၏" ဟူ၍သာ အကျဉ်းအားဖြင့် တွေ့မြင်ဖတ်ရှု ကူးယူခဲ့ရသည်၊ သို့သော်လည်း ရာဇာဘိသေက မုဒ္ဓါဘိသိက်ခံပုံ အစီရင်ကို တပါးသော ရာဇဝင်များ၌လာသည်အတိုင်း သင့်လျော်ရုံမျှ ဘော်ထုတ်၍ပြဦးအံ့။

**အဘိသိက်ခံရန် နန်းတော်၏ အစီအရင်ကား၊** အဘိသိက်ခံမည့် ဧကရာဇ်မင်း၏ လက်တော်နှင့် အလျားသုံးတောင်တမိုက် အနံ သုံးတောင် အထူလေးသစ် အခြေလေးခုတပ်၍ ပဒုမ္မာကြာပွင့်သဏ္ဍာန် ရွှေဖြင့် ရေးသော ရွှေသဖန်းသား ရွှေအင်းပျဉ်ကို မြေနန်းဦးကင်ထက် တည်၍ ဆန်းကြယ်စွာသော ကမ္ဗလာကို ခင်း၏၊ ရွှေသဖန်းပျဉ်အောက်၌လည်း နံ့သာမျိုး ငါးပါးကို အမှုန့်ပြု၍ထား၏၊ မဏ္ဍပ်လေးမျက်နှာ၌ ကြာသွတ်အိုး တလုံးစီကို ကွမ်းဗူး ကွမ်းလင် သပြေ မြေဇာ မုရား- ထည့်၍တည်၏၊ မဏ္ဍပ်အတွင်း၌ နေဘော်မူသည့် အရှေ့စူးစူး၌ ကြာသွတ်အိုး တလုံးရေပြည့် ရေပြည့် ကွမ်းဗူး ကွမ်းလင်သပြေ မြေဇာမုရား ထည့်၍တည်၏၊ ထိုမှတပါး အသီးအရွက် အမြစ်နှင့်ပြည့်စုံသော ငှက်ပျော လေးပင်စိုက်၏၊ ထိုအပါး၌ အုန်း ခိုင် ကွမ်းသီးခိုင်

ငှက်ပျောခိုင် အထူးထူးသော သစ်သီးပန်းမာလ်ဆီမီးတန် ဆောင်ထွန်း၏၊ မြူတာ တရာ့ရှစ်လုံး၌ ကွမ်းဗူးကွမ်းလင် သ ပြေ မြေဇာ မုရား ထည့်၍၊ မကျုပ်ဝန်းကျင် တည်၏၊ မကျုပ် ဝန်းကျင်၌ နို့ရည်ရှိသော ပဉ္စောင်သား သဖန်းသား တို့ ကိုစိုက်၏၊အရှေ့စူးစူး၌ တံခွန်ကြီး ဆောက်၏၊ ရွှေလင်ပန်း၌ သလေးထမင်း အမြိန်အရသာထည့်၏၊ အုန်းခိုင်၊ ကွမ်းသီးခိုင်၊ ငှက်ပြောခိုင်၊ဆီမီးတန်ဆောင် ပန်းမာလ် ကွမ်းလဘက် တို့ဖြင့် ထည့်၍ တန်ဆာဆင်သော ဆင်ပေါက်ထား၏၊ အရှေ့ တောင် ထောင့်၌တံခွန်ကြီးနှင့် ငွေလင်ပန်းတွင် ယခင်ဆိုခဲ့သော အတိုင်း ထည့်၍ တန်ဆာ ဆင်သော ဆိတ်မြန်မာကို ထား၏၊ .တောင် စူးစူး၌ တံခွန်ကြီးနှင့် သံလင်ပန်းတွင် အရသာမျိုးစုံနှင့်တန်ဆာ ဆင်သော ကျဲမကိုထား၏။ အနောက်တောင်ထောင့်၌ ခဲမလင် ပန်းတွင်,သားပြမ်းထမင်းနှင့် တန်ဆာဆင်သော လူအိမ်ထောင် စု ထား၏။အနောက်စူးစူး၌ တံခွန်ကြီးနှင့် ခဲမဖြူ လင်ပန်းတွင် အမြိန်အရသာနှင့် တန်ဆာဆင်သော မြည်းကိုထား၏။ အ နောက်မြောက်ထောင့်၌ တံခွန်ကြီးနှင့်ကြေးနီလင်ပန်းတွင် ပျား ရည်ဖြင့် ပြမ်းသော ထမင်းနှင့် တန်ဆာဆင်သော ထမင်းကို ထား၏၊ မြောက်စူးစူး၌ တံခွန်ကြီးနှင့် ရွှေလင်ပန်းတွင် အရသာ ငါးပါးပြမ်းသော ထမင်းနှင့် တန်ဆာဆင်သော မြင်းကိုထား၏ အရှေ့မြောက်ထောင့်၌တံခွန်ကြီးနှင့် ရွှေလင်ပန်းတွင် အမြိန် အရသာ ပြမ်းသောထမင်းနှင့် ဆိုခဲ့သောအစေ့အစုံထည့်၍ တန် ဆာဆင်သောနွားဥသဘကိုထား၏၊တံခွန်ကြီးအကြားအကြား၌ ငှက်ပျောပင်စိုက်၏၊ ဆီမီးတန်ဆောင်ညှိ၏၊ မင်္ဂလာရှိသော ဆင် မြင်းတို့ကို တန်ဆာဆင်၍ ရံစေ၏၊မင်္ဂလာရှိသော ဆင်မြင်း တို့

ဖြင့် မိန်ညိုဝတ်လျက် ရွှေကာ စွဲသောသူရဲ ရွှေလေး စွဲသောသူရဲ မိန်းညိုဝတ်သော သူရဲတို့ကိုရံစေ၏၊ ဤကား အဘိသိက်ရန် မြေနန်းတော်မဏ္ဍပ်၏အစီအရင်အခင်းအကျင်းတည်း။

အဘိသိက်ခံရန် မြေနန်းတော်မဏ္ဍပ်သို့ တက်ရန် အစီအစဉ်ကား၊ အဘိသိက်ခံမည့် မင်းကေရာဇ်သည့်, ဝတ်လဲတော် ပြသာဒ်ကသည် မင်္ဂလာနန်းတော်ကို လက်ျာရစ်လည်တော်မူ၍ မြေနန်းသို့ တက်တော် မူအံ့သော လမ်းကို တံခွန်ကြက်လျှာ ကြံ့ ငှက်ပျောအုန်းခိုင်၊ ထန်းခိုင်၊ ဆီမီးတန်ဆောင်တို့ဖြင့် ရတနာအတိပြီးသောယာဉ်ကိုစီးတော်မူ၍ ဆင်စီး မြင်းစီးတို့ဖြင့် ခြံရံလျက်, မင်္ဂလာနန်းတော်ကို လက်ျာရစ် လည်တော်မူ၍ မြေနန်းထံခါးသို့ ရောက်တော်မူလျှင် မင်းကေရာဇ်နှင့် ဇာတ်တူ မျိုးတူ ဖြစ်သော ပုရောဟိတ်တို့သည်, မြေနန်းတော်မှ ထွက်မြောက်၍ ‘ပုဦးတော် အလွန်ကြီး၍ သက်တော်အလွန်ရှည်၍ သာသနာတော် စီးပွား ကိုယ်တော်မြတ်စီးပွား ပြည်သူလူရဟန်းတို့စီးပွါး သားတော် အစဉ့်, မြေးတော်အဆက် မြစ်တော်အညွန့်တိုင်ရှည်မြင့်စွာ ဆောင်တော်မူစိမ့်သောငှါ၊ ဤသည့်မြေနန်းတော်ကို စီရင်သည်, တက်တော်မူပါ’ဟု ကောင်းချီးမင်္ဂလာပေး၍ ဩဘာစကား ပြောကြားသောအခါ, မြေနန်းသို့ တက်တော်မူ၍ လက်ျာရစ် လည်တော်မူပြီးမှ ကောင်းမြတ်သော မင်္ဂလာ အခါတော်၌ မုဒ္ဓါဘိသိက်နန်းသို့ ကူးပြောင်းတော်မူ၍ မြတ်သောပလ္လင်ထက် စံနေတော်မူပြီးလျှင်, တဖန် ရေသဖန်းပြာသဒ် မဏ္ဍပ်အတွင်းခင်းထားအပ်သော ဘဒ္ဒပိဋ္ဌရေသဖန်း အင်းပျဉ်တွင် စမ္ပါယ်တော် မူ၍ ဗြဟ္မဏမျိုးရိုး စစ်ပုရောဟိတ် ရှစ်ယောက်တို့သည် ‘ရာဇသျှ’တီ

ကျမ်း’တွင် လာသော အဘိသိက်ဂါထာများကို ရွတ်ဆိုလျက်, အဘိသိက်မြောက်ကြကုန်၍ လက်ျာခရုသင်း တို့ဖြင့် ဦးထိပ်၌ စိုက်၍ မင်းမြောက်ကန်ဆာငါးပါးနှင့် ထီးဖြူ ဆောင်းခြင်း, မြောက်စည်သံလွင်လက်ချပ် စည်ဝန်းစည်သေး တံပိုးခရာ ပြွေတံရှည် တံကောက်တို့ဖြင့် တီးမှုတ်၍,ကေရာဇ်မင်းမြတ်၏ ဘွဲ့အမည်တော်ကို ပုရောဟိတ်သို့က သမုတ်၍ ပုရောဟိတ်တို့ သည်လည်း ‘ရေနှင့် မြေကို အစိုးရတော် မူသော တရားမင်းမြတ်, မင်းတကာတို့ ကျင့်တော်မူရာသောတရားတို့ကို ကျင့်တော် မူလော့,ခပ်သိမ်းသောလူတကာတို့၏ စီးပွါး ချမ်းသာ ကိုလည်း ရှာတော်မူလော့’အလှူပေးခြင်း သိတင်းသုံးခြင်းကိုလည်း ကျင့်တော်မူလော့,ဟု ဆို၍ လက်ျာရစ် ခရုသင်းမှရေကို မင်း၏ ဦးထိပ်၌ သွန်းလောင်းကုန်၏၊ ဗြဟ္မဏ ပုရောဟိတ်တို့ အဘိသိက်သွန်းပြီး နောက်တဖန် ခတ္တိယကညာ မင်းသမီးစစ်တို့ သည်လည်း လက်ျာရစ် ခရုသင်းကို ကိုင်မလျက်, မင်း၏ ဦးထိပ်၌စိုက်၍ ‘ရေမြေကို အစိုးရတော်မူသော တရားမင်းမြတ်, မင်းတကာတို့ ကျင့်တော်မူရာသော တရားတို့ကို ကျင့်တော်မူလော့, ခပ်သိမ်းသော လူတကာတို့၏ စီးပွါးချမ်းသာကိုလည်းရှာတော်မူလော့, အလှူပေးခြင်း သိတင်းသုံးခြင်းကိုလည်း ကျင့်တော်မူလော့’ဟု ရွတ်ဆိုကုန်၍ ခရုသင်းဖြင့် ရေကို မင်း၏ဦးခေါင်း၌သွန်းလောင်းကုန်၏ မင်းသမီးတို့ပြီးပြန်လျှင် တဖန် သူဌေးကြီးတို့သည်လည်းမင်းသမီးတို့နည်းတူ လက်ျာရစ်ခရုသင်းတို့ဖြင့် မင်း၏ ဦးထိပ်၌ စိုက်၍ ‘ရေနှင့်မြေကို အစိုးရတော်မူသောတရားမင်းမြတ်,မင်းတကာတို့ ကျင့်တော်မူရာသောတရားတို့ကို ကျင့်တော် မူလော့, ခပ်သိမ်းသောလူတကာတို့၏စီးပွါး ချမ်းသာကိုလည်း ရှာတော်မူလော့

အလှူပေးခြင်း သီတင်းသုံးခြင်းကိုလည်း ကျင့်တော် မူလော့’ဟု ဆို၍ ခရုသင်းဖြင့် ရေကို ဦးထိပ်ထက်၌ သွန်းလောင်း၍ မုဒ္ဒါဘိသေက ရာဇာဘိသိက်ကို သွန်းလောင်းကြသောအခါ၊ ဘုရင်မင်းမြတ်သည် ရွှေကရားနှင့် ရေစင်သွန်းတော်မူ၍ ‘ဒါနအထူးထူးသော အလှူကိုပေးတော်မူသောအားဖြင့်, ဤသို့သော မြတ်သောမင်းအဖြစ်ကို ငါရတော်မူပြီ, ပြည်သူ ရဟန်းတို့၏ စီးပွါးချမ်းသာကို ရှာတော်မူအံ့သော, တရားနှင့်လျော်စွာလည်း ငါဆုံးမအံ့သော,ငါ၏ ကိုယ်ခတော်လည်း ရောဂါခပ်သိမ်း ကင်း၍ သက်တော်အလွန်ရှည်လိုသော,ရန်မာန်ခပ်သိမ်းကိုလည်းအောင်လိုသော,ဆင်ဖြူရတနာစသောရတနာမျိုးတို့ ရောက်စေသော’ဟု အဓိဋ္ဌာန်စကားကိုလည်း ပုဏ္ဏားမင်းသမီးသူဌေးကြီးတို့အားအသီးသီးမိန့်တော်မူပြီးမှ, မင်းသား၊မင်းသမီး၊ မင်းဆွေ၊မင်းမျိုး မှူးကြီး မတ်ရာ၊ထီးရုံ၊နန်းရုံ၊ စော်ဘွား၊ စော်ခံ၊ ပြည်သူ လူအပေါင်းတို့သည်, ရွှေပေါက်ပေါက် ငွေပေါက်ပေါက် တို့ဖြင့် ပူဇော်၍, ‘သက်တော် အလွန် ရှည်စေ သော, ဘုန်းတော် အလွန် ကြီးစေသော, ဆင်ဖြူ စသော ရတနာ ခုနစ်ပါး တို့သည် ရောက်စေသော, တိုင်းကားနိုင်ငံတော်လည်း ကျယ်စေသော, သာယာ စေသော’ ဟူ၍ ပူဇော်ပြီးမှ သူဌေးကြီးငါးပါး တို့သည်, ရွှေတွေ - ငွေတွေ - သံတွေ - ကြိမ်ခွေ အောင်းဖြူတို့ကို ဆက်ကုန် ပြီးသော်, မင်းမြောက်တန်ဆာ ငါးပါး တို့နှင့် တကွ, ရွှေမြူတာ ငွေမြူ တာ၌ ပရိတ်ချည်နှင့်တကွ, ကွမ်းအိုး ကွမ်းလင် သပြေ မြေဇာ သရက်ညွန့်တို့ကို ထည့်၍ ရွှေတော်ကဆောင်၍ သွားရသည်၊ မြေနန်းတော်အဘိသိက်မဏ္ဍာပ်ကသည်, မင်္ဂလာနန်းတော်ရောက်အောင် မြေ၌ သင်ဖြူးခင်း၍

သင်ဖြူးထက် ဖြူစင်စွာသော ပိတ်ပုဆိုးတို့ကိုခင်း၍ ဘုရင်မင်းမြတ်သည်, ပုဆိုးထက် လကျာခြေတော် ချီတော်မူ၍ အစဉ် အတိုင်း ကြွတော်မူ၏၊ လမ်းနှစ်ဘက်၌လည်းမင်္ဂလာရှိသော စကားတို့ကို ဆိုစေရ၏။

နန်းတော်အရှေ့စူးစူး၌ခဲမဖြူသံထား၏အရှေ့တောင်ထောင့်၌ မဟာပိန္နဲထား၏၊ တောင်စူးစူး၌ ကျောက်ပျဉ်ကျောက်သွားထား၏၊ အနောက်တောင်ထောင့်၌ကမ္ဗလာနီထား၏၊အနောက်စူးစူး၌ သမီးကညာရတနာ ရွှေ ငွေ နှင့် ကြောင်ကိုပိုက်၍နေစေ၏၊ အနောက်မြောက်ထောင့်၌ဖြူစင်စွာသော ထမင်း ဟင်း အမြိန်အရသာ အစုံထား၏၊ မြောက်စူးစူး၌ ခရုသင်းနှင့်ရေအပြည့်ထား၏၊ အရှေ့မြောက်ထောင့်၌ ရေအိုးကြီးငါးလုံးကို ရေပြည့်စေ၍ထား၏၊ အလယ်၌ဘုရားနှင့် ကျမ်းဦး ပိဋကတ်ထား၏၊ အောက်၌ မြင်းသားအမိ နွားသားအမိထား၏၊ မင်္ဂလာဆောင်းတန်းသို့ ရောက်လျှင် ရတနာသုံးပါး ဂုဏ်ကိုးပါး သမာဓိတည်သောနတ်,မြို့စောင့်နတ်, တို့အား ပူဇော်တော်မူပြီးလျှင်, ပုရောဟိတ်တို့ကို မေတ္တာပန်းကမ်းစေပြီးမှ လကျာခြေတော်ကိုချီတော်မူ၍ တက်တော်မူပြီးလျှင်, လကျာတံခါးကို ဝင်တော်မူ၍ မြတ်သောရတနာ နေရာထက်နေတော်မူ၍ ရတနာသုံးပါး,ဂုဏ်ကိုးပါး, သိကြား, ဗြဟ္မာ, စတုလောကပါလ, ဘုမ္မစိုး, ရုက္ခစိုး,အာကာသစိုး,သာသနာတော်ကို စောင့်သောနတ်,ကိုယ်တော်မြတ်၌စောင့်သောနတ်, သမာဓိနတ်, တို့အားပူဇော်တော်မူ၍ မနောလင်ပန်း၌ အမြိန်အရသာတို့ကို စားတော်ခေါ်ပြီးမှ ရွှေပလ္လင်ထက်နေတော်မူ၏၊ထိုအခါအထူးထူးသောက,ချေသဘင်တီးမျိုး

မှုတ်မျိုး က,ခြင်း သီခြင်း တီးမှုတ်ခြင်းတို့ဖြင့် ကြီးစွာသော သဘင်တော်ကို ခံတော်မူ၏၊ မင်းသား မင်းမြေး မင်းဆွေစိုးမျိုး မှူးကြီး မတ်နိုင်တို့ကိုလည်း, ထီးစည်သင်းကျစ်စလွယ် အဆောင်အရောင် အမည်မှိုပြ ကျေးရွာတို့ကိုပေးတော်မူ၏၊ ဤသို့စသော ဆုတော် လာဘ်တော်စသည်များကို ထိုမင်္ဂလာ အခါတော်ပြီးသည်နှင့်တပြိုင်နက် ပေးကမ်းတော် မူမြဲတည်း၊ ဤကားမုဒ္ဒါဘိသေက ရာဇာဘိသိက်ကို ခံတော်မူပုံစသည်များကို အကျဉ်း ပြခဲ့စကားစုတည်း။

ဤကရင်ရာဇဝင်ကျမ်းတွင် အကျဉ်းမျှသာပါ၍, ရာဇဝင်ဆရာ၏ ထင်မြင်ချက်တို့ကို အနည်းငယ် ဖြည့်စွက်လျက်, ရာဇဝင်လိုက်စားသူတို့၏ အကျိုးငှာ, ရေးသားထည့်သွင်း လိုက်ပါသတည်း၊ ဤကား - အမှာ။

# အခန်း ၅

## ၂၃။ စေဝဗျညားကူန္ဒသေနမင်းနိုင်ငံ သိမ်းခြားမင်းပြုခြင်း

ကရဏ္ဏကတိုင်း သုဘိန္နမြို့၌ တိသက္ကမင်းကြီး နတ်ရွာစံပြီး နောက်, ထိုမင်းကြီး၏ ကိတ္တိမမြေးတော်ကို ရသေ့ သိကြား ဝိဇ္ဇာဓိုရ်အားဖြင့် သူမြတ်သုံးပါးတို့နှင့်တကွ တိုင်းသူပြည်သား တို့ ညီညာ၍ မင်းမြှောက်ကြလေကုန်၏၊ ထိုမင်းသည် 'တိသမ္မ သီဟရာဇာ' ဘွဲ့ခံလျက် ကရဏ္ဏကတိုင်းသုဘိန္နမြို့ကိုလည်း,ကပ္ပဦး က အမည်ရင်းအတိုင်း ရာမညရဋ္ဌ သုဝဏ္ဏဘူမိတိုင်း သုဓမ္မဝတီ သထုံပြည်ဟု သမုတ်ပြီးလျှင်, တရားနှင့်အညီ မင်းပြုတော်မူ လေ၏။

ထိုအခါ ဗ်ဒရော့ - ဇယျမြို့ရှင် ဘုရင် စေဝဗျညားကူန္ဒ သေနရာဇာသည်, ကရဏ္ဏကတိုင်း သုဘိန္နမြို့ကို သုဝဏ္ဏဘူမိတိုင်း သုဓမ္မဝတီမြို့ဟု သမုတ်လျက်, တိသမ္မသီဟရာဇာ မည်သောမင်း နန်းကက်၍ မင်းပြုကြောင်းကို ကြားတော်မူလျှင်, မိမိ၏နိုင်ငံ တော်ကို ဇယျဘူမိရဋ္ဌတိုင်း ဒ္ဒါရုပူချမြို့ဟု သမုတ်တော်မူ၍ နိုင်ငံ ခြောက် အပိုင်းအခြားကိုလည်း ပိုင်းခြားသတ်မှတ်စေ၍ နိုင်ငံ တ ပါးနှင့် မိမိနိုင်ငံ အစပ်တွင်လည်း ကင်းတိုကင်းရှည်ထားလျက် တိုင်းဘပါးတို့က မလုပ်ခဲ့ချောက် မနှောင့်မယှက်နိုင်စေခြင်းငှာ မြို့ရံ ၆ ခြောက်မြို့ကိုလည်း တည်ထောင်စေ၍ ထီးရံ - နန်းရံမြို့ စားမင်းများကို နေစေလျက် နိုင်ငံတော် ချမ်းသာယာအောင် အုပ်ချုပ်တော်မူလေ၏။

## ၂၅။ တိုင်းနိုင်ငံမြို့၏အင်္ဂါ

အထက်ပါစကား၌ တိုင်းနိုင်ငံသီးခြား၍ ဘုရင်မင်းတပါး လုပ်ကြောင်းကို ပြသဖြင့်၊ နိုင်ငံ၏ အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံကြောင်းကို ကောင်းစွာသိရပေသည်၊ သိရပုံကား၊ တိုင်းနိုင်ငံတို့မည်သည်၊ အင်္ဂါ ခုနစ်ပါးပြည့်စုံရမည် ထိုအင်္ဂါခုနစ်ပါးကို မြို့၏အင်္ဂါဟူ၍လည်း ဆိုကြသည်၊တိုင်းနိုင်ငံမြို့၏အင်္ဂါခုနစ်ပါးတည်း၊ ခုနစ်ပါးဟူသော်ကား၊ (၁)ပြည့်ရှင်မင်းလည်းတပါး၊ (၂)ဆုံးဖြတ်စီရင်နိုင်သော အမတ်လည်း တပါး၊ (၃)တိုင်းနိုင်ငံလည်းတပါး၊(၄)ခဲယဉ်းသောမြို့ပြ ကျုံး မြောင်း ပစ်စင် ယင်လျောက်ရှိသော မြို့ရိုး ခံမြို့လည်းလည်းတပါး၊ (၅)ရတနာဆယ်ပါး စပါးမျိုး ခုနစ်ပါးတို့ဖြင့်ပြည့်သော ကျိုကျတိုက်ဘဏ္ဍာလည်းတပါး၊ (၆)ရဲမက်ဗိုလ်ပါလည်းတပါး၊ (၇)ပြည်တောင်ဘက်ခြင်းအဆွေခင်ပွန်း မင်းလည်းတပါး၊ ဤခုနစ်ပါးတည်း၊ မှန်နန်းရာဇဝင်တော်ကြီးတွင်ပါသော အဘိဓာန်ရာဇနီတိက စကားတည်း။

ယောမြို့စား ဝက်မစွတ် ဝန်ကြီး၏ စကားကို ပြဦးအံ့၊ ဤခုနစ်ပါးတို့တွင် မင်းကျင့်တရား ဆယ်ပါး သင်္ဂဟတရား လေးပါး အစရှိသည်တို့နှင့် ပြည့်စုံသော နိုင်ငံကို အုပ်စိုးသော သူသည် ပြည့်ရှင်မင်းမည်၏၊ ဤပြည့်ရှင်မင်းဟူသော နိုင်ငံ၏ အင်္ဂါတပါးမရှိလျှင် နိုင်ငံသည် မတင့်တယ်နိုင် နိုင်ငံသူအပေါင်းသည် ကိုးကွယ်ရာမဲ့ဖြစ်ရာ၏၊ လူအပေါင်းသည် အသီးသီး ကွဲပြားရာ၏၊ အမျိုး အကျင့်သီလ အတတ်ပညာစသည်တို့နှင့် ပြည့်စုံ၍ တိုင်းကျိုးပြည်ကျိုးကို ကောင်းစွာ ရွက်ဆောင်သော စစ်သူကြီး အစရှိသောသူတို့သည် မှူးမတ်အပေါင်းမည်၏၊ဤမှူးမတ်

အပေါင်းဟူသော အင်္ဂါကို ကင်းပြီးလျှင် နိုင်ငံမဖြစ်နိုင်၊ ရှမ်း ကရင် ကချင် မြန်မာ တရုပ် တရက် အင်္ဂလိပ် ပြင်သစ် ဤသို့ အစရှိသော လူတမျိုးတည်းစိနေသော အရပ်ဒေသ တခုစီတို့ သည် တိုင်း,တခုစီမည်၏၊ ဥပမာ မွန်တလိုင်းလူမျိုးတို့ နေရာ ရာမညတိုင်း, ပြူကမ်းယံ, သက် တို့နေရာ အပရန္တတိုင်း မြန်မာ လူမျိုး,ပြော့လူမျိုး,တို့နေရာ တမ္ဗဒီပတိုင်း ဧသည်တို့ကဲ့သို့တည်း ထိုတိုင်းကိုပင် ဇနပုဒ်လည်းခေါ်သည်၊ ထိုတိုင်းတခု အတွင်း၌ ဈေးနှင့်မြို့ရိုးမရှိဘဲ အိမ်အနည်းအများစု၍ နေသောရွာ ဈေး သာရှိ၍ မြို့ရိုးမရှိဘဲ အိမ်အနည်းအများစု၍နေသော နိဂုံး,ဈေး မြို့ရိုးတို့နှင့် ပြည့်စုံသော အိမ်အစုအဝေး တည်းဟူသော မြို့၊ ဤ ဆိုခဲ့သောရွာ နိဂုံး မြို့တို့သည် တိုင်းအကြီးအငယ် အားလျော် စွာ အများအနည်းရှိကြကုန်၏၊ နိုင်ငံမည်သည် ဤဆိုခဲ့ပြီးသော တိုင်းတခု နှစ်ခု စသည်ရှိမှ ဖြစ်နိုင်သည် မရှိလျှင် မဖြစ်နိုင် မြို့ ခံမြို့ကို နောက်ကဆိုခဲ့ပြီ၊ ထိုဆိုခဲ့ပြီးသော မြို့ရံ ခံမြို့ ဟူသော အင်္ဂါတပါး မြို့ရံ ခံမြို့ မရှိသော နိုင်ငံသည် မခိုင်လုံနိုင် ရာသည် ကို သိအပ်သည်၊ သို့ကြောင့် ဤဇယျာဘူမိတိုင်း ဒွါရပူရ မြို့ရှင် ကရင်မင်းကြီးသည်လည်း မိမိ၏ နိုင်ငံတော်ကို လုံခြုံစေရန် မြို့ရံ ခံမြို့ ၆-မြို့တို့ကို တည်ထောင်စေတော်မူသည်။

ကောသ,မည်သော ကျီကျတိုက်တော် မည်သည်ကား သမ္မာ ပါသတရားကို ကောင်းစွာ ဖြစ်ထွန်းစေရအောင်ငှင်း အကြီး အကျယ် စစ်မှုကိစ္စရှိလျှင် ရွှေငွေ ဥစ္စာ ပစ္စည်း ကောက်ကာငင် ကာ ရအောင်ငှင်း ရွှေငွေ,ရတနာ, ဆန်စပါးတို့ဖြင့် အပြည့် အနက် ကျီတော် တိုက်တော်များမှာ ရှိစေရမည်၊ ဤကျီကျ

Zwe 4

တိုက်တာ ဘဏ္ဍာဟူသော အင်္ဂါတပါးချို့တဲ့လျှင် နိုင်ငံများစွာ အကျိုးဆုတ်ယုတ်မည်ကို သတိထားအပ်သည်။

## ၂၆ လက်နက်ကိုင်သူရဲခြောက်မျိုး

ရဲမက် ဗိုလ်ပါလည်းတပါး ဆိုရာ၌ ရဲမက် လက်နက်ကိုင်တို့သည် ကာမန္ဒကီစသော နီတိကျမ်းတို့၌ ခြောက်မျိုးရှိကြောင်းကို အကျယ်ပြကြသည်၊ ခြောက်မျိုး သရုပ်ကား၊ (၁)အစဉ်အဆက် အမှုထမ်းမျိုးဖြစ်သော ယုံကြည်စိတ်ချရသော ကျေးရင်း ကျွန်ရင်း အမှုထမ်းများသည် "မောလ" အမှုထမ်း သူရဲမည်၏၊ (၂)မြန်မာပြည်တွင် မြန်မာမင်းတို့ လက်ထက်တော်များက ဇုကြီးခြောက်ကြောင်း စသည်တို့တွင် ဇုရင်း အမှုထမ်းများကဲ့သို့ အလှန်မာသည် ခိုင်ခံ့သည်ဖြစ်၍ အလှန်အလေးပြုအပ် ကြည့်ရှုစောင့်မအပ်၏၊ မည်သည့်မြို့ရွာကမဆို ကိုယ့်နိုင်ငံအတွင်း မိမိအမျိုးသားတို့ကို စစ်တိုက်စေရန် အခကြေးငွေ လစာရိတ်ခါ ပေးထားသော လက်နက်ကိုင် လူဟူသမျှတို့သည် "ဘူတ" မည်သော စစ်သည်သူရဲမည်၏၊လခစား လက်နက်ကိုင် ဆိုလိုသည်၊ (၃)ကိုယ့်နိုင်ငံအတွင်း မြို့ရွာတို့တွင် အရေးအကြောင်းကိစ္စရှိလျှင် ကောက်ကာငင်ကာရအောင် အသင့်ပြင်ဆင် စည်းကြပ်၍ထားသော လက်နက်ကိုင်သူရဲသည် "သေဏိဂ" မည်၏ အသင်းသား လက်နက်ကိုင် ယခုကာလအလို အရပ်ျထမ်းလက်နက်ကိုင် ဆိုလိုသည်၊ (၄)မဟာမိတ်နိုင်ငံသားတို့ကို ခေါ်ယူငှါးရမ်းပြီးလျှင် အခကြေးငွေပေး၍ အသင့်စည်းကြပ်၍ထားသော လက်နက်ကိုင်သူရဲသည်၎င်းမဟာမိတ်မင်းတို့ကအရေးအကြောင်းကိစ္စရှိ၍ စစ်ကူသော လက်နက်ကိုင်သူရဲသည်၎င်း "သခါ" မည်

၏၊ အဆွေခင်ပွန်း လက်နက်ကိုင်သူရဲဟု ဆိုလိုသည်, (၅)မိမိက အခြားလူမျိုး နိုင်ငံကို ဖိစီးတိုက်ခိုက် သိမ်းယူရရှိ၍ ရရှိသော နိုင်ငံသားတို့ သင့်လျော်ရာ စေခိုင်းမည်ဟု စည်းကြပ်၍ ထား သော လက်နယ်ကိုင်သူရဲသည် 'ရိပု'မည်၏၊ ရန်သူ လက်နက်ကိုင် ဆိုလိုသည်။

(၆)ငှက်သင့်တတ်သောအရပ် တောတောင်ကြီးမားရာအရပ် များကို တပ်ချီတက်ရာ တပ်ဦးကထား၍ ချီစေသင့်သော တော စဉ်—တောင်စဉ်များကို သိကျွမ်း နားလည်သော တောသူ— တောင်သား မူဆိုး စသည်တို့ကို အရေးအကြောင်း ကိစ္စရှိလျှင် ကောက်ကာ ငင်ကာရအောင် အသင့် စည်းကြပ်၍ ထားသော လက်နက်ကိုင် သူရဲသည် 'အဋ္ဌဝိက'မည်၏၊ တောသားလက်နက် ကိုင် သူရဲဟု ဆိုလိုသည်၊ ငါးရာ့ငါးဆယ်ဇာတ်တော်တွင် ဆဒ္ဒန် ဆင်မင်းဇာတ်၌ ဆဒ္ဒန်ဆင်မင်းကိုသတ်၍ အစွယ်ကို အယူစေ လွှတ်မည်ရှိရာ တောစဉ်-တောင်စဉ်ကိုသိသော ကာသိတိုင်း ဗာ ရာဏသီပြည်၌ တောသား မူဆိုး လက်နက်ကိုင် သူရဲ ခြောက် သောင်းရှိသည့်အနက် ယောကျ်ားအပြစ် တဆဲ့ရှစ်ပါး ရှိသော သောနုတ္တရမည်သော မူဆိုးကို သုဘဒ္ဒာမိဖုရားက ရွေးချယ်စီ စစ်၍ ဤသူကား ဆဒ္ဒန်ဆင်မင်းကို မညာမတာကေန်သတ်မည် ဟု စဉ်းစားဆင်ခြင် ရွေးကောက်တော်မူပြီးလျှင် ဘုရားလောင်း ဆဒ္ဒန်ဆင်မင်းကို သတ်ရန် စေလွှတ်ကြောင်းနှင့် ဇာတ်အထက ထာတွင် ဖွင့်ပြသည်။ ။ဤလက်နက်ကိုင်မျိုးကို 'အာဋ္ဌဝိက' တောသားလက်နက်ကိုင်ဟုဆိုသည်။

ဤသို့ ဆိုခဲ့ပြီးသော လက်နက်ကိုင် ခြောက်မျိုးတို့တွင် စစ် မက်တိုက်ရာတွင် တောသားမူဆိုး လက်နက်ကိုင်တို့သေကျေပျက်

စီးမည့်ထက် ရန်သူလက်နက်ကိုင်တို့ သေကျေပျက်စီးမည်ကို အလေးပြု၍ စောင့်ရှောက်အပ်သည်၊ ထိုရန်သူ လက်ကိုင်တို့ထက် အဆွေခင်ပွန်း လက်နက်ကိုင်သူရဲတို့ သေကျေ ပျက်စီးမည်ကိုအလေးပြုအပ် စောင့်ရှောက်အပ်သည်၊ အဆွေ ခင်ပွန်း လက်နက်ကိုင်တို့ထက်, အသင်းလက်နက်ကိုင်, အသင်း လက်နက်ကိုင်တို့ထက်, လခစား လက်နက်ကိုင်,လခစား လက်နက်ကိုင်တို့ထက်, ကျွန်တော်ရင်း အစုရင်းဖြစ်သော လက်နက်ကိုင်တို့,သေကျေပျက်စီးမည်ကို, အလေးပြုအပ်စောင့်ရှောက်အပ်သည်၊ ဤလက်နက်ကိုင် သူရဲ ခြောက်မျိုးတို့တွင်,တမျိုးမျိုးလျှင် သူရဲမျိုးတဆဲ့သုံးမျိုးစီ ရှိသင့်သည်၊ ဤလက်နက်ကိုင်ဟူသော ဗိုလ်ပါ ရဲမက်သည် နိုင်ငံ၏ အင်္ဂါ ခုနှစ်ပါးတို့တွင် တပါးအဝင်အပါဖြစ်၍ လက်နက်ကိုင် အင်္ဂါ တပါးမရှိခဲ့လျှင် နိုင်ငံသည့်,ကောင်းမွန်ခိုင်ခန့်စွာ မတည်နိုင် မဖြစ်နိုင်။

## ၂၇။ တပ်စည်းကြပ်ပုံ

ဤဗလဟူသော ရဲမက်လက်နက်ကိုင်တို့ကို အပေါင်းအစု ဘွဲ့စည်း၍ တပ်စည်းကြပ်ရာ၌ စာပေ ကျမ်းဂန် တို့တွင် လာသည့်အတိုင်း စည်းကြပ်နည်းကို,မြန်မာနိုင်ငံ၌ ယခုထက်တိုင်သိကျွမ်းသူ နည်းပါးကြသေး၍ တပ်စည်း ကြပ်နည်းကို သိကျွမ်း နားလည်အောင်,ထည့်သွင်းရေးသားဦးအံ့။

အမရကောသကျမ်း ဘိက္ခုပါစိတ် ပါဠိတော်တို့ကိုနိုင်းနှော၍ တပ်စည်းကြပ်ပုံကား၊ဆင်စီးလူသုံးယောက် အစွယ် နှစ်ချောင်း နားရွက်နှစ်ခုခြေလေးချောင်း အမြီး,ဤအင်္ဂါကိုးပါးတို့ကိုစောင့်

ရှောက်သည့် ဆင်ခြေဖုံး လူကိုးယောက်,နှစ်စုယောက်ကြားတကျိပ် နှစ်ယောက်နှင့်တကွသော တိုက်ဆင်တစီး၊ ဘိက္ခုပါစိတ် အဌ ကထာ၌ကား ဆင်စီး လူလေးယောက်, ခြေလေးချောင်း၌ နှစ် ယောက်စီထား၍ ဆင်ခြေဖုံး လူရှစ်ယောက်, ဤသို့ တိုက်ဆင် တစီး၌ လူတကျိပ် နှစ်ယောက်ဟုဆို၏။ မြင်းသူရဲ တယောက် ဝဲယာ လှံကိုင်နှစ်ယောက် ဤယောက်ြား သုံးယောက်နှင့်တကွ သော မြင်းသုံးစီး,ရထားစီးသူတယောက် ရထားမောင်းနှင်သူ တယောက်ဝဲ,ယာ,နပန်းစောင့် နှစ်ယောက်,ဤယောက်ြားလေး ယောက်နှင့်တကွသော ဖစ်တိုက်ရထားတဆူ၊လက်နက်နှင့် တကွ သော ခြေသည် သူရဲငါးယောက် ဤသို့ ဆိုခဲ့ပြီးသော စီးနင်း ခြံရံသူနှင့်တကွသော ဆင်၊ မြင်း၊ ရထား ခြေသည် စုစုပေါင်း သည်'ပတ္တိ'မည်သော အနည်းဆုံးတပ် တတပ်ဖြစ်၏၊ ဤ'ပတ္တိ' တပ်၌ပါသမျှသော ဆင်၊မြင်း၊ရထားခြေသည် အရေ အတွက် တို့၏ သုံးဆတက်သည်,'သေနာမုခ'မည်သော တပ်ဖြစ်၏။ ဤ သေနာမုခ တပ်၌ပါသမျှသော ဆင်၊မြင်း၊ရထားခြေသည် အရေ အတွက်တို့၏ သုံးဆတက်သည် 'ဂုမ္ဗ'မည်သော တပ်တခု ဖြစ်၏၊ ဤအထက်ပါနည်းအတိုင်း သုံးဆစီ အထက်အထက်ကို တက်၍ 'ဂဏ'မည်သောတပ် 'ဝါဟိနီ'မည်သောတပ်'မုတနာ' မည်သော တပ်'စမု'မည်သောတပ် 'အနီကိနီ' မည်သော တပ်တို့သည်ဖြစ် ကုန်၏၊ ဤ'အနီကိနီ'မည်သောတပ်၌ပါသမျှသော ဆင်၊ မြင်း ရထားခြေသည်တို့၏ ဆယ်ဆတက်သည်၊ 'အက္ခောဘဏီ' မည် သောတပ်ကြီးတခုဖြစ်၏၊ဤဆိုခဲ့ပြီးသော တပ်မျိုးတို့၌ပါသော ဆင်၊မြင်း၊ရထားခြေသည်တို့ကို စာရင်းကောက်လျှင်, စာမျက် နှာ နံပါတ် ၇၀၌ ပါသောဇယားစာရင်းအတိုင်းဖြစ်၏။

## ၂၈။ အကျွဲဘကီတပ် ၃မျိုးကွဲပုံ

သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိမင်းကြီး ကျေးလူမျိုးတို့ကို တိုက်ရာ၌ချီတက်သော **အကျွဲဘကီ**တပ်ကို မဟာဝင်၌ကား၌ တိုက်ဆင် တကုဋေ၊ ရထားဆယ်ကုဋေ၊ မြင်းကုဋေတရာ၊ လေးစွဲသူရဲကုဋေနှစ်ရာ၊ စစ်သည်လူကုဋေတထောင်းလေးထောင်၊ စုစုပေါင်း တသောင်းလေးထောင်ရှစ်ရာ့ တဆဲ့ တကုဋေကို 'အကျွဲဘကီ' တပ် တတပ်ဆို၏။

**ရှေးအခါက မဟောသဓါတို့ စစ်တိုက်ရာ၌** အကျွဲဘကီ တပ်တတပ်ဟူသည်**ကား**၊ စစ်အင်္ဂါလေးပါး ချီတက်သောလမ်း၌ ဝါးအလုံးခြောက်ဆယ်စည်းကို ချထားရာ၊ စစ်အင်္ဂါလေးပါးတို့ နင်းသွား၍ ဖုတ်မှုန့်မှုန့်ဖြစ်လျှင် တဖန် ဝါးအလုံးခြောက်ဆယ် စည်းကိုချပြန်၏၊ ဤသို့ ဝါးအလုံးခြောက်ဆယ် စည်းပေါင်း၊ အစည်းခြောက်ဆယ် ဖုတ်မှုန့်မှုန့် ဖြစ်သည့်ကာလ 'အကျွဲဘကီ' တပ်မည်၏။

ဤသို့'အကျွဲဘကီ'တပ်သုံးမျိုး ကွဲသည်မှာ, ဤလူ့ပြည်၌ ရှေးအခါ အသက်ရှည်သော ကာလဖြစ်၍ လူပေါများ သောကြောင့်'အကျွဲဘကီ'ကြီးဖြင့် တပ်ဖွဲ့နိုင်သည်။ နောက် အခါ ဆုတ်ကပ်ကာလဖြစ်၍ လူတို့ အသက်တိုသဖြင့်, လောက၌ လူနည်းသော**ကြောင့်** 'အကျွဲဘကီ'တပ်ဖွဲ့ရာ စစ်အင်္ဂါ အရေအတွက်နည်းပါးလေသည်၊ယခုအခါ အနောက်နိုင်ငံများမှ လူတရာကိုပင်'အကျွဲဘကီ'တတပ်ဟူ၍ ခေါ်ဝေါ် ကြသည်များကို မှတ်အပ်သည်၊ ယခုအခါ အနောက်တိုင်းပြည် နိုင်ငံများမှာဆင် နည်းပါးသောကြောင့် စစ်အင်္ဂါ လေးပါး ပြည့်စုံအောင် တပ်

မစည်းကြပ်နိုင်၊ခြေသည်၊ မြင်း၊အမြောက် ဤသုံးမျိုးတို့ကိုသာ တပ်ပြုလုပ်စည်းကြပ်နိုင်သည်၊ အရှေ့တိုင်းပြည် မြန်မာ နိုင်ငံစသည်တို့၌ကား, အလိုရှိလျှင် ဆင် အများအပြား ရနိုင်သော ကြောင့် စစ်အင်္ဂါ လေးပါး ပြည့်စုံအောင် တပ်စည်းကြပ်လျှင် စည်းကြပ်နိုင်ရန်ရှိသည်၊ သို့ရာတွင် ရထားအစား ရထားတင် အမြောက်ကိုထည့်၍စည်းကြပ်လျှင် ကျမ်းဂန်တို့တွင် လာသော တပ်များထက် ကောင်းမွန်ရန်ရှိသည်။

## ၂၉။ မဟာမိတ်မင်းရှိခြင်း၏အကျိုး

အရေးအကြောင်းကိစ္စရှိလျှင် ကူညီဘက်ရသော မဟာမိတ်ဟူသည်လည်း နိုင်ငံ၏ အင်္ဂါ ခုနစ်ပါးတို့တွင် တပါး ပါဝင်သည်၊မိမိပိုင်သော နိုင်ငံရင်းသေးငယ်၍ အားခွန်ဗလ မရှိသော်လည်း အားခွန်ဗလကြီးသော နိုင်ငံကြီးမင်းတို့နှင့် ယုံကြည် စိတ်ချရလောက်အောင် အရေးအကြောင်း ကိစ္စရှိလျှင် ကိုယ်မှု ကဲ့သို့ ကူညီစောင်မ ကြည့်ရှု အောင် ပေါင်းသင်း၍ ထားလျှင် ရန်သူ ဖြစ်သော မိမိထက် အားကြီးသော အခြား နိုင်ငံ မင်းတို့သည်, မနှိပ်စက်နိုင်၊ တကြောင်းလည်း ကုန်စည် ကူးသန်းရောင်းဝယ်ခြင်းတို့ မည်သည်, ကိုယ့်နိုင်ငံတွင်း၌သာကူးသန်းရောင်းဝယ်လျှင် အမြတ်အစွန်းများစွာမဖြစ်နိုင်၊ ကုန်ကူးသန်းရောင်းဝယ်ခြင်းလည်း အကြီး အကျယ် မဖြစ်နိုင်၊ ကူးသန်းရောင်းဝယ်ခြင်း အကြီးအကျယ် မဖြစ်က လည်း အကောက်တော် အခွန်တော် များစွာရရန် မရှိဖြစ်၍ ကြီးကျယ်ပြန့်ပြောသော နိုင်ငံကြီးတို့နှင့် မဟာမိတ်အဖြစ် ဆက်လက်, ရွှေလမ်းငွေလမ်း ဖေါက်ပြီးလျှင် ကူးသန်းရောင်းဝယ်ရ၍ နိုင်ငံသားတို့

လည်း အမြွတ်အစွန်းများစွာရသည်၊ အကူးအသန်း ကြီးကျယ်သောကြောင့် အကောက်တော် အခွန်တော်လည်း များစွာရသည်၊ ဤဆိုခဲ့ပြီးသော အကျိုး အပြစ်များကြောင့် ခုနစ်ခုမြောက်သော နိုင်ငံ၏အင်္ဂါဖြစ်သော မဟာမိတ်မင်းရှိလျှင်,နိုင်ငံကြီးကျယ်ခိုင်ခန့်သည်၊ မရှိလျှင် သေးသိမ်ပျက်စီးလျက် ပျက်ကွယ်ရန်ရှိသည်။

ဤသို့ဆိုခဲ့ပြီးသည့် အတိုင်း နိုင်ငံရှင်မင်းအစ, မဟာမိတ်မင်းအဆုံးရှိသော နိုင်ငံ၏ အင်္ဂါခုနစ်ပါးတို့သည် ကောင်းမွန်စွာပြည့်စုံရာ၌ ဆိုခဲ့ပြီးသော အပြစ်တို့ကို မြင်သောကြောင့်, နီတိကျမ်းဆရာတို့သည် နိုင်ငံဟူသည်, ဤခုနစ်ပါးနှင့် ကောင်းမွန်စွာပြည့်ဝပြီးမှ ကြီးကျယ်ခိုင်ခန့်နိုင်သည်၊ တပါးပါး ချို့တဲ့လျှင်ပင် ခြေလက်စသောအင်္ဂါ တပါးပါးချို့တဲ့သော သူကဲ့သို့နိုင်ငံကြီးကျယ် ကောင်းမွန်စွာ မခိုင်မခန့်နိုင်ဟူ၍ ဆိုကြလေသည်၊ ဤဇယဘူမိရဋ္ဌ ဒွါရပူရ- မြို့ရှင်ကရင်မင်းကြီး စောဗျညားဣန္ဒသေနရာဇာသည်လည်း, ထိုထိုဆိုခဲ့ပြီးသော နီတိစသော ကျမ်းစကားများနှင့် လျော်ညီစွာ,နိုင်ငံ၏အင်္ဂါခုနစ်ပါးပြည့်စုံအောင်စီမံဖွဲ့စည်းကြောင်းကို အရင်ကဆိုခဲ့သော စကားစုတို့ဖြင့် သိနိုင်သည်၊ ဤကား 'ပိုင်တရောင်မို' မြို့ဟောင်းတွင် ကရင်ရှင်ဘုရင်အုပ်စိုးစဉ်က မြို့၏အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံကြောင်းကိုပြခဲ့သော ရာဇဝင်ဆရာ၏ စကားစုတည်း။

## ၃၀။ စောဗျညားဣန္ဒသေနမင်း၏နိုင်ငံတော် အပိုင်းအခြား

ထိုစောဗျညားဣန္ဒသေနမင်း၏နိုင်ငံတော်အပိုင်းအခြားကား မြောက်အရပ် အရှေ့မြောက်အရပ် အရှေ့အရပ် အရှေ့တောင်အရပ် တောင်အရပ်တို့၌ ယိုးဒယား ယွန်းပြည်နှင့်အစပ်တည်း၊

အနောက်တောင် အရပ် အနောက်၌ကား 'ဟောင်တရော' မြစ်ဖျားမှစ၍ အောက်သို့စုန်ခဲ့ပြီးလျှင် ကျိုင်းမြစ်နှင့် ပေါင်းဆုံရာဌာနအထိ, ကော့ဗိန်းခေါ် ရမ္မာပူရမြို့နယ်နှင့် အစပ်တည်း၊ ၎င်းကျိုင်းမြစ်ဆုံမှ တဖန် အထက်သို့'ပတ'မြစ်တလျှောက် 'ခုံရင်း' ခေါ်'ပအာဝန'မြို့နယ်နှင့် အစပ်တည်း၊ ထိုနိုင်ငံတော်အတွင်းတည်ထောင်သော မြို့ရုံများနှင့် မြို့စားမင်းတို့ အမည်များကား (၁)အရှေ့အရပ်တွင် 'မြဝတီ'ခေါ် ကွန်ဖရဲပတီမြို့ သုမဏမည်သော မြို့စားမင်း၊ (၂)အရှေ့တောင်အရပ်တွင် 'မဲကလောင်'မြို့ဝဏ္ဏမည်သော မြို့စားမင်း၊ (၃)တောင်အရပ်တွင်'ကျိတ်'မြို့ခေါ် 'ကလစ်မြို့'ကလာပုမည်သော မြို့စားမင်း၊(၄)တောင်အရပ်၌ပင်ယခု အခါကျောက်ခေါင်းခေါ်သော အရပ်၏အနီးရှိ'တောင်ပို့'မြို့ခေါ်'ဒုံပုံ'မြို့ ဗျညားဇဲ့ဗြဟ္မမည်သော မြို့စားမင်း၊ (၅) အနောက်မြောက်အရပ်တွင် 'ပေါင်မြို့'ဒေါ်ရဲမည်သောမြို့စားမင်း၊ (၆)အရှေ့မြောက်အရပ်တွင်'ခုံမေ့'မြို့ဗျညားသေဉ်လုံမည်သောမြို့စားမင်း၊ ဤသို့လျှင် မြို့ရုံ(၆)မြို့၊ ဇယျာဘူမိ-ဒွါရပူရမြို့တော်နှင့်သော်'ဇယျ'ခုနစ်မြို့ခေါ်ကြသည်၊ ဇယျခုနစ်မြို့တွင်ဘုရင်နှင့်တကွ မြို့စားမင်းအပေါင်းတို့သည်, ထိုအခါ ကာလက တလိုင်းကရင် လူမျိုးတို့သာတည်း။

ဤကား ဇယျာဘူမိတိုင်းဒွါရပူရမြို့ နိုင်ငံတော် အပိုင်းအခြားနှင့်တကွ မြို့ရုံ(၆)မြို့ မြို့စားမင်းတို့ကို ဆိုရာစကားရပ်တည်း။

| တပ် ၉ မျိုးစည်းကြပ်ပုံ | ပတ္တိ | သေနာမုခ | ဂုမ္ဗ | ဂဏ | ဝါဟိနီ | ပုတနာ | စမူ | အနီကိနီ | အက္ခောဘဏီ |
|---|---|---|---|---|---|---|---|---|---|
| ဆင် .... .... | ၁ | ၃ | ၉ | ၂၇ | ၈၁ | ၂၄၃ | ၇၂၉ | ၂၁၈၇ | ၂၁၈၇၀ |
| မြင်း .... .... | ၃ | ၉ | ၂၇ | ၈၁ | ၂၄၃ | ၇၂၉ | ၂၁၈၇ | ၆၅၆၁ | ၆၅၆၀၀ |
| ရထား .... .... | ၁ | ၃ | ၉ | ၂၇ | ၈၁ | ၂၄၃ | ၇၂၉ | ၂၁၈၇ | ၂၁၈၇၀ |
| ပေါင်း.... | ၅ | ၁၅ | ၄၅ | ၁၃၅ | ၄၀၅ | ၁၂၁၅ | ၃၆၄၅ | ၁၀၉၃၅ | ၁၀၉၃၅၀ |
| မြေသည်သူရဲ .... | ၅ | ၁၅ | ၄၅ | ၁၃၅ | ၄၀၅ | ၁၂၁၅ | ၃၆၄၅ | ၁၀၉၃၅ | ၁၀၉၃၅၀ |
| ဆင်စီးသူရဲ .... | ၃ | ၉ | ၂၇ | ၈၁ | ၂၄၃ | ၇၂၉ | ၂၁၈၇ | ၆၅၆၁ | ၆၅၆၁၀ |
| ဆင်မြေဖုံးလူ .... | ၉ | ၂၇ | ၈၁ | ၂၄၃ | ၇၂၉ | ၂၁၈၇ | ၆၅၆၁ | ၁၉၆၈၃ | ၁၉၆၈၃၀ |
| မြင်းစီးသူရဲ .... | ၄ | ၉ | ၂၇ | ၈၁ | ၂၄၃ | ၇၂၉ | ၂၁၈၇ | ၆၅၆၁ | ၆၅၆၁၀ |
| လှံကိုင် .... | ၆ | ၁၈ | ၅၄ | ၁၆၂ | ၄၈၆ | ၁၄၅၈ | ၄၃၇၄ | ၁၃၁၂၂ | ၁၃၁၂၂၀ |
| ရထားစီးသူရဲ .... | ၁ | ၃ | ၉ | ၂၇ | ၈၁ | ၂၄၃ | ၇၂၉ | ၂၁၈၇ | ၂၁၈၇၀ |
| ရထားမောင်းနှင်လူ .... | ၁ | ၃ | ၉ | ၂၇ | ၈၁ | ၂၄၃ | ၇၂၉ | ၂၁၈၇ | ၂၁၈၇၀ |
| ရထားနားပန်းစောင့်လူ | ၂ | ၆ | ၁၈ | ၅၄ | ၁၆၂ | ၄၈၆ | ၁၄၅၈ | ၄၃၇၄ | ၄၃၇၄၀ |
| ပေါင်း .... .... | ၃၀ | ၉၀ | ၂၇၀ | ၈၁၀ | ၂၄၃၀ | ၇၂၉၀ | ၂၁၈၇၀ | ၆၅၆၁၀ | ၆၅၆၀၀၀ |
| ၂ စုပေါင်း.... | ၃၅ | ၁၀၅ | ၃၁၅ | ၉၄၅ | ၂၈၃၅ | ၈၅၀၅ | ၂၅၅၁၅ | ၇၆၅၄၅ | ၇၆၅၄၅၀ |

# အခန်း—၆

## ၃၁။ ဘုရားဗျာဒိတ်ပဌမရသော ကရင်လူမျိုးတဦး

သုံးလူထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့ ဘေသကလ တောအုပ်၌ ဝါကပ်တော်မူ၍ ဝါတော်ရှစ်ဝါ ရတော်မူပြီးသောအခါ, ကောဇာသက္ကရာဇ် ၁၁၁ ခုနှစ် ပေါမန္တဥတု အတွင်းရာမညတိုင်း ယောနကတိုင်းတို့သို့ ရဟန္တာပေါင်း ၅၀၀ နှင့်တကွ, ဒေသစာရီ ဖြန့်ချီတော်မူလာရာ, ရှေးဦးစွာ တရုပ်ပြည်နယ် မာလက အမည်ရှိသော မြို့သို့ရောက်တော်မူလေ၏၊ ထိုမှတဖန် ဖြန့်ချီကြွသွားတော်မူပြန်သော် သောက္ကဒ်သိမ်အယုဒ္ဓယ ဒွါရာဝတီ ယိုးဒယားပြည်သို့ ရောက်တော်မူ၏၊ ယိုမှတဖန် ကြွချီပြန်သော် ထားဝယ်မြို့တည်ရာ အရပ်သို့ ရောက်လျှင် ကျောက်ဖျာကြီးတခုထက်၌ ထက်ဝယ်ဖွဲ့နေ့စံနေတော်မူ၏၊ ထိုအခါ ကရင်လူမျိုးတယောက်တွေ့သဖြင့် အလွန်ထူးဆန်းသောသူများဖြစ်သည်ဟု အကျိုးအကြောင်း မေးမြန်းသည်တွင်ရဟန္တာအရှင်များက ပြောကြားသဖြင့် ဘုရားမှန်းသိသောအခါ, ပြည့်စဉ်ပန်း ခုနှစ်ပွင့်ဖြင့် လူဒါန်းပူဇော် ဖူးမျှော် ကန်တော့လေ၏၊ မြတ်စွာဘုရားသခင်သည်လည်း ပြုံးတော်မူလေလျှင်, သံဃာတော်အပေါင်းက ပြုံးတော်မူခြင်း၏အကြောင်းကို လျှောက်ထားရာ, ဤကရင်ဒါယကာသည်၊ပြည့်စဉ်ပန်း ခုနစ်ပွင့်လှူဒါန်းပူဇော်သော အကျိုးကြောင့် နောင်သောအခါ, ဤအရပ်ဝယ် ခုနစ်ကြိမ် မင်းဖြစ်၍ ကြီးစိုးအုပ်ချုပ်ရလိမ့်မည်ဟုဗျာဒိတ်စကားမိန့်ကြားတော်မူလေ၏။

## ၃၉။ မြတ်စွာဘုရား၊ ကွန်ဖရဲ့ပတီမြို့သို့ကြွရောက်ခြင်း

ထိုမှတဖန် မြောက်အရပ်သို့ ချီကြွတော်မူပြန်ရာ၊ ကွမ်ထေးလွန်း အရပ်သို့ရောက်တော်မူလေ၏၊ ထိုမှတဖန်ချီကြွပြန်ရာ ဇယျဘူမိတိုင်း အဝင်အပေါ်၊ မြဝတီမြို့နေရာသို့ ရောက်တော်မူလေ၏၊ ထိုမြဝတီမြို့နေရာအရပ်တွင် အိမ်ခြေပေါင်း ၅၀၀ ကျော်ရှိသော 'ကွန်ဖရဲ့ပတီ'မြို့၏ အကြီးအကဲကား 'သုမန'အမည်ရှိ၏၊ သုမနမည်သော မြို့စားမင်းက ဤသူများ၏ ပံ့ပန်းသဏ္ဌာန်အဝတ် အစား ခြားနားထူးဆန်းသည် ဘယ်လူမျိုး ဖြစ်ဘိသနည်းဟု စုံစမ်းမေးမြန်းသည်တွင်၊ မဇ္ဈိမတိုက်မှ ကြွလာတော် မူကြသော ဘုရားရဟန္တာများဖြစ်ကြောင်း ပြန်ပြော၍ သိလေလျှင်၊မိမိ၏ မြို့ရွာသားတို့ကို ဆွမ်းလုပ်ကျွေး လှူဒါန်းရန် တိုင်ပင်ဆော်ဩလေ၏၊ မြို့ရွာသားတို့ကလည်း သဘောညီကြသဖြင့်၊ ဘုရားနှင့်တကွရဟန္တာများ သိတင်းသုံးနေထိုင်တော်မူကြရန်၊စေ့ငှအောင် ကျောက်ဖျာများ ရှာဖွေ၍ ခင်းပေးပြီးလျှင် ဆွမ်းလုပ်ကျွေး လှူဒါန်းကြလေကုန်၏၊ မြတ်စွာဘုရားသခင်သည်လည်း အစဉ်ဖြစ်သော တရားစကားကို ဟောကြားတော်မူပြီးလျှင် နောင်ငါဘုရား ပရိနိဗ္ဗာန် စံယူတော်မူပြီးသည့်နောက် ဤမြို့ရွာအကြီးအကဲဖြစ်သော သုမန ဒါယကာသည် ဟံသာဝတီပြည်ကို အုပ်စိုးသော မင်းဖြစ်လတံ့ဟု ဗျာဒိတ်ထားတော်မူခဲ့လေ၏။

ထိုအခါ အကြီးအကဲပြုလုပ်သူ မြို့စားမင်း သုမန ဒါယကာက တပည့်တော်တို့အား သနားတော်မူပါသဖြင့် တစုံတရာ ကိုးကွယ်ဆီးကပ်ရန် ပေး သ နား တော် မူ ပါ ဟု လျှောက်ထားတောင်းပန်လေလျှင် မြတ်စွာဘုရားသခင်သည် သုမနအား ဆံ

တော်ခါတ် လေးဆူကို ပေးသနားတော်မူ၏၊ သုမနမည်သော ဒါယကာသည် ထိုဆံတော်ခါတ် လေးဆူကိုရလျှင် အလွန်အား ရနှစ်သက် ရှိသေစွာ ရွှေကြုတ်၌သွင်းနှ၍ နိယံမပြတ် ကိုးကွယ် လေသတည်း။

ထို ဆံတော်ခါတ်များကို ရပြီးနောက် တဖန် သုမနက လျှောက်ပြန်သည်မှာ အရှင်ဘုရား တပည့်တော်တို့အား သနား သဖြင့် တရားအမြိုက်ဆေး တိုက်ကျွေးတော်မူ သကဲ့သို့ ဇေယျ ပြည်ရှင် စောဗျညားဥက္ကသေန ရာဇာကိုလည်း တရားအမြိုက် ဆေး တိုက်ကျွေး ဆုံးမတော်မူပါလျှင် ပြည့်ရှင်မင်းနှင့် တကွ တိုင်းသူပြည်သားတို့သည် အရှင်ဘုရား၏ အဆုံးအမ သာသနာ တော်၌ သက်ဝင်ယုံကြည်ကြကုန်၍ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ခံစားကြရပါလတံ့၊ သို့ဖြစ်၍ ဇေယျဘူမိမြို့သို့လည်း ကြွတော်မူပါမည့် အကြောင်းကို တောင်းပန် လျှောက်ထား ပြန်၏။

ထိုအခါ မြတ်စွာဘုရားက မိန့်ကြားတော်မူသည်မှာ သုမန ဗုဒ္ဓဝေနေယျ သာဝကဝေနေယျတို့တွင် သင်တို့၏ မင်းကြီးကား သာဝကဝေနေယျသာဖြစ်သည်၊ ငါ၏ တပည့်သားတော် ၃၃ပါး ကို ချန်ထားခဲ့မည်၊ ထိုငါ၏ တပည့်သားတော်တို့သည် ဇေယျ ဘူမိသို့သွား၍ သင်တို့၏ အသျှင်မင်းကြီးအား တရားဟောရစ် လတံ့ဟု မိန့်တော်မူပြီးလျှင် ရဟန္တာ ၃၃-ပါးတို့ကို ထားခဲ့၍ ယောနကတိုင်း ကြင်းမိုင်းမြို့သို့ ကြွတော်မူလေ၏၊ သုမနဒါယ ကာသည်လည်း ရဟန္တာအသျှင်မြတ်တို့ သိတင်းသုံးတော်မူကြ

ရန် ကျောင်းသိမ်းစသည်ကို ပြုပြင်၍ ထိုအသျှင်မြတ်တို့အား လှူဒါန်းလေ၏။

## ၄၀။ မြဝတီမြို့တွင်ပုံ

ဤ–သုမနမည်သော အကြီးအကဲသည် 'ပိုင်တာရောင်ခု'ခေါ် ဇယျဘူမိဒွါရပူရမြို့ရှင်ဘုရင် စောဗျညားဠဠုသောနရာဇာ-ကရင်မင်းကြီးက ခန့်ထားသော ကရင်လူမျိုး မြဝတီမြို့စားမင်းတည်း ထိုမြို့ကို မြဝတီဟု ခေါ်ခြင်းအကြောင်းကား ထိုမြို့၏ အမည်ရင်းမှာ မုတ္တမ မွန်ဘာသာအားဖြင့်ရင်း, တလိုင်းဘာသာအားဖြင့်ရင်း 'ကွမ်ဗရဲ့ဖတိုင်'ဟု ခေါ်သည်၊ ပဲခူးမွန်ဘာသာဖြင့် 'ကွမ်ဖရဲ့ပတိ'ဟု ခေါ်သည်၊ မြန်မာပြန်လျှင် 'သဲမြေရွာ'ဟု ဆိုလိုသည်၊ နောက်ကာလ၌ မွန်တဝက် တလိုင်းကရင်တဝက် မြန်မာတဝက် 'သဲ'မပါဘဲ 'မြပတိ'ဟု ခေါ်သည်၊ ယခုကာလ ထိုမြပတီမှ 'မြပတီ' ဖြစ်လာသည်။ ။ဤကားအမှာ။

## ၄၁။ မြတ်စွာဘုရား မော်လမြိုင် မုတ္တမ သထုံ မြို့များသို့ ကြွတော်မူခြင်း

မြတ်စွာဘုရား သခင်သည် ယောနကတိုင်း ကြင်းမိုင်းမြို့များကတဖန် ဒေသစာရီ လှည့်လည်တော်မူရာ မော်လမြိုင်မြို့ ကျိုက်သံလံ စေတီတော်တည်ရာအရပ် ခေါင်းဆေးကျွန်းအရှေ့ မုတ္တမမြို့တည်ရာ အရပ်များ၌ ရပ်တန့်နားနေ ခြေချုတ်ထိုက်သော သတ္တဝါဝေနေယျတို့ကို ဆုမ္မခြေချုတ်တော်မူလျက် သီတင်းသုံးတော်မူပြီးလျှင် သုဝဏ္ဏဘူမိ သုဓမ္မဝတီ သထုံပြည်သို့ အရှင်ဂဝံပတိ ရဟန္တာနှင့် သိဟရာဇာမင်းတို့က ပင့်သဖြင့် ချီးမြှောက်

တော်မူရန် ကြွတော်မူ၍ ရတနာ၁ခုနှစ်ပါးတို့ဖြင့်ပြီးသော မဏ္ဍပ် တော် တဲရန်ကျောင်း၌ မင်းနှင့်တကွသော နတ်လူပရိသတ် တို့ အား တရားဟောလျက် ခေတ္တသီတင်းသုံးစံ နေတော်မူလေ၏။

## ၄၂။ ရဟန္တာအရှင်မြတ်တို့ အဖမ်းခံရပုံ

မြဝတီမြို့စားမင်း သုမနက ပင့်၍နေခဲ့သော ရဟန္တာ၁၃ပါး တို့သည် မြဝတီမြို့၌ မြို့သူရွာသား အပေါင်းတို့အား တရားဟော လျက် ခုနှစ်ရက်မျှ သီတင်းသုံး နေထိုင်ကြပြီးလျှင် ဗ ိတရောဇ္ခ ခေါ် ဇယျမြို့သို့ ကောင်းကင်ဖြင့် ကြွသွားတော်မူကြရာ မြော် မြင်ခြင်း ကင်းမဲ့သော မှူးမတ်အချို့တို့ မြင်လေလျှင် မင်းကြီး ထံသို့သွား၍ ဂုံးတိုက်စကားပြောကြားလျှောက်တင်ကြလေ၏၊ မင်းကြီးသည်လည်း ကောင်းကင်ခရီးဖြင့် သွားလာသည်ကို မ မြင်ဘူး မကြားဘူးသောကြောင့် မလိမ္မာသော မှူးမတ်တို့ စ ကားအတိုင်း ယုံကြည်တော်မူ၍ ရန်သူဟူသောအမှတ်ဖြင့် စုံ စမ်းမေးမြန်းခြင်းမပြုဘဲ ထိုရဟန္တာ အရှင်မြတ်တို့ကို ဖမ်းစေ၏။

ရဟန္တာ အရှင်မြတ်တို့သည်လည်း မင်းကြီးနှင့်တကွ ပြည်သူ ပြည်သားတို့ကို သနားသဖြင့် အဖမ်းခံဟော်မူကြကုန်၏၊ မင်း ကြီးသည်လည်း ဤသူတို့ကား ကောင်းကင်ခရီးဖြင့် သွားနိုင် ကြကုန်သောကြောင့် လူမဟုတ်ကုန်ရာ နတ်ဘီလူးတို့သော်လည်း ဖြစ်တန်ရာသည်၊ ဝိဇ္ဇာဓိုရ်တို့သော်လည်း ဖြစ်တန်ရာသည်၊နောင် ရေးကို မြော်မထောက်၍ ထိုသူတို့ကို အဆုံးစီရင်စေဟု အမိန့်ထုတ် ပြန်လေ၏၊ ထိုအခါ မလိမ္မာသော မှူးမတ်တို့သည် ၁၃-ပါးသော ရဟန္တာ အရှင်မြတ်တို့ကို ကြိုးဖြင့်တုပ်နှောင်၍ မြို့အနောက်သို့ သတ်ရန် ထုတ်ဆောင်ကြလေကုန်၏။

ထိုအခါ မြဝတီမြို့စားမင်း သုမနသည် ကြွလာခြင်းစသော အကြောင်းမျိုးစုံကို မိမိအသျှင် မင်းကြီးအားလျှောက်ထားရန် ဇယျမြို့တော်သို့ လာရောက်ရာ ၃၃-ပါးသောရဟန္တာအရှင်မြတ်တို့ကို မင်းကြီး အမိန့်တော်နှင့် အဆုံးစီရင်ရန် ဖမ်းဆီး တုပ်နှောင်ပြီးလျှင် မြို့အနောက် သုသာန်သို့ ထုတ်ဆောင် သွားကြကြောင်းကို ကြားလတ်သော် အဆော တလျင် ပြည့်ရှင်မင်းကြီး၏ ထံတော်သို့ဝင်၍ ဘုရားသခင် ကြွလာကြောင်း, မိမိတောင်းပန်သဖြင့် ရဟန္တာ ၃၃ပါး ကို ထားခဲ့ကြောင်း, ဘုရားရဟန္တာတို့သည် သူ့အသက် သတ်ခြင်းစသော မကောင်းမှုမှရှောင်ကြဉ်တော်မူကြကြောင်း, သတ္တဝါ တို့အားလည်း အသက်သတ်ခြင်းစသည်မှရှောင်ကြဉ်ရန်ဟောပြောသောပုဂ္ဂိုလ်များဖြစ်ကြောင်း ထိုအသျှင် တို့အား တစုံတရာမပြစ်မှား ထိုက်ကြောင်း များကို အကြိမ်ကြိမ်လျှောက်ထား လေသော် ပညာရှိကုန်သော မှူးမတ်ပြည်သူတို့ကလည်း, မြဝတီမြို့စားမင်း၏ စကားအတိုင်း ယုံကြည်ကြ၍ ထိုအသျှင် တို့အားမပြစ်မှားထိုက်ကြောင်းကို လျှောက်ထား တောင်းပန် ကြလေကုန်၏။

ထိုသို့လျှောက်ထားတောင်းပန် ကြသောအခါ ဘုရင် မင်းမြတ်သည် ယုံကြည်တော် မမူနိုင်၍, အမိန့်တော် ရှိသည်ကား အကယ်၍ မြဝတီမြို့စား လျှောက်ထားသောအတိုင်း တစုံတရာ သူပုန်သူကန် မဟုတ်ခဲ့သော် သေဒဏ်အပြစ်မှ လွတ်စေတော်မူမည်၊ သို့ရာတွင် သူပုန်သူကန် လူဆိုးလူသွမ်း ဟုတ် မဟုတ် သိနိုင်ရန် ခဲယဉ်းသည့်အတွက်,ရှင်းရှင်းလွတ်စေလိုလျှင်, မြဝတီ မြို့စားနှင့် သဘောတူသူ မှူးမတ်ပြည်သူတို့က ရွှေစင်ကိုယ်လေးဖြင့် ရွေးယူ

ရမည်၊ထိုရွှေကိုမူကား,အာမခံအဖြစ်ဖြင့် ဘဏ္ဍာတိုက် တော်သို့ သွင်းစေဟု အမိန့်တော်ရှိလေ၏။

ထိုအခါ မြဝတီ မြို့စားမင်းသည် သဒ္ဒါ တရားနှင့် ပြည့်စုံသော မူးမတ်ပြည်သူတို့ထံမှ ရွှေများကို ကောက်ခံ စုဆောင်း၍ မင်းကြီးအား ဆက်သလေ၏၊ မင်းကြီးလည်း ထိုရွှေစင်ကို ချိန်ခွင်တဖက်တွင်ထည့်၍ ရဟန္တာတပါးကို တဖက်တွင် နေစေ၍ တပါးစီတပါးစီချိန်စက်၍ ယူလေ၏၊ ၃၃ ပါးလုံး တုပ်နှောင်ခြင်းမှ လွှတ်တော်မူကြလေကုန်၏။

## ၄၃။ မင်းနှင့်တကွ ပြည်သူပြည်သားတို့ သရဏဂုံတည်ကြပုံ

ထိုအခါ သုမနက အရှင်ဘုရားတို့, အရှင်တို့သည် တန်ခိုး ဣဒ္ဓိပါဒ်ရှိပါလျက်,ဘယ်အတွက်ကြောင့် ဖမ်းဆီးတုပ်နှောင်ခြင်းကို ခံတော်မူကြပါကုန်သနည်းဟုမေးလျှောက်လေ၏၊ ရတန္တာ အရှင်မြတ်တို့က မိန့်မြွက်ဖြေကြားတော်မူကြသည်မှာ, ဒါယကာ အကယ်၍ ငါတို့အဖမ်းမခံကြဘဲ တန်ခိုးဖြင့်ရှောင်လွှဲ ကြွသွားပါလျှင်,ကရင်လူမျိုးတို့ သဘာဝအတိုင်း, သူတပါး စကားကို ယုံလွယ်တတ်သောကြောင့် မူးမတ်မိုက်တို့၏ ဂုံးချောသော စကားဖြင့် သင်ဒါယကာအားလည်း မင်းပြစ်မင်းဒဏ်သင့်ရာသည်၊မင်းကြီးနှင့်တကွ မလိမ္မာသောသူတို့သည်လည်းငါတို့အားပြစ်မှားမိသဖြင့်,အပါယ်ငရဲသို့လားရာသည်၊ပြည်သူပြည်သားတို့မှာလည်း ငါတို့တရားကိုမကြားနာရ၍ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာမှ ယုတ်ရာသည်၊ဤသို့ထောက်ဆ ဆင်ခြင်ပြီးလျှင် မင်းကြီးနှင့်တကွ ပြည်သူ ပြည်သားတို့အား သနား ဂရုဏာ မေတ္တာကို

ရှေ့ထားရှဲ ငါတို့ ၃၃ပါ အဖမ်းအဆီးအတုပ် အနှောင်ခံကြ ပေကုန်သတည်းဟုမိန့်တော်မူကြလေကုန်၏။

ထိုအခါ ရဟန္တာ အသျှင်မြတ်တို့သည် မင်းကြီးနှင့် တကွ စည်းဝေးရောက်လာကြကုန်သော ပရိသတ်တို့အား တရားဟောကြားတော်မူကြလေလျှင်, မင်းကြီးနှင့်တကွ ပြစ်မှား မိသော မှူးမတ်ပြည်သူအချို့တို့သည် အရှင်ကောင်းတို့အား ကန်တော့တောင်းပန်ဝန်ချကုန်၏၊ မင်းနှင့်တကွများစွာသော ပရိသတ်အပေါင်းတို့သည် သရဏဂုံပဥ္စသီ တည်ကြလေကုန်၏။

ထို၃၃ပါးသော ရဟန္တာအရှင်မြတ်တို့သည် ပြည့်ရှင်မင်းနှင့်တကွ ပြည်သူပြည်သားအပေါင်းတို့ကို ရတနာသုံးပါး၏ ဂုဏ်ကိုယုံကြည်သော သရဏဂုံပဥ္စသီ၌ တည်ကုန်သော ဥပါသကာ ဥပါသိကာ သီလဝန္တများ ဖြစ်စေကုန်၍, မြတ်စွာဘုရား ရှိတော်မူရာသို့ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူကြလေကုန်၏၊

## ၄၄။ အစ္ဆလာမင်းကြီးဟုအမည်သစ်တွင်ပုံ

ထိုအခါမှစ၍ ဗိဒရောမုံခေါ် ဇေယျမြို့ဘုမိတိုင်း, ဒွါရ ပူရမြို့ရှင် စောဗျညားဣန္ဒသေနရာဇာမည်သော မင်းကြီးကို ပြည်သူအပေါင်းတို့က ရဟန္တာ ၃၃ ပါးကို ချုပ်နှောင်ပြီးလျှင်, ထိုရဟန္တာတို့၏ ကိုယ်လေးဖြင့် ရွှေကို ချိန်စက်၍ ယူသောကြောင့် 'တုလရာဇာ'ဟု သမုတ်ကြကုန်၏၊ တုလယတိမိဏာတိတော ယာ တိ တုလော၊ ချိန်ခွင်ရှေ၏။

တောယ ထိုချိန်ခွင်ဖြင့် တုလယတိမိဏာတိ၊ ချိန်ငက် တတ်၏၊ ဣတိတသ္မာ ထိုသို့ချိန်စက်ကြောင်း ဖြစ်သောကြောင့်, တုလော

တုလမည်၏၊ ထိုချိန်ခွင်ဖြင့်ချိန်စက်၍ အာမခံရွှေကို ယူသော မင်းကိုလည်း ဥပစာတင်စား၍ ပါဠိဘာသာဖြင့် 'တုလရာဇာ' ဟုခေါ်ကြသည်၊နောက်ကာလလူများက ပါဠိပျက်၍တုလရာဇာကို'အမူလာ'မင်းကြီးဟုခေါ်ကြကုန်၏။ (ဤကားအမှာ)

## ၄၅။ ကျိုက်ထားပိုက် ဆုပိုက်စေတီတော်များတည်ခြင်း

ရဟန္တာအရှင်မြတ်များ ကြွသွားပြီးသောအခါ, ဥပါသကာ အင်္ဂါနှင့်ပြည့်စုံသော အမူလာခေါ် တုလရာဇာ မင်းကြီးသည်, မြဝတီ မြို့စားသုမန၏ထံမှ ရဟန္တာ,များ၏ကိုယ်တော်နှင့်စက်၍ ယူထားသောရွှေစင်တို့ကို မြဝတီမြို့စားအား ပြန်၍ပေးလေ၏၊ မြဝတီမြို့စားသုမနကလည်း အရှင်မင်းကြီး ထိုရွှေတို့ကို မှူးမတ်ပြည်သူတို့ထံမှစုဆောင်း၍ရဟန္တာအရှင်မြတ်များ အတွက်ကျွန်ုပ်တို့စွန့်လွှတ်လှူဒါန်းအပ်ကုန်ပြီ,ပြန်၍ယူခြင်းငှါးမအပ် မယူထိုက်ပေဟုလျှောက်လေ၏၊ မင်းကြီးလည်းသို့ဖြစ်လျှင် ငါးမင်းမြတ်လည်း ဤရွှေတို့ကိုမသုံးဆောင်သင့် မသုံးဆောင်ထိုက် အလိုမရှိမည်ကဲ့သို့ ပြုလုပ်ရလျှင် သင့်လျော်မည်နည်းဟု မေးမြန်းတော်လေသော်,သုမနက လျှောက်သည်ကား အသျှင်မင်းကြီးသည် ရဟန္တာတို့အား ပြစ်မှားမိသည်မှ ကင်းလွတ်လျက်, ထာဝရကုသိုလ်တော်ဖြစ်ပွါး၍ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာသုခကိုရလေအောင် ရဟန္တာအရှင်မြတ်တို့အား ကန်တော့ပူဇော်သောအားဖြင့် ထိုအရှင်တို့ကို ဖမ်းဆီး ချုပ်နှောင်၍ ထားဘူးသောနေရာစေတီတည်၍ မပြတ်ကိုးကွယ်ရလျှင် သင့်လျော်ပါကြောင်းကို လျှောက်တင်လေ၏၊ ဤကဲ့သို့မြဝတီမြို့စားလျှောက်တင်လေလျှင်, အမူလာမင်းကြီးက မိန့်သည်မှာ, မြဝတီမြို့စား

အကြံပေးသောအတိုင်း သဘောတော် ကျလှသည်၊ သို့ရာတွင် မည်သည့်ဝတ္ထုကို ဌာပနာ၍ မည်ကဲ့သို့ စေတီတည်၍ ကိုးကွယ် ရသော်သင့်မည်နည်းဟု မြို့စားအား မေးမြန်း၏၊ မြို့စားမင်း သုမနကလည်း, အသျှင်မင်းကြီး အကျွန်ုပ်တို့၏ မြဝတီခေါ် ကွမ်ဖရဲ့ ဝတီမြို့သို့ မြတ်စွာဘုရားကိုယ်တော်တိုင် ကြွလာစဉ်က အကျွန်ုပ်အား ဘုရားရှင်ပေးသနားခဲ့သော ဆံတော်ဓာတ် ၄ဆူ ရှိပါသည်၊ထိုဆံတော်ဓာတ် ၄ဆူအနက်, ၃ဆူကိုအသျှင်မင်းကြီး ယူတော်မူ၍ စေတီတည်ထား ကိုးကွယ်လေတော့, ထိုမှတပါး လည်း ရဟန္တာအရှင်မြတ်တို့၏ ကိုယ်တော်စား ရုပ်ထုတော်များ ကိုလည်း ဌာပနာလေဟုလျှောက်တင်လေ၏။

မြဝတီမြို့စား လျှောက်တင်သည့်အတိုင်း ကောဇာသက္ကရာဇ် ၁၁၁ခုနှစ် တပေါင်းလအတွင်းတွင်,ရဟန္တာ ၃၃ ပါးတို့ကို ချုပ် နှောင်၍ထားဘူးသောနေရာ၌ စေတီပေါင်း ၃၃ဆူ တည်တော် မူ၍ အလယ်ကစေတီတွင် ဘုရားသခင်ဆံတော်ဓာတ် ၃ ဆူကို ဌာပနာလေ၏၊ရဟန္တာတို့၏ကိုယ်စား ရုပ်ထုတော်များကိုလည်း ၃၃-ဆူလုံးတွင် တဆူတဆူစီ ဌာပနာလေ၏၊ စေတီများ၏ ဘွဲ့ တော်ကိုလည်း တလိုင်းကရင် ဘာသာဖြင့် 'ကျိုက်ထားပိုက် ဆုပိုက်' ဟု သမုတ်တော်မူလေ၏၊ ထိုစေတီတော်များ ပြီးစီး အောင်မြင်၍ ရွှေထီးအထွဋ်ဗိုတင်ပြီးလျှင်,ခုနစ်ရက် လည်အောင် ပွဲကြီးသဘင်ခံလျက် စေတီယမဟ, ဘုရားပူဇော်ပွဲကြီး ကျင်းပ တော်မူလေ၏။

ထိုစေတီများကို ယခုကာလ မြန်မာဘာသာဖြင့် ၃၃ဆူ ဟု ခေါ်ဝေါ်ကြကုန်၏၊ထိုစေတီများ၏ တည်ရာဌာနကား, ကော့

ကရိတ်မြို့၏တောင် ဆဲ့နှစ်မိုင်ခန့်ဝေးသော ကုန်းတန်း ပေါ်၌ တည်ရှိလေ၏၊ ထိုစေတီတော်များကို ငါတို့၏ ကရင်လူမျိုးမင်းကြီးက တည်ထားကိုးကွယ်ခဲ့သောဘုရားများပေတကားဟု အမျိုးတူဖြစ်သော နောင်လာနောက်သား ကရင်လူမျိုးများတို့က, တပါးသောလူမျိုးများထက် ဆထက်ပိုမို သာလွန်၍ ကိုးကွယ်ဆီးကပ်လှူဒါန်းပူဇော်ဖူးမျှော်ကန်တော့ကြရန် သင့်ကြောင်းကို ထပ်လောင်း၍တိုက်တွန်းလိုက်ပါသတည်း၊ ထိုစေတီ တော်များတည်ထားပုံကို တွေ့မြင်ရသောအခါ, ၃၃ လုံး ဗျည်း အက္ခရာအင်းကွဲ့သို့ ရှစ်ထောင့်ထွက်,လေးထောင့်ဝင် အစဉ်လိုက် တည်ထားသည်တို့ တွေ့မြင်ရ၍ လွန်စွာအံ့ဩဖွယ်ပါသည်၊ ကျွန်ုပ်ကဲ့သို့ ကိုယ်တိုင်သွား၍ ကြည့်ရှုဖူးမျှော်နိုင်ကြစေသတည်း၊ ဤဆိုအပ်ခဲ့ပြီးသော ၃၃ဆူသမိုင်းကား,တောင်သူ ဘာသာ စာဖြင့်ရေးသားလျက်ရှိသော 'ဗိဒရောဓု' ကရင်ရာဇဝင် ကျမ်း၌ တွေ့မြင်ဘတ်ရှုရသော ၃၃ဆူသမိုင်းတည်း။

ရာမညတိုင်း တလိုင်းသုံးရပ် ခေတ်တော်သမိုင်းကျမ်း၌ကား ဇွဲယျမည်သော စေတီ ၃၃ဆူ၌ ဆံတော်ဓာတ် ၃ဆူကို 'မုက္ခလ' မည်သောနတ်စောင့်ရှောက်၏၊ 'မာလိကလျာဏ' မည်သောမင်းနှင့် 'ကေသာ' မည်သောရသေ့တို့ တည်ထားကိုးကွယ်ကြကုန်၏ဟုဆိုသည်၊ ဤသမိုင်းကျမ်းစကားသည်,ဇွဲယျမြို့တည် နန်းတည်အရှုလာမင်းကြီး နောက် ၅ဆက်မြောက်ဖြစ်သော 'မာလိကလျာဏ' မင်းက ထပ်မံ၍ပြုပြင်တည်ထားပြန်သည်ကို ဆိုသော စကားတည်းဟု မှတ်ယူရမည်။

## ၄၆။ အမူလာမင်းကြီးနတ်ရွာစံခြင်း

စောဗျညား ဣန္ဒသေနရာဇာ ပဌမဘွဲ့တော်, တုလ ရာဇာ ဒုတိယ ဘွဲ့တော်, နောက်လူတို့ကခေါ်ဝေါ်သော အမူလာ မင်းကြီးဟူသော ဘွဲ့တော်များကို ရသောဓံဇေယျမှ ဇေယျ ဘူမိရဌ ဇေယျဘူမိတိုင်း ဒွါရပူရမြို့တော်ဟုကိုယ်တော်တိုင်သမုတ်၍ မင်းပြုသော ဗံဒရော့ မြို့ရှင် ၃၃ ဆူဘုရားဒါယကာအမူလာမင်းတရားကြီးသည့် အိမ်နိမ့်သက်တော် ၃၀, ကရဏ္ဏကတိုင်းသုဘိန္နမြို့ရှင် တိသာသက္ကမင်းကြီး၏လက်အောက်ခံ ထီးရုံနန်းရုံ မြို့စားမင်း၏ စည်းစိမ် ၂၂ ကိုယ်ပိုင်နိုင်ငံတော်သီခြား၍ မင်းပြုတော် မူသော ထိပြူဆောင်းဘိသိက်ခံမင်း၏ စည်းစိမ် ၃၇, စုစုပေါင်း သက်တော် ၉၀တွင် ဘိုးတော်အဥ္စနမင်းကြီးသက္ကရာဇ် ၁၄၇ခု နှစ်၌ ဇရာဒုဗ္ဗလဖြစ်၍နတ်ရွာစံတော်မူလေ၏၊ ဂေါတမ မြတ်စွာ ဘုရား ပရိနိဗ္ဗာန်စံတော်မူသောနှစ်ပင်တည်း။

# အခန်း ၇

## ၄၇။ မြို့စားများနိုင်ငံခြားနားမင်းပြုကြခြင်း

ထိုသို့စောဗျည်ားကူန္တသေနရာဇာဘွဲ့ခံ အဓူလာဖင်းကြီးနတ်ရွာစံသောအခါ, ဇယျာဘူမိတိုင်း ဒွါရပူရမြို့တော်၏ မြို့ရံဖြစ်သော မြို့စားမင်းတို့သည်လည်း အသီးသီးမြို့ပြု, နိုင်ငံခြား၍မင်းပြုကြလေကုန်၏။

ထိုသို့နိုင်ငံခြားနား၍ မင်းပြုကြကုန်သော်လည်း ခုံမေ့မြို့နှင့်မဲကလောင်မြို့များကို နှစ်များမကြာမီပင် ယွန်း, ယိုးဒယားတို့က, တိုက်ခိုက်သိမ်းယူလေ၏၊ ယခုကာလတိုင်အောင်, ယွန်း,ယိုးဒယားလူမျိုးတို့၏ နိုင်ငံတော်သို့ပါဝင်လျက်ရှိလေ၏။

## ၄၈။ ပေါင်မြို့မင်းဆက်

ပေါင်မြို့ ပဌမ မြို့စားမင်းကား, ဒေါ်ရဲတည်း၊ ဒေါ်ရဲအနိစ္စရောက်လျှင် ထိုမြို့၌နေသော ကရင်လူမျိုးအမတ် တယောက်ကို အဓူလာမင်းကြီးက 'လောပိန်'ဟူသော ဘွဲ့ကိုပေးလျက် မြို့စားထားလေ၏၊ ထိုလောပိန်မည်သော မြို့စားမင်းသည် အဓူလာမင်းကြီး နတ်ရွာစံသောအခါ, သီးခြားမင်းပြုလေ၏၊ ထိုမင်းနောက် ဝဏ္ဏမင်းပြု၏၊ ထိုမင်းနောက် နှစ်တောမင်းပြု၏၊ ထိုမင်းနောက် ဖါးထော်မင်းပြု၏၊ ထိုနောက် ခနီမင်းပြု၏၊ ထိုနောက် ဂနဲမင်းပြု၏၊ ထိုနောက် ဂုဂုရလမင်းပြု၏၊ ထိုနောက် သိဂ်နိမင်းပြုလေ၏၊ ဤရှစ်ဆက်မြောက်ဖြစ်သောသိဂ်နိမင်းမရှိသောအခါ, မြို့ပျက်၍ ရွာနိဂုမ်းကြီးခန့်ရှိလေ၏။

ဤကားပေါင်မြို့ သို့မဟုတ် လုံပေါင်မြို့တွင် စိုးစံကြသော ကရင်မင်းဆက်ကိုဆို,ရာပေါင်မြို့ ကရင်ရာဇဝင်အကျဉ်းတည်း။

## ၄၉။ မြဝတီမြို့မင်းဆက်

မြဝတီမြို့ ပဌမမြို့စား မင်းကား 'သုမန' တည်း၊ သုမနမရှိ လျှင်၎င်းသုမန၏သားကို 'နေတွေ့ာရာဇာ'ဟု ဘွဲ့ပေးလျက်ဇယျ ဘူမိတိုင်းရှင် အဓူလာမင်းကြီးက အဘ၏နေရာ မြဝတီမြို့စားခန့် လေ၏၊ ထိုနေတွေ့ာရာဇာမည်သော မြို့စားမင်းသည် အဓူလာ မင်းကြီး နတ်ရွာစံသောအခါ ယွန်း, ယိုးဒယားတို့၏ ရန်က လည်းတဘက်,မွန်တလိုင်းတို့ရန်ကလည်းတဘက်, ဇယျဘူမိတိုင်း ဒွါရပူရမြို့တော်တွင်လည်းမင်းမရှိသေး၍ မိမိမြို့ကို ကာကွယ်ခြင်း ငှာမြဝတီမြို့ကိုမြို့ရိုး,ပြအိုးကျုံး, မြောင်း ပဆင့်, ယင်တား,စသည် ပြုပြင်၍ မြို့သစ်တည်လျက်, ကိုယ်တိုင် အုပ်ချုပ်၍ မင်းပြုလေ ၏၊ ထိုနေတွေ့ာ ရာဇာမင်း၏နောက်ကို မြဝတီမြို့၌မင်းဆက် မ တွေ့ရချေ။

ဤကားမြဝတီမြို့မင်းဆက် ကရင်ရာဇဝင်အကျဉ်းတည်း။

## ၅၀။ ကျိုက်မြို့ခေါ် ကလစ်မြို့မင်းဆက်

ကျိုက်မြို့ခေါ်ကလစ်မြို့ ပဌမမြို့စားမင်းကား'ကလာပ'တည်း ထိုကလာပမည်သော မြို့စားမင်းသည်လည်း အဓူလာမင်းကြီး နတ်ရွာစံ၍ မင်းပြတ်ခိုက်တွင် ပြည်ရွာလုပ် ချောက်ချားမည်ကို စိုး၍ မိမိမြို့ကို မိမိအုပ်ချုပ်လျက် သီးခြား မင်းပြုတော်မူ၏၊ ထို မင်းသည် 'ဝကလာပရာဇာ'ဟု ဘွဲ့ခံတော်မူ၏။ ။ထိုမင်းမရှိ သောအခါ ၎င်း၏သားတော်သည် 'ဝဘောညီ'ဟု ဘွဲ့ခံ၍မင်း ပြု၏၊ ထိုနောက် လောပိန်မင်းပြု၏၊ ထိုနောက် နဲထော်မင်းပြု ၏၊ ထိုနောက် သောဓနမင်းပြု၏၊ ထိုနောက် ဝဆုနာ မင်းပြု၏

ထိုနောက် ဝလောပိန် မင်းပြု၏၊ ထိုနောက် သိဝလာ မင်းပြု၏၊ ထိုနောက် သ္ဒိနှင် မင်းပြု၏၊ ထိုနောက် ဗြသောက်-ရောက်-ဝဗလဲထော် မင်းပြု၏၊ ဤသို့လျှင် ကျိတ်မြို့ခေါ် ကလစ်မြို့၌ ကလာပု မင်းမှစ၍ မင်းဆယ်ဆက်မြောက် ဗြသောက်-ရောက်-ဝဗလဲထော် မင်း၏ နောက်, မင်းဆက်ပြတ်၍ ရွာနိဂုမ်းကြီးဖြစ်လေ၏။

ဤကားကျိတ်မြို့ခေါ်ကလစ်မြို့မင်း ဆက်ကရင်ရာဇဝင် အကျဉ်းတည်း။

## ၅၁။ တောင်ပို့မြို့ခေါ် ဒိုပပုံမြို့မင်းဆက်

တောင်ပို့မြို့ခေါ် ဒိုပပုံမြို့ပဌမမြို့စား မင်းကား ဇွဲမြဟွတည်း၊ ထိုဇွဲမြဟွ မရှိသောအခါ အမတ်တယောက်ကို ပတုမဟု ဘွဲ့ပေးလျက် မြို့စားခန့်လေ၏၊ ထိုပတုမမြို့စားမင်းသည် အဓူလာမင်းကြီး နတ်ရွာစံသောအခါ မင်းဆက်ပြတ်ခိုက်တွင် ကြံဆင်ခြင်သည်ကား ယွန်းယိုးဒယား လူမျိုးတို့သည် ဒိုမွေမြို့,မဲကလောင်မြို့များကို သိမ်းယူလေပြီ၊ ငါတို့မြို့ကိုလည်း သိမ်းယူရန်ချီတက်လာမည် မချွတ်တည်း၊ ကျိတ်မြို့မင်းလည်း ခြားနား၍ မင်းပြုလေပြီ၊ ငါသည်လည်း ယွန်း, ယိုးဒယားတို့ကိုမှ မပေးလို့,ကိုယ်တိုင်မင်းပြု၍ ခုခံတိုက်ခိုက်တော့အံ့ဟု ကြံပြီးလျှင်စစ်သည်သူရဲစုဆောင်း၍ ခုခံတိုက်ခိုက်လေလျှင် မကြာမီ အောင်မြင်လေ၏၊ ထိုအခါမှစ၍ တောင်ပို့မြို့ခေါ် ဒိုပပုံမြို့သည် တသီးတခြား မင်းတယောက် အုပ်စိုးသောမြို့တမြို့ ဖြစ်လေသတည်း၊ ထိုမင်းသည် ပတုမရာဇာဟု ဘွဲ့ခံလျက် မင်းပြုလေ၏၊ ထိုမင်းမရှိသော အခါ ၎င်းသားတော်သည် ဝါပံနီဟု ဘွဲ့ခံလျက်မင်းပြု၏၊ ထိုနောက် ဝိန္ဒ မင်းပြုသည်၊ ထိုနောက် လောက်သဲ မင်းပြုသည်၊ ထိုနောက် ဂရီမင်းပြုသည်၊ထိုနောက် ဝဘူမင်းပြုသည်ထိုနောက်

ပါဝန်မင်းပြုသည်၊ထိုနောက်ပံအက်မင်းပြုသည်၊ထိုပါဝန်မင်းနှင့် ပံအက်မင်း သားအဘတို့သည် ယွန်းလူမျိုးတို့တည်း၊ ထိုပံအက် မင်းနောက် ဝါရူး မင်းပြုသည်၊ ထိုနောက် ပွံသီမင်းပြုသည်။ ထိုပွန်သီမင်သည်လည်း ယွန်းလူမျိုးတည်း၊ နောက် တလိုင်းမင်း တို့ တန်ခိုးကြီး၍ တိုက်ခိုက်သောကြောင့် ထိုပွံသီမင်းသည် ယွန်းပြည်သို့ ဝင်သွားလေ၏၊ ထိုမင်းမရှိနောက် တောင်ပို့မြို့၌ မင်းဆက်မရှိပြီ၊ မြို့စားမင်းများသာရှိလေ၍ ရွာကြီးခန့်သာဖြစ် ၍ နောက်တောကြီးမြက်မဲဖြစ်သတည်း။

ဤကားတောင်ပို့မြို့ခေါ် ဒုံပပုံမြို့မင်းဆက် ကရင်ရာဇဝင် အကျဉ်းတည်း။

## ၅၂။ သိမ်နံ့နတ်ကုမ္မာမင်းအကြောင်း

အထက်တွင် ပြဆိုခဲ့သော နည်းအတိုင်း ဇယျာဘူမိတိုင်း ဒွါရ ပူရမြို့ရှင် ၃၃-ဆူ ဘုရားဒါယကာ စောဗျညား ဣန္ဒသေနရာဇာ ဘွဲ့ခံ အဒုလာမင်းကြီး နတ်ရွာစံ၍ အမွေခံမင်း မရှိသေးမီအခါ ထီးရုံနန်းရုံဖြစ်သော မြို့စားမင်းများက ခြားနား၍ မင်းပြုကြ သဖြင့် ဒွါရပူရမြို့တော် တမြို့သာလျှင် ကြွင်းကျန်လေတော့၏။

မင်းကြီးနတ်ရွာစံ၍ နိုင်ငံတော် ကွဲပြားလျက် လူပ်ရှားထကြွ ကြသောအခါ မှူးမတ်သေနာပတိတို့ ညှိနှိုင်းတိုင်ပင်ညီညွတ်ကြ ကုန်လျက် ထိုအဒုလာ မင်းကြီး သားတော် သိမ်နံ့နတ်ကုမ္မာကို တောင်းပန်တိုက်တွန်း၍ မင်းမြှောက်ကြကုန်၏။

ထိုသိမ်နံ့နတ်မင်း အကြောင်းကား။ ။အဒုလာ မင်းကြီး၏ သာမာဒေဝီ မည်ရှိသော မိဖုရားခေါင်ကြီးမှ ဖွါးမြင်တော် မူ သော သားတော်ကြီးသည် မင်းသားပင်ဖြစ်သော်လည်း ထီး

နန်းရိပ်ငြိမ် စည်းစိမ်ကို အလိုမရှိ၍ မိမိ၏လက်ဖြင့် တောင်ယာခုတ်၍ လူး၊ ပြောင်း၊ ပဲ၊ ဆပ်၊ စသော အသီးအနှံပင်များကို စိုက်ပျိုး စားသောက်လျက် နေလေ၏၊ ထိုသို့ တောင်ယာလုပ်ကိုင်စားသောက်နေထိုင်ရာ သိမ်နံ့တက်ကူမွာ မင်းသားသည် အရပ်တပါးသို့ သွားလာလည်ပတ်ခြင်းမရှိဘဲ မိမိ၏ တောင်ယာ၌ပင် နေလေ့ရှိ၏၊ ထိုတောင်ယာ၌လည်း မြောက် တိရိစ္ဆာန်တို့သည် အကြိမ်များစွာ နှောင့်ယှက်ဖျက်ဆီးလာ၍ အခါခါစိတ်ဆင်းရဲတော်မူရလေ၏၊ အခါတပါး ခေတ္တခဏအိပ်မည်ဟုကြံစီဆဲတွင် တောတောင်တခွင့်မှ မြောက်အပေါင်းတို့သည် ထောင်သောင်းမက ဝိုင်းအုံ၍ လာကြသည်ကို မြင်လေသော် ငါသည် အကုသိုလ်တရား ပွါးများစေတတ်သော မင်းစည်းစိမ်ကို အလိုမရှိဘဲ ခမည်းတော် မယ်ကော်တို့ထံမှ တောတောင်ပိုင်းခြား အသနားတော်မြတ် ခံပြီးလျှင် အနုညာတ ခွင့်ပန်၍ စင်ကြယ်ကြောင်းကောင်းသော အသက်မွေးခြင်းဖြင့် တောတောင်ကိုခုတ်ရှင်း၍ တောင်ယာ၊ ပဲခင်း၊ စိုက်ပျိုးလျက် စားပါသည်ကို ဤမြောက်တိရိစ္ဆာန်တို့ နှိပ်စက်ဖျက်ဆီးလှသဖြင့် စိတ်ဆင်းရဲခြင်း ဒုက္ခနှင့်တွေ့ကြိမ်ရချေ၏၊ ငါ၏သီလနှင့် အာစာရအကျင့်တို့ ရှိပါလျှင် နတ်သိကြားတို့ မ၊ စေသောဟု အဓိဋ္ဌာန်ပြု၍လျှောင်းစက်လျက်ပင် နေလေ၏။

ထိုအခါ သိမ်နံ့တက်ကူမွာ၏ ရှေးပုး၌ ရှေးကံကြောင့် ၎င်းယခုဘဝ သီလအာစာရတို့ကြောင်း၎င်း နတ်သိကြားတို့မနေနိုင်၍ ချက်ခြင်းဆင်းသက် လာပြီးလျှင် ပလုတ်တုတ် ခေါ်သော စည်ငယ်တခုကို ဆက်သလေ၏၊ ဤစည်ငယ်ကို တီးခတ်ပါလျှင် မြောက်တိရိစ္ဆာန်တို့၏ ရန်လည်း ငြိမ်းပါလိမ့်မည်၊ ဤလိုရှိရာ

တောင့်တ၍ ထီးခတ်ပါလျှင် လိုရာကိစ္စ ပြည့်စုံပါလိမ့်မည်၊ သင်မင်းသားသည် မမေ့မလျော့ ကျင့်လော့, အလိုမရှိသော်လည်း မကြာမီ ထီးနန်းကို အုပ်ချုပ်၍ မင်းလုပ်ရလိမ့် မည်ဟု မှာထား၍ ကွယ်လေ၏။

ထိုအခါ မျောက်တို့ရောက်လာလျှင်ပြေးစေရန်ငှင်း, အလိုရှိရာပြီးစေရန်ငှင်း, ထိုပလုပ်တုတ်စည်ငယ်ကို အသုံးပြု၍ ချမ်းသာစွာ မိမိ၏တောင်ယာအတွင်း တဲတော်၌ပင်နေလေသတည်း။

ပလုပ်တုတ်စည်ငယ်ကို နတ်သိကြားတို့ပေးဆက်၍မကြာမြင့်မီပင်, ခမည်းတော် အဓူလာမင်းကြီး နတ်ရွာစံလွန်တော် မူကြောင်းကို မူးမတ်တို့လျှောက်လာ၍ နေပြည်တော် ဗံဒရောမုံသို့ လိုက်ပါသွားပြီးလျှင်, ခမည်းတော်၏ အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုလ်ခြင်းကိစ္စကိုပြုလေ၏၊ မယ်တော်မူကား, ခမည်းတော်နတ်ရွာမစံမီကပင်အနိစ္စရောက်လေ၏။

ထိုသို့ခမည်းတော် မယ်တော်တို့ မရှိပြီးနောက်, ရသေ့ရဟန်းပြုမည်ဟုကြံပါသော်လည်း, မူးကြီး မတ်ရာသေနာပတိ ဒေါဗျညားသေဉ်လုံတို့နှင့်တကွ, တိုင်းသူ ပြည်သား လူအများ တို့က တောင်းပန်ကြသဖြင့် ဘခမည်းတော်၏ ထီးမွေ နန်းမွေ တိုင်းပြည်ကို အုပ်ချုပ်၍ မင်းလုပ်တော်မူရလေ၏။

ဤကား အသိုမရှိဘဲ မင်းပြုရသော သို့မ်နွတ်ကုမ္မာ၏ အဏ္ဏုပ္ပတ္တိတည်း။

## ၅၃။ တေလေတူး—ခုနိပွဲ

မင်္ဂလာကိစ္စ, အမင်္ဂလာကိစ္စ, သာမှု နာမှုစသောအရာများကို မြန်မာပြည်သားတို့ ပြုလုပ်ကြသည်မှာ, ရှေးအခါကာလ မဇ္ဈိမ

ဒေသ တွင်ဘူးသော အိန္ဒိယအလယ်ပိုင်းနှင့်တကွ၊ ထိုအိန္ဒိယ တပြည်းလုံးက ပြုလုပ်ကြသည်ကို နည်းနာယူ၍ ပြုလုပ် ကြခြင်းသာ များလေသည်၊ ထိုကိစ္စအရပ်ရပ်တို့တွင် တလိုင်းကရင် လူမျိုးတို့၌ ရှေးရိုး အိန္ဒိယတောင်ပိုင်းသားတို့၏ အလေ့ ထုံးစံတခုကို ယခုတိုင်အောင် ပြုလုပ်လျက်ရှိသည်မှာ အခြားမဟုတ်၊ 'အရိုးကောက်ပွဲ-အရိုးဆေး'ပွဲကြီးပင်တည်း၊ ထိုအရိုး ဆေးသော အကြောင်းကို မဇ္ဈိမဒေသ၏ တောင်ဘက်တိုင်း ဇနပုဒ် သားတို့ ပြုလုပ်ကြသည်ကို ဂေါတမမြတ်စွာဘုရား ထင်ရှား ရှိစဉ်ကပင် ကရင်လူမျိုးတို့ကဲ့သို့ အရိုးကိုဆေး၍ ကျွေးမွေးပေးကမ်းလှူဒါန်းပြီးလျှင်၊ အကြီးအကျယ်ပွဲသဘင်ကျင်းပပြုလုပ်ကြသည်ကို၊ ဒသအင်္ဂုတ္တိုရ်ပါဠိတော်နှင့်၊ ၎င်းအဋ္ဌကထာတွင် ထင်ရှားစွာ တွေ့မြင်ရသည်။

သာမဏေပါဠိမှာ 'အတ္ထိဘိက္ခဝေဒက္ခိဏေသုဇနပဒေသုဓောဝနံ နာမ....'အစရှိသည်တည်း၊ ထိုပါဠိ မာဂဓကိုမြန်မာလို ပြန်လျှင် အိုရဟန်းအပေါင်းတို့ တောင်ပိုင်းဖြစ်သော ဇနပုဒ်တို့၌၊ အရိုးဆေးခြင်းမည်သော ကိစ္စတခုသည်ရှိလေ၏၊ ထိုအရိုးဆေး ပွဲတွင် စားဘွယ်သောက်ဘွယ် အသွယ်သွယ်သော ထမင်းအဖျော်သည် ၎င်း၊ ကိုက်ခဲ၍စားအပ်သော ငှက်ပျောသီးစသည်၎င်း၊ လက်ကော် ရငြားထမနဲများနှင့် လျှာဖြားဖြင့် လျက်အပ်သော ပျား၊ တင် လဲ စသော အရသာမျိုးသည်၎င်း၊ ထိုအရိုးကောက်၍ ဆေး သောပွဲ၌ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့သည်၎င်း၊ ဖြစ်လေ့ ရှိလေ၏၊ ရဟန်းအပေါင်းတို့ ၎င်းအရိုး ဆေးပွဲသည်၊ အကယ်ဘဲ ရှိလေ၏၊ မရှိဟူ၍ ငါဘုရား မပယ်....စသည်ဖြင့် အဓိပ္ပါယ် ရချေ

သည်၊ပြုလုပ်ကြသော ထုံးစံမှာ၊အဋ္ဌကထာတွင် ထင်ရှားလှ၍ အဓိပ္ပါယ်ဘော်ပြဦးအံ့။

ထိုအိန္ဒိယတောင်ပိုင်း၌ နေကြကုန်သော လူတို့သည်မိမိတို့၏ ချစ်ခင်လှစွာသော ဆွေမျိုး ဉာတိတို့တွင် တစုံ တယောက် အရေးပြုလောက်သောသူ သေဆုံးခဲ့သော်, မီးဖြင့် ဖုတ်ကြဉ်း သင်္ဂြိုဟ်ခြင်းစျာပနကိုမပြုကြဘဲ, မြေကြီးထဲတွင် တွင်းကြီး တူး ကုန်၍ ထိုသေသူ၏အလောင်းကို ထိုမြေကြီးတွင်း၌ သွင်းထား မြှုပ်နှံကြကုန်၏၊ ထိုမှနောက်ကာလ အသား အသွေးတို့ ပုပ်၍ မြေကြီးကစုတ်ယူသဖြင့် အရိုးပြုချည်းကျန်လတ်သော်, ထိုအရိုး တို့ကို ထုတ်ယူ၍ ရေဖြင့်စင်ကြယ်စွာ ဆေးပြီးလျှင်, အစဉ် အ တိုင်း ခြေရိုးမှစ၍ ဦးခေါင်းရိုး ကျအောင် တစုံတခုကို ကပ်မှီ လျက် ထောင်ချီပြီးလျှင်,နံ့သာ ပန်းမာလ်ဖြင့်ပူဇော်၍ အလိုရှိ သောနေ့တိုင်အောင် ထောင်လျက်ထားကြကုန်၏၊နွေလ အချိန် အခါ, ခြေခင်းလက်ခင်း သာယာ၍ တာရာ နက္ခတ် သင့်မြတ် ကောင်းမွန်သော နေ့ လ,ပွဲလုပ်နိုင် လောက်သော ပစ္စည်းဓန ရှာဖွေစုဆောင်း၍ ရကြသောကာလ, ထိုသမယတွင် ကြီးကျယ် ခန်းနားစွာသော မဏ္ဍပ် ကန္နားကြီး ဆောက်လုပ်၍ ယခင်က ထောင်ထားသောအရိုးကို ရွှေ့ပြောင်းလျက် ကောင်းမွန်စွာ ထောင်ထားပြီးလျှင် များစွာ ဝိုင်းအုံလျက် ဝမ်းနည်းပက်လက် အသက်ထွက်လုခမန်း ငိုယိုမြည်တမ်းကုန်လျက်, နက္ခတ် ပွဲသဘင် ဆင်ယင်ကျင်းပကစားကြကုန်၏၊ထိုအဋ္ဌကထာမှာအဓိပ္ပါယ်လာ သည်၊ထိုအိန္ဒိယတိုင်း တောင်ပိုင်းသားတို့တွင်လည်း‘ကိရာတ’ လူ မျိုးတို့သည် ယခုကာလတိုင်အောင် ထိုအရိုးပွဲကို ပြုလုပ်ကြဆဲ ပင်ဖြစ်လေသည်။

ထိုထုံးစံမျိုးသည် မြန်မာပြည်သို့ကူးစက်ပြန့်ပွါး၍ လူအများပင် ရှေးက ပြုလုပ်ခဲ့ကြသော်လည်း, ပစ္စုပ္ပန်ကာလ ယနေ့ကျအောင်ဆက်လက်၍ အရိုးပွဲပြုလုပ်ကြသည်မှာ, မြန်မာပြည်တွင် ကရင်လူမျိုးများသာ ပြုလုပ်ကြတော့ကြောင်း၊ ကရင် လူမျိုးတို့၏ အရိုးပွဲပြုလုပ်ခြင်းမှာ,ရှေးရိုးအတိုင်းလည်းမကျ, ရှေး ရိုးထုံးစံကို လုံးလုံးလည်းမပယ်ကြဘဲ, တစုံတယောက်အရိုးပွဲ ပြုလုပ်လောက်သောသူ ဂုဏ်သရေရှိလူကြီးဖြစ်သူ ယောကျ်ား မိန်းမတို့သေကျေခဲ့သော် ထိုအလောင်းကို ခေါင်းသွင်း၍ ဖြစ်စေ မီးရှို့ပြီးနောက် အရိုးကို ကောက်၍ ဖြစ်စေ နွေလသတင်းသို့ရောက်၍ ကောက်ပဲသီးနှံတို့ ရိတ်သိမ်း၍ပြီးသောအခါ ကျန်ရစ်သူ သားသမီး ဆွေမျိုးညာတိတို့၏ ဥစ္စာအင်အား အလျောက်ခမ်းနားကြီးကျယ်စွာ မဏ္ဍပ်ကြီးဆောက်လုပ်၍ အဝေးအနီးရှိ ဆွေမျိုးညာတိ မိတ်ဆွေသင်္ဂဟတို့ကို ဖိတ်ခေါ်၍ကျွေးမွေးပေးကမ်းပြီးလျှင် ထိုမသာလောင်းထည့်သော ခေါင်း သို့မဟုတ် အရိုးကို အလယ်၌ထား၍ ဟိုဘက် သည်ဘက် ယောကျ်ားပျိုမိန်းမပျိုတို့ နေကြလျက် ဘားစည်အမျိုးမျိုး တံပိုးအမျိုးမျိုးတို့ကို တီးမှုတ်လျက် ညည်းယမ်းကာစ၍ စကားချိပ်ဆက် တဖက်ကိုတဖက် အနိုင်အထက် သာယာစွာသောအသံဖြင့် ချီးကြူးဖွဲ့နွဲ့ စောင်းငဲ့ချိပ် ဆိုကြပြီးလျှင် ညဥ့်သည် အတော်နက်လတ်သော် တဖက်ဖက်ကထ၍ အလောင်းထည့်သောခေါင်းကို လှည့်လည်၍ ကခုန်သီဆိုပြီးလျှင် ငါနှင့်တွဲဖက်၍ သီဆိုကခုန်လိုသူထွက်ခဲ့ဟူသော အဓိပ္ပါယ်ဖြင့် သီချင်းဆို၍ ကခုန်လျက် ခေါ်ရာတွင် ထိုသူနှင့်ယှဉ်ပြိုင်၍ လှည့်လည် ကခုန်သီဆိုကြလေကုန်၏ ထိုစုံတွဲ အတော်မောလောက်လျှင် တဖက်မှတယောက်ကထပြန်

၍ ဟိုတဖက်မှသည်း တယောက်ယောက် ထလာပြီးလျှင် တစုံတဲ့လျက် က ,ခုန်သီဆိုကြပြန်လေ၏၊ ဤသို့သောနည်းဖြင့် နံနက်လင်း၍ နေထွက်သည်တိုင်အောင် လူပျိုဘက်မှ တယောက် မိန်းမပျိုဘက်မှတယောက်နှင့် သီဆို က, ခုန် လျက် ပျော်ပါးကစားကြလေကုန်၏။

ထိုကဲ့သို့ လူပျိုအပျိုတို့တဲ့၍ ဩပွဲကြီးပြုလုပ်သော ပွဲသဘင်ကြီးကို ဒုံရင်း နောင်လုံ ထီးလုံစသော တလိုင်းကရင် လူမျိုးတို့နေသော အရပ်ဒေသ၌ နွေကာလကိုသွားပါလျှင် ရွာတိုင်းမှာလိုလိုပင် ကြားမြင်တွေ့ရှိ ကြည့်ရှုကြရပေလိမ့်မည်၊ ထိုပွဲမျိုးကို 'အရိုးကောက်ပွဲ'ဟူ၍ရင်း ခေါ်ကြသည်၊ ထိုသို့ အလောင်းကို အလယ်ကထား၍ဖြစ်စေ အရိုးကို အလယ်ကထား၍ဖြစ်စေ က, ခုန်ကြသော 'ဩပွဲ'ကို တွေ့သောအခါ ဘယ်အတွက် ဤကဲ့သို့ ပြုလုပ်ပါသနည်းဟု မေးမိပါသည်၊ ထိုအခါ မြန်မာရေလယ်၍ စာပေ သင်ကြားဘူးသော ဘုန်းတော်ကြီး တပါးက ဤဩပွဲသည် ငါတို့ကရင်သာလျှင် ပြုလုပ်သည်မဟုတ် ဘုရားရှင်၏ လက်ထက် တော်ကလည်း ဒက္ခိဏဇနပုဒ်၌ ပြုလုပ်ကြကြောင်း ထုံးဟောင်းရှိပေသည်၊ ထိုပွဲကို အများအားဖြင့် ပြုလုပ်သော ဒက္ခိဏဇနပုဒ်နေ 'ကိရာတ' လူမျိုးတို့မှ ဆင်းသက် ပေါက်ဖွါးသော ငါတို့ 'ကရင်' လူမျိုးတို့မှာလည်း ရှေးရိုး ထုံးစံအတိုင်းသာ ပြုလုပ်ပါသည်ဟု ပြောပြ၍-သိခဲ့ရပေသည်။

ဤစကားစုဖြင့် 'တေလေတူး' ခုန်ပွဲ 'ဩပွဲ' သည် မြန်မာပြည်ရှိ ကရင်လူမျိုးတို့သာ ပြုလုပ်သည်မဟုတ် အိန္ဒိယတောင်ပိုင်း ဒက္ခိဏဇနပုဒ်တိုင်းသား 'ကိရာတ' ကုလားတို့လည်း ရှေးရှေးကစ၍ ယနေ့တိုင်အောင် ပြုလုပ်ကြကြောင်းကို ကောင်းစွာ

သိရပေသည်၊ ဤကရင်ရာဇဝင် ကျမ်းတွင် ပါသော ‘အဓူလာ’ မင်းကြီး နတ်ရွာစံသော အခန်းတွင် ‘ကောင်းမွန်စွာ သင်္ဂြိုလ်ခြင်းကိစ္စကို ပြုလေ၏’ ဟူ၍သာ ပါလာသည်၊ ‘တေလေတူး’ ခုန်သော သြပွဲ-ကြီးပြုလုပ်သည် မလုပ်သည်ကို ကျွန်ုပ်တို့မသိနိုင်ပေ၊ သို့ရာတွင် ‘ကိရာတ,ကရင်’ မှန်လျှင် ကေန်ပြုလုပ်တတ်သော ထုံးစံကား ထိုခေတ်ကာလမှစ၍ ယခုတိုင်အောင် ထင်ရှားရှိကြောင်းကို မြင်ဘူးသူတိုင်း ပြောကြ ယုံကြည်ကြပေလိမ့်မည်၊ ဤကား ကရင်ရာဇဝင်နှင့်စပ်၍ ကရင်ဇာတ် ရှိသူတို့၏ ထုံးစံကြီးတခု ယခုတိုင်ရှိကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကထာတို့ဖြင့် သေချာစွာ ပြလိုက်သောစကားစုတည်း။

## ၇၄။ ဇယျမြို့သစ်တည်ထောင်ခြင်း

ထိုသို့နှိန်နှတ်ကူမှာသည် နန်းတက်တော်မူပြီးလျှင် မိမိ၏ ဘွဲ့တော်ကိုလည်း ပါဠိဘာသာဖြင့် ‘ဣန္ဒဒေဝပါလရာဇာဟု ဘွဲ့ခံတော်မူ၏၊ မြန်မာပြန်သော်ကား ‘သိကြားနတ်တို့ စောင့်ရှောက်မ,စသောမင်း’ဟု အဓိပ္ပါယ်ရ၏၊ ထိုမင်းကို တလိုင်းကရင် လူမျိုးတို့က မိမိဘာသာဖြင့် ‘ဟအိန်တေဝရေးတိုဟဒ္ဒတ်’ ဟု ခေါ်ကြကုန်၏။

တလိုင်းကရင် ဘာသာကို မြန်မာစာဖြင့်ရေးရန် အသံစုံမရှိသည်ကို သတိပြုကြရန် တောင်းပန်ပါသည်။ ။အမှာ။

ထို ဟအိန်တေဝရေးတိုဟဒ္ဒတ် မင်းကြီးသည် ခမည်းတော် အဓူလာ မင်းကြီး၏ ဒွါရပူရ ဗ'ဒရောမုံ မြို့တော်သည် တောင်ကြီး ကမ်းကြီးများပေါ်တွင် တည်ရှိ၍ အဖျားအနာ ရောဂါများခြင်း,ဆင်မြင်းရထားလှည်းနွား လူသူပြည်သူ အပေါင်းတို့

အသွားအလာ ခက်ခဲသည်ကို ဆင်ခြင်စဉ်းစားတော်မူ၍ မှူးမတ်တို့နှင့် တိုင်ပင်လျက် မင်းသားဖြစ်စဉ်က ကိုယ်တော်တိုင် တောတောင်ကိုခုတ်ရှင်း၍ တောင်ယာပဲခင်း လုပ်ခဲ့ဘူးသော နေရာအရပ်သည် ဟောင်တရောမြစ်ကမ်းနှင့်လည်းနီး၍ တောင်ယာမှတပါး လယ်ယာကိုင်းကျွန်းလည်း လုပ်ကိုင် စားသောက်နိုင်သဖြင့် ပြည်သူဆင်းရဲသားတို့ ချမ်းသာသုခ ရရှိကြစေရန် ရည်သန်တော်မူ၍ ဗ ဒရောဒို မြို့ဟောင်းမှ ပြောင်းရွှေ့ခဲ့၍ ပလုတ်တုတ်စည်ယယ်ကို နတ်သိကြား ဆက်သရာဖြစ်သော တောင်ယာဟောင်း မြေပြင်၌ မြို့ရိုးကျုံးမြောင်း စသည်ဖြင့် အလုံးစုံမြို့၏အင်္ဂါများနှင့် ပြည့်စုံအောင် တည်ထောင်ဖန်ဆင်းတော် မူလေ၏၊ ပလုတ်တုတ်ခေါ်စည်ယယ်၏ တန်ခိုးကြောင့်လည်း နေ့ရက်မကြာမီ မြို့ကြီးတည်၍ ပြီးလေသတည်း။

မြို့တော်သစ်ပြီးသောအခါ စစ်အင်္ဂါလေးပါး ကျင်းပလျက်မြို့တော်သစ် ထီးသစ်နန်းသစ်ကို သိမ်းယူတော် မူပြီးလျှင် မြို့တော် သစ်ကိုလည်း ခမည်းတော်၏ မြို့ တော်အမည် အတိုင်း ဇယျမြို့ဟူ၍ပင် သမုတ်တော်မူလေ၏၊ ထို မင်း ၏ လက် ထက်တော် အခါ၌, ပလုတ်တုတ်စည်၏ တန်ခိုးကြောင့် လိုရာကိစ္စပြီးစီးပြီးလျှင် သူပုန် သူကန် ရန်သူမှစ၍ မုဒိမ်း တန္တ ခိုးသားထားပြုမရှိ, ငြိမ်းချမ်းသာယာစွာ ပြည်သူ အပေါင်းတို့သည်, သားငယ် သမီးငယ်တို့ကို ရင်ခွင်၌ က, ခုန်စေလျက်ချမ်းသာစွာနေကြရကုန်သဖြင့် ရတနာသုံးပါးကို ဆီးကပ် ကိုးကွယ်လျက်ဒါန, သီလ, ဘာဝနာတရားတို့ကို တတ်အားသမျှ အားထုတ်ကြကုန်၍ ပြည်ရွာသာယာ ဝပြောလေ၏၊ သာသနာလည်း ထွန်းလင်းလေ၏။

ထိုမင်းသည် ပလုတ်တုတ်စည်ယော် တန်ခိုးကြောင့် လွန်စွာ ဘုန်းကြီးသော်လည်း လွန်စွာပင်အလိုနည်းသောမင်းဖြစ်ရကား အသစ်နိုင်ငံ ချဲ့ထွင်ခြင်းကိုမဆိုထားဘိ၊ ခမည်းတော်၏ နိုင်ငံ ဟောင်းဖြစ်သော မြို့ရုံခြောက်မြို့ကိုသော်မှ သိမ်းယူတော်မမူဘဲ ဇေယျခေါ် မြို့တော်တခုတည်းဖြင့် တင်းတိမ်ရောင့်ရဲစွာ စံနေ တော်မူလေ၏။

ထိုဇေယျမြို့သစ်ကို တည်ထောင်သော ခုနှစ်ကား၊ မြတ်စွာ ဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် အဇာတသတ်မင်း ဖြိုကြွင်းသက္ကရာဇ် ၁-ခုနှစ်တည်း။

စကားချပ်၊ ထိုဇေယျမြို့ နေရာကား ဟောင်တရေမြစ်၏ အရှေ့မြောက်ဘက်ကမ်း၊ ယခုအခါ ဆင်ဖြူကုန်းခေါ်သောရွာ၏ အနီး၊ နောင်တမန်ခေါ်သောရွာနားဌ်ရှိသော မြို့ဟောင်းမြို့ပျက် ရာတည်း၊ ထိုဇေယျမြို့ကို တလိုင်း ကရင်တို့က- က၊ ခ၊ စသော အက္ခရာ ကို ကဲ့၊ ခဲ့၊ စသည်ဖြင့် ဘတ်ရွတ်ကြသောအတိုင်း ဓုိ ဇေယျ ကို မုံ ဇဲ့ ယျဲ့ ဟုခေါ်ကြသည်၊ ကာလရွေ့လျော၍ထိုမြို့ကို ဇဲ့ယဲ့ ကိုဟုခေါ်ကြပြန်သည်၊ ဘဖန်ရွေ့လျောပြန်၍ ဇဲ့ယဲ့ ကို ဇွဲယျဲ့ ဟုခေါ်ပြန်သည်၊ ထိုမြို့၏အနီးရှိ ဟောင်တရော မြစ်ကိုလည်း ဇွဲယျဲ့မြစ်ဟူ၍ပင် ခေါ်ကြကုန်၏။

ဇွဲယျဲ့ခေါ်ခြင်းသည် ဇွဲယျဲ့ခေါ်ခြင်းနှင့်တူ၏၊ ဤကားအမှာ

## ၅၅။ ဇွဲယျမြို့မင်းဆက်

ထိုဟဒ္ဒတ်မင်းခေါ် ဣန္ဒဒေဝပါလရာဇာ ဘွဲ့ခံ ဟဣန်တေဝ ရားတိုဟဒ္ဒတ် မင်းမြတ်သည်၊ သက်တော် ၉၀- တိုင် ကိုယ်တော် ၏ စီးပွါး၊ သာသနာတော်၏စီးပွါး၊ ပြည်သူ လူရဟန်းတို့၏ စီး

ပွါးကို ရှက်ဆောင်တော်မူ၍ တိုင်းသူ ပြည်သားတို့အား, ဝမ်းထွက်သားကဲ့သို့ သိမ်းပိုက် မစ,တော်မူပြီးလျှင် လူ့ပြည်ငြိးရှ၍ နှတ်ထိးစံတော်မူလေ၏၊ ထိုမင်းကြီးနတ်ရွာစံသောအခါ, ထိုမင်း၏သားတော်သည်ဂဗ္ဘဂီရိရာဇာဟု ဘွဲ့ခံ၍မင်းပြုလေ၏၊ထိုနောက် ဇွဲယျပနရာဇာမင်းပြု၏၊ ထိုနောက်သိမ္မလဝမင်းပြု၏၊ ထိုနောက် မာလိကလျှာဏရာဇာမည်သောမင်းသည် ဇွဲယျမြို့ကို အုပ်ချုပ်၍ မင်းပြုတော်မူ၏၊ ထိုမင်း လက်ထက်တော်၌ ဘိုးလောင်းတော် အမူလာမင်းကြီး တည်ထား ကိုးကွယ်ခဲ့သော ကျိုက်ထားပိုက်ဆု ပိုက်ခေါ် ၃၃-ဆူ ဘုရားပြိုပျက်သည်ကို ထပ်မံ၍ တည်ထား ကိုးကွယ်လေ၏၊ ထိုမင်းနောက် လောစွမင်းပြု၏၊ ထိုနောက် ဗိတ္တလုမင်းပြု၏၊ ထိုနောက် ဝပုံမင်းပြု၏၊ ထိုနောက် စောညီမင်းပြု၏၊ ထိုနောက် ဥပဋ္ဌရမင်းပြု၏၊ ထိုနောက် ဝဏ္ဏရာဇာမင်းပြု၏၊ ထိုနောက် ပဏ္ဍနောမင်းပြု၏၊ ထိုနောက် ဝါလဂီမင်းပြု၏၊ ထိုနောက် ဥဒိမ္ဘယမင်းပြု၏၊ ထိုနောက် ဥတ္တရရာဇာမင်းပြု၏၊ ထိုနောက် ပေါင်ဆံမင်းပြု၏၊ထိုနောက် ကလိမင်းပြု၏၊ထိုနောက် ဝဂုဟာမင်းပြု၏၊ ထိုနောက် ဝပနိမ်မင်းပြု၏၊ ထိုနောက် ဝလောကိမ်မင်းပြု၏၊ ထိုနောက် သိဒရမင်းပြု၏၊ ထိုနောက် သီဝဗလီမင်းပြု၏၊ ထိုနောက် ဝစကမင်းပြု၏၊ ထိုနောက် ဝသီဟာမင်းပြု၏၊ ထိုနောက် ဟကာမာမင်းပြု၏၊ ထိုနောက် ဝစနာမင်းပြု၏၊ ထိုနောက် သိရိပါဂီမင်းပြု၏၊ ထိုသိရိပါဂီမင်း မရှိသောနောက် ဇွဲယျခေါ် ဓုဇယျမြို့မှာ မင်းဆက်ပြတ်၍ တပါးသောမင်းတို့၏ နိုင်ငံသို့ ပါဝင်လေ၏၊ ဤသို့လျှင် ဇွဲယျမြို့သစ်၌ ဟဒ္ဒတ်မင်းအစ သိရိပါဂီမင်းအဆုံး မင်းပေါင်း ၂၇-ဆက်တွင် မင်းဆက်ပြတ်၍ ရွာနိဂုမ်းကြီးဖြစ်ရလေ၏။

ဇယျမြို့ဟောင်းရှင် အဂုလာမင်းကြီးနှင့်သော် မြို့ဟောင်းမြို့ မြို့သစ် မင်းဆက် ၂ဂ ဖြစ်သတည်း၊ အမှာ။

ဇွဲယျမြို့ စည်ကားစဉ်အခါကာလက, ထိုမြို့နှင့်မင်းပြိုင် ပြုကြသောမြို့တို့ကား၊ ၁ ပဌမက လက်အောက်ခံဖြစ်ဘူးသော မြဝတီမြို့က ကရင်မင်း၊ ၂ လုံပေါင်မြို့ကရင်မင်း၊ ၃ ကျိတ်မြို့ကရင်မင်း၊ ၄ တောင်ပို့မြို့ ကရင်မင်းများ ဖြစ်ကြသည်၊ ထိုမှတပါးလည်း ရမ္မာပူရ-ရမ္မာဝတီခေါ် ကော့ဗ်နိုးမြို့ ရှမ်းမင်း၊ ဒုံရင်းခေါ် ပအာဝနမြို့ ကရင်မင်း၊ ဂြိုင်းမြို့ကရင်မင်း၊ ထားကြိုင်းမြို့ ကရင်မင်း၊သဇိုင်းမြို့ကရင်မင်း၊ လှိုင်ဘွဲမြို့လာမင်း၊ ယခုကာလတခွက်ဖိုးခေါ်သော သောက်ခွတ်ပွါပိုမြို့ကရင်မင်း၊ သုဝဏ္ဏဘူမိ သုဓမ္မဝတီ သထုံပြည် မွန်တလိုင်းမင်းများသည်, ဒုံဇယျခေါ် ဇွဲယျမြို့မင်းများနှင့် မင်းပြိုင်တို့ပေတည်း။

ဤကားဇွဲယျမြို့ ကရင်မင်းဆက်ရာဇဝင်အကျဉ်းတည်း

## ၅၆၊ သံဝေဂယူရန်

သက္ကရာဇ် ခြောက်ရာကျော်ကစ၍ ဇယျနိုင်ငံသည် ကံအား လျော်စွာ ဇယျမြို့နှင့်တကွ ပေါင်မြို့ ကျိတ်မြို့ တုံပုံမြို့ မြဝတီမြို့တို့သည် မြို့ရုံ၏အဖြစ်ဖြင့် မုတ္တမခရိုင်သို့ ပါဝင်ရလေ၏၊ နောက်တဖန် သက္ကရာဇ် ၁၁၁၉-ခုနှစ်တွင် မုတ္တမခရိုင်ပါ ရာမညတိုင်းအလုံးသည်, မြန်မာနိုင်ငံသို့ ပါဝင်ရပြန်လေ၏၊ နောက်တဖန် သက္ကရာဇ် ၁၁ဂ၇-ခုနှစ်တကြိမ် သက္ကရာဇ် ၁၂၁၄-ခုနှစ် တကြိမ်, သက္ကရာဇ် ၁၂၄၇-ခုနှစ်တကြိမ်, ဤသို့ သုံးကြိမ်မြောက်ဖြင့် အထက်အောက် မြန်မာနိုင်ငံတော် အလုံးသည်, ဗြိတိသျှ လက်အောက်ခံ အိန္ဒိယနိုင်ငံတော်အတွင်းသို့ပါဝင်ရလေ၏၊ ထိုလူမျိုး

ခြား ဗြိတိသျှတို့မပိုင်မီ မြန်မာရှင်ဘုရင် ဘိုးတော်မင်းတရားကြီး၏ လက်ထက်တော်အခါ မုတ္တမ ၃၂ မြို့တို့၏နယ်နိမိတ်အပိုင်း အခြား ဘုရားမြေ,သိမ်မြေ,အိမ်မြေ,ရွှေပန်းခွန်စသည်တို့ကိုစစ်မေးတော်မူ၍ အစစ်ခံကြသော မြို့စားမင်းတို့၏ အစစ်ခံချက်များကို ကူးနိုပ်တို့ပုံနှိပ်ထုတ်ဝေလေတံ့သော, 'မုတ္တမရာဇဝင်နှင့် မုတ္တမစစ်တမ်းစာဟောင်းကျမ်းတွင်'အသေအချာဖေါ်ပြပါရှိလိမ့်မည်ဖြစ်သတည်း။

အဟောအနိစ္စာ သဗ္ဗသင်္ခါရာ၊
ခယမ္မဓာ ဝယဓမ္မာ။

သဗ္ဗသင်္ခါရာ၊ အလုံးစုံသော မြို့ပြခရိုင်နိုင်ငံနှင့်တကွ မင်းမိဖုရား မှူးမတ်စသောသူ တည်ထောင် ဖန်ဆင်းပြုပြင်ခြင်းရှိမှ ဖြစ်ကုန်သော သင်္ခါရတို့သည်၊ ခယဓမ္မာ၊ ကုန်တတ်သော သဘောရှိကုန်၏၊ ဝယဓမ္မာ၊ ပျက်စီးယိုယွင်းသုံဖျင်းတတ်သော သဘောရှိကုန်၏၊ အဟောအနိစ္စာ၊ မြဲဘယ်တစုံတရာမျှ မမြဲသော သဘောတရားစုပါတကား၊ ဟူ၍သာသံဝေဂကမ္မဋ္ဌာန်း ရှုကြစေကုန်ခလို့။

ကရင်ရာဇဝင်ကျမ်း ပထမတွဲပြီး၏။

# ကာရင်ရာဇဝင်

## ဒုတိယတွဲ

လှိုင်းဘွဲ့, သဇိုင်း, ထားကျိုင်း,

ကျိုင်းမြို့, တခွက်ပိုပါ, ငါးဖြာရုံခ,

ပအာ၁ဝန်, တွင်ခြင်းဒုံရင်းမြို့

မင်းဆက်ရာဇဝင်။

# ကရင်ရာဇဝင်

နမော ဝိသညုနော လောကနာထဿ

## အခန်း ၈

### ၅၇။ ပအာဝန်မြို့တည်ထောင်ပုံ

ရာမညတိုင်းအဝင် သံလွင်မြစ် ခေါ်သော အဿကဏ်နဒီ မြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသော ဇွဲကပင်ဟု ထင်ရှားသော ဗန္ဓဝဂီရိတောင်ခြေပတ်လည် ကလျှောက် တည်ရှိသော တောကြီးမြိုင်ကြီးကို ဂေါတမ ရှင်တော်ဘုရားမပွင့်မီ ကာလက ပအာဝန်-ပအာဝုန်တောကြီးဟုခေါ်ဝေါ် သမုတ်ကြကုန်၏။

ထိုတောတောင်၏အတွင်း တခုသော လိုဏ်ဂူကြီး၌, လေး, မြှား, ထား, လှံ, သံလျက်, လက်နက်တို့ဖြင့် သမင်, ဒရယ်ချေ, စိုင်, ဆတ်, စသော တောသားသတ္တဝါများကို သတ်ဖြတ် ရောင်းချ၍ အသက်မွေးသော လစ္စွဲ အမည်ရှိသော ကရင်လူမျိုး မုဆိုး တယောက်ရှိလေ၏။

ကရဏ္ဍကတိုင်းပြည်ရှင် ဘုရင်တိဿသက္ကမင်းကြီးသည် ယွန်းလူမျိုး သူပုန်သူကန်တို့ကို လိုက်ထပ်တိုက်ခိုက်နှိမ်နင်းတော်မူရာ, နိုင်ငံတော်၏ အစွန် အဖျား ဒိုဟန မည်သော တောင်တန်းကြီး၏အနီး တခုသောတောင်ငယ်ပေါ်၌တပ်စခန်းချ၍ ထိုတပ်စခန်းကိုပင်, ရန်အပေါင်းကိုအောင်မြင်ရာဌာန ဖြစ်သောကြောင့် ဇယျမြို့ဟုသမုတ်လျက်, မြို့၏အင်္ဂါနှင့်ပြည့်စုံစွာ မြို့တည်ပြီးလျှင်

ရန်အပေါင်းကို အောင်မြင်ပြီး ဖြစ်သောကြောင့်, အောင်သေအောင်သားစား၍ အောင်ပွဲသဘင်ခံလျက် ခုနစ်လ တိုင်တိုင်ခေတ္တစံနေတော်မူသောအခါ, ပွဲလမ်းရသော စစ်သည် သူရဲတို့အား ဘွဲ့ထူး,ဂုဏ်ထူးနှင့်တကွ ရာထူး ဌာနန္တရမြို့စား ရွာစားသနားချီးမြှောက်တော်မူလျက်နေ၏။

ထိုအခါ လစ္စဲအမည်ရှိသော ကရင်လူမျိုး မှူဆိုးတယောက်သည်,များစွာသော သားသမင်တို့ကို သတ်လျက် အမဲသားကင်ကျပ်တင်ခြောက်တို့ကို ယူဆောင်၍ ဇေယျမြို့တော်သစ်၌ ခေတ္တနန်းစံလျက် အောင်ပွဲခံတော်မူသော တိဿသက္က မင်းကြီးအားဆက်သလေ၏။

ထိုသို့အသားကင် ကျပ်တင်အမဲသားတို့ကို ဆက်သောအခါတိဿသက္ကမင်းကြီးသည် လွန်စွာ အားရ ရွှင်လန်း ဝမ်းမြောက်တော်မူလှ၍, လစ္စဲအမည်တွင်သော ထိုကရင် မှူဆိုးအား များစွာသော ဆုတော်လာဘ်တော်များနှင့်တကွ, မင်းမြှောက် တန်ဆာ ငါးပါးကိုပေးလျက်, လုဒ္ဒ ယောဓရာဇာ ဟူသောဘွဲ့ဖြင့်ထိုမှူဆိုး၏နေရာ ပအာဝန တောကြီးတွင်၊ မြို့ပြ တည်ထောင်၍မင်းပြုစေရန် ဗန္ဓဝဂီရိတောင်, ပအာဝနတောကြီးနှင့်တကွ,အနီးအပါးရှိ မွန်တလိုင်း လဝ တောင်သူ,ပအို့,ကရင်လူမျိုးတို့နေထိုင်ကြသော ရွာများပါ အပိုင် စားရန် ပေးသနားတော် မူလိုက်လေ၏။

လစ္စဲခေါ် လုဒ္ဒယောဓရာဇာသည် မိမိ၏နေရာ ပအာဝနတောရှိဂူကြီးသို့ပြန်၍ အနီးအပါးရှိသော ရွာသားများနှင့်တကွရှေးအခါကပင် မိမိ၏ တပည့်လက်သား ကရင်လူမျိုး များကိုစုဆောင်းခေါ်ငင် တိုင်ပင်ပြီးလျှင်, ထိုဂူ၏ အနီး တောကြီးကို

ခုတ်ထွင်ရှင်းလင်းစေ၍ ဘိုးတော် အဥ္စနမင်းကြီး၏ သက္ကရာဇ် ဂ၉-ခုနှစ်တွင်၊ မြို့၏ အင်္ဂါများနှင့်ပြည့်စုံစွာ မြို့ကြီး တည်ထောင် ဖန်ဆင်း၍၊ ပအာဝနမြို့ဟု မော်ကွန်းစိုက်ထူလျက်၊ ကရဏ္ဍကတိုင်း တိဿကမင်းကြီး၏ လက်အောက်ခံ လုဒ္ဒယော ရာဇာ ဟူ သောဘွဲ့ဖြင့်မင်းပြုလေ၏။

ထိုမင်းကြီးသည် လစ္ဆဲ ဟူသောအမည်ဖြင့် မုဆိုး လုပ်စဉ်က နေသော လိုဏ်ဂူကြီးကား၊ ယခုကာလ ဆဒ္ဒါန်ဂူ ခေါ်သော ဂူကြီးပင်တည်း၊ ထိုမင်းတည်ခဲ့သော ပအာဝနမြို့၏ နေရာကား ဆဒ္ဒါန်ဂူ၏အနီး ထန်ကွေခေါ်သော ရွာနားတွင် တွေ့မြင်ရသော မြို့ဟောင်းမြို့ပျက်နေရာ ဌာနကြီးပင်တည်း။

ထိုမြို့ကို ပဌမက ပအာဝနမြို့ဟုသမုတ်ခဲ့သော်လည်း၊ ကာလ ကြာသောအခါ ထိုမြို့၌ တလိုင်းကရင် လူမျိုးတို့သာ များစွာ နေသောကြောင့် ၎င်းကရင်လူမျိုး မုဆိုးလစ္ဆဲသည်ပင် ကရင်တို့ နှင့် တိုင်ပင်၍ မြို့တည်လျက် မင်းပြုဘူးသောကြောင့်၎င်း၊ မွန်တ လိုင်းလူမျိုး၊ ကရင်လူမျိုးတို့က မိမိတို့ ဘာသာဖြင့် ခုံကရင်ဟု ခေါ်ကြကုန်ကြ၏၊ ခုံကရင်ကတဖန် ရွေ့လျောပြန်၍ ခုံရင်ဟု ခေါ်ကြကုန်၏၊ ခုံရင်ကပြောင်းရွေ့၍၊ ယခုကာလ ဒုံရင်းဟုခေါ် ကြကုန်၏၊ မြန်မာပြန်လျှင် ကရင်မြို့ဟု ဆိုလိုသည်၊ ဒုံရင်း မြို့ကို ပဌမတည်ထောင်သော လုဒ္ဒယောရာဇာမင်းကို နောက်လူတို့က လုဒ္ဒယုခ်မင်းဟုခေါ်ကြသည်။

ဘိုးတော်မင်းတရားလက်ထက်၊ မြန်မာသက္ကရာဇ် ၁၁၄၉-ခုနှစ် မြန်မာပြန်ဆိုသော မွန်ရာဇဝင်ကျမ်း၌ကား၊ သျှင်ဂေါတမမြတ် စွာဘုရား ပွင့်တော်မမူမီ နှစ်ပေါင်း ၁၄-နှစ်ခန့်ကစ၍၊ မြတ်စွာ ဘုရား ပရိနိဗ္ဗာန် စံတော် မူပြီးသည့် နောက်၊ သာသနာတော်

သက္ကရာဇ် ၁၆၀၀ခုနှစ် သုဝဏ္ဏဘူမိတိုင်း သုဓမ္မဝတီ သထုံပြည်တွင် မနောဟရီ- မနူဟာ မင်းကြီး၏ လတ်ထက်ဟော် တိုင်အောင် ပအာဝနမြို့ဟုတွင်လျက် တိုင်းပြည်နှင့်တကွ ထီးနန်းကို အုပ်ချုပ်လျက်မင်းပြုသော ပအာဝနရာဇာ မင်း၏ တိုင်းပြည် မြို့ပြ ထင်ရှားရှိကြောင်းကိုဆိုသည်။

ငယ်မည် လစ္စခေါ် မုဆိုးကဖြစ်သော လုဒ္ဒယုဓ် မင်းသည်, ပအာဝနမြို့၌ တိဿသက္ကမင်းကြီး၏လက်အောက်ခံ ထီးရုံနန်းရုံ မြို့စားမင်း၏အဖြစ်ဖြင့် ၂၁နှစ်ရှိသော အခါ,ကောဇာသက္ကရာဇ် ၁၁၁ ပြည့်နှစ်တွင် ကရဏ္ဏကတိုင်းသုဘိန္ဒနဂရမြို့ တိဿ သက္ကမင်းကြီး နတ်ရွာစံလေ၏၊ ထိုအခါ သုဘိန္ဒမြို့၌ မင်းပြုတ်ခိုက် ပအာဝနမင်း လုဒ္ဒယုဓ်သည် နိုင်ငံတော်ခြားနားရှ်မင်းပြုလေ၏။

### ၅၈။ မင်းနှင့်ရှင်ဘုရင်ခြားနားပုံ

(၁) မင်းသည် အလုံးစုံသော မြေအပြင်ကို အစိုးရသော စကြာမင်းကဲ့သို့သော မင်း(ပထဗျာရာဇာ)။

(၂) တခုသောကျွန်းတွင် တစိတ်တဒေသကို အစိုးရသော မင်း(ပဒေသရာဇာ)။

(၃) ကျွန်းတခုတွင် တမြို့, နှစ်မြို့ကို စားရသော မင်း (မဏ္ဍလိကာရာဇာ)။

(၄) မင်းနှစ်ပါးတို့၏ အကြားတွင် နှစ်ရွာသုံးရွာ၏အရှင်ဖြစ်သော မင်း(အန္တရဘောဝိကာရာဇာ)။

(၅) ဓမ္မသဘင်ခေါ် ရုံးတော်၌နေ၍ အပြစ် အား လျော်စွာ ခိုးသူတို့၏ လက်ခြေဖြတ်ခြင်းစသည်ကိုပြု၍ ဆုံးမတတ်သော တရားစီရင်ရသော မင်း(အက္ခဒဿာရာဇာ)။

(၆) ထိုထို ရွာနိဂုံးတို့၌နေ၍ မင်း၏ကိစ္စ အဝဝတို့ကို ပြု လုပ်ဆောင်ရွက် တတ်ကုန်သော ဘုရင်ခံ၏ ရာထူး ဌာနန္တရသို့ ရောက်ကုန်သောအမတ်ကြီး မင်း(မဟာမတ္တရာဇာ)။

(၇) မင်းကို အမှီပြု၍၎င်း, မိမိ၏ ဝိရိယကို မှီ၍၎င်း ဖြတ် ခြင်းခွဲခြင်းကိုပြု၍ စီရင်ဆုံးမကုန်သော မင်း(ယောဓါပနရာဇာ)။

ဤသို့ မင်းခုနစ်မျိုးရှိကြောင်းကို ဝိနည်းပါဠိတော် အဋ္ဌက ထာတို့၌လာသည်။

တနည်းကား။ ။မင်းသည် (၁)စကြာမင်း၊(၂) ဧကရာဇ် မင်း၊(၃)ပဒေသရာဇ်မင်း၊ (၄)မဏ္ဍလိက်မင်း၊ (၅)အန္တရဘော ဂိကမင်း,ဟူ၍ မင်းမျိုး ငါးပါးရှိသည်၊ ထိုငါးပါးတွင် လေး ကျွန်းလုံးကို အစိုးရသောမင်းသည် စကြာမင်းမည်၏၊ တကျွန်း လုံး အစိုးရသောမင်းသည် ဧကရာဇ်မင်းမည်၏၊ တိုင်းနိုင်ငံ အ ချို့ကိုသာ အစိုးရသောမင်းသည် ပဒေသရာဇ်မင်းမည်၏၊တိုင်း နိုင်ငံ၏ အစိတ်အပိုင်းဖြစ်သော ဆယ်မြို့ကိုးမြို့ စသည်ဖြင့် တ ဝန်းတလျားကိုသာ အစိုးရအောမင်းသည် မဏ္ဍလိက်မင်းမည်၏၊ တိုင်းကြီး နိုင်ငံကြီးတို့၏ အကြားး၌ နှစ်ရွာသုံးရွာ စသည်ကို အစိုးရသောမင်းသည်,အန္တရဘောဂိက မင်းမည်၏ဟု- ရွှေမော် ဓေါ် သမိုင်းကျမ်းတွင် ဆိုသည်၊ ဤစကားသည် အထက်ပါဠိ တော် အဋ္ဌကထာ စကားသို့ဝင်၏။

ဤ ဆိုအပ်ခဲ့ပြီးသော မင်းတို့တွင် ဤကရင် ရာဇဝင်ကျမ်း တွင်ပါသော မင်းများသည် အဘယ်မည်သော မင်းတို့ပေနည်း ဟူမူ 'ရဟန်းမှာသိက္ခာ, မင်းမှာ ဘိသိက်'ဟု ဓညာတိ အရေး တော်ပုံစသော ကျမ်းတို့၌ဆိုသောကြောင့် ထီးဖြူဆောင်းခြင်း စသော မင်းမြောက်တန်ဆာ ငါးပါးကိုဆင်ယင်ရန် သုံးစွဲလျက်

သုံးပါးပါးသော ရာဇာဘိသိက်ကိုခံသော မင်းကိုသာ မင်းဟူ၍ယူသင့်သည်၊ သို့ရာတွင် ရာဇဝင်၏ အရာ၌သာ မင်းမြောက် တန်ဆာ ငါးပါးနှင့် ရာဇာဘိသိက်ကိုခံသောမင်းကိုသာ ယူသင့်သည်ဟု ဆိုလိုက်ပေသည်၊ အထက် အဆိုပါ—ပါဠိတော်နှင့်အဋ္ဌကထာများကို မလွန်ဆန် နိုင်သောကြောင့်၎င်း, မင်း ဆိုတိုင်းလည်း အဘိသိက်မခံသောကြောင့်၎င်း, မိမိအုပ်ချုပ်သော တိုင်းနိုင်ငံနေသူ လူအပေါင်းတို့အား အပြစ်အားလျှော်စွာ ဆုံးမနိုင်သော အသက်ဦးဆံပိုင် ရေမြေကို အစိုးရသောမင်းကို မြန်မာ ဘာသာအားဖြင့် ရှင်ဘုရင်ဟု ခေါ်ကြသည်၊ မင်းဟူသော မြန်မာ စကားသည် နောက်ကဆိုသော အလုံးစုံသော မင်းတို့နှင့် ဆိုင်သော်လည်း ရှင်ဘုရင်ဟူသော မြန်မာ စကားမှာ ရေမြေရှင်, ဘဝသျှင်မင်းနှင့်သာ သက်ဆိုင်လေသည်။

ဤသို့ မင်းနှင့်ရှင်ဘုရင်ကို ခွဲခြား၍ အဓိပ္ပါယ်ကို မှတ်သားရမည်၊ မင်းဆိုတိုင်းကား, ရှင်ဘုရင် မဟုတ်ပေ၊ ရှင်ဘုရင်ဟူ၍၎င်း,ပြည်ရှင်မင်းဟူ၍၎င်း, တိုင်းပြည်ရှင်ဟူ၍၎င်း ဆိုလျှင်သာ 'ရှင်ဘုရင်' ဟူ၍ မှတ်ရမည်၊ မင်းဟူသော မြန်မာ ဘာသာ စကားသည်ကား,စကြာမင်းမှစ၍ ရွာစား, ရွာသူကြီး တိုင်အောင် သက်ဆိုင်လေ၏၊ ထို့ကြောင့် ဤကရင်ရာဇဝင်ကျမ်းတွင် ပါသော မင်းများတွင်,အချို့မင်းများသည် ရာဇာဘိသိက်ခံသော မင်းတို့ပေတည်း၊ အချို့သော မင်းတို့ကား, မဏ္ဍလိက်မင်း, အန္တရာဘောဂိကမင်း,တို့သာတည်း၊ ဇယမြို့ ဗညားဂုန္ဒသေန ရာဇာနှင့် ပအာဝနမြို့လုဒ္ဒႜယာခရောဇာမင်းတို့မှကား, ကိုယ်တိုင် အုပ်ချုပ်သော တိုင်းပြည်သီးခြား ရှင်ဘုရင်မင်းမဖြစ်မီကပင် ကရဏ္ဏကတိုင်းရှင် တိဿသက္ကမင်းကြီးက ချီးမြှောက် ပေးကမ်းခဲ့၍ မင်း

မြောက်တန်ဆောင်ါးပါးကို ရကြသည်၊ နောက် နိုင်ငံသီးခြား၍ မင်းထီးပြုကြသောအခါ အဘိသိက်လည်း ခံကြောင်း သေချာစွာရှိပါသဖြင့် 'ရှင်ဘုရင်မင်း' တို့ပေထည်းဟု ယုံကြည် စိတ်ချ၍ အမြဲမှတ်ကြကုန်ရာသည်။

နောက်နောက်သော မင်းနှင့်တကွ၊ တတိယတွဲ နောက်ဆက်တွဲများတွင်ပါသော ဟံသာဝတီ ကွေ့ကရင်မင်း၊ အုပ်ဖို ကွေ့ကုဏ္ဍအိမ်မင်း စသည်တို့ကိုမူကား အဘိသိက်ခံသော မင်းဟူ၍ မတွေ့ရပေ၊ သို့ရာတွင် ဟံသာဝတီပြည် ဆင်ကြားရှင်ဘွဲ့ခံ သမိန်ထောရာဇာ မင်းကိုမူကား၊ အဘိသိက်ခံကြောင်းကို မတွေ့ရသော်လည်း ရှင်ဘုရင်မဟုတ်ဟူ၍ မည်သူမျှ ငြင်းပယ် နိုင်မည်မထင်ပေ၊ ထို့အတူ ဤပအာဝနမြို့ရှင် လုဒ္ဒယောရာဇာ လုဒ္ဒယမ်မင်းကိုလည်း နိုင်ငံတော် ခြားနား၍ မင်းပြုလေ၏ဟု မူဟောင်း၌တွေ့ရှိရသဖြင့် ရှင်ဘုရင်ပင်ဖြစ်လေသတည်း။

## ၅၉။ မနောဟရီဒေဝီ

ထိုလုဒ္ဒယမ်မင်း၏ မိဖုရားကိုလည်း တောင်သူ ဘာသာ ရှမ်းစက္ကူမှုဟောင်း၌ ပျက်နေ၍ မသိခဲ့ရသော်လည်း ထိုပအာဝနမြို့တော်ဟောင်းနေရာ ဒုံးရင်းနယ် 'ထံကွေ့' ရွာနေ ကရင် ဘုန်းတော်ကြီး၏ထံမှ ကြားနာမှတ်သားရသည်မှာ ဤထုံကွေ့ရွာ၏ တည်ရာ ဒုံရင်းမြို့ ပအာဝနမြို့ကို ရှေးဦးစွာ တည်ခဲ့သော ကရင်မင်းကြီး၏ ယော်မည်မှာ လစွဲခေါ်၍ ထိုလစွဲမင်းကြီး၏ မိဖုရားကြီးငယ်မည်မှာ 'မိနော်' ဟုခေါ်ကြသည်၊ နောက်ရှင်ဘုရင် မင်းဖြစ်သောအခါကျမှ မင်း၏နာမည်ဘွဲ့တော်ကို လုဒ္ဒယောရာဇာ မိဖုရား၏နာမည်ဘွဲ့တော် မနောဟရီ ဒေဝီဟု ဘွဲ့ခံ၍ နန်းစံကြ

ကြောင်းကို ပြောပြ၍ မှတ်သားခဲ့ရဘူးလေသည်၊ ထိုစကားသည် ယုတ္တိသင့်လှပေ၏။

ယုတ္တိသင့်ပုံကား၊ ခရာဇ်ယန်အယူဝါဒ ယူကြကုန်သော အနောက်နိုင်ငံသူအချို့တို့မှာ၊ မိမိတို့ကိုးကွယ်သောသခင် ယေရှု၏ မိခင်အမည်ဖြစ်သည့် 'မေရီ' ဟူသော အမည်ကို နှစ်သက်သဖြင့် မှည့်ခေါ်လေ့ရှိကြပေသည်၊ အကျင့်သီလနှင့် ပြည့်စုံ၍ စိတ်သဘောဖြူစင်သန့်ရှင်းသောသူ၏အမည်ကို မှည့်ခေါ် လိုခြင်းမှာ ဓမ္မတာပင်ဖြစ်သည်၊ သို့ကြောင့် အမည်မသိသော်လည်း 'မေရီ' ဟုခေါ်လျှင် စိတ်ဆိုးလိမ့်မည်မဟုတ်၊ နှစ်သက်မည်ပင် ဖြစ်သကဲ့သို့၊ ထိုနည်းတူစွာ ယခုကာလ ထိုဒိုရင်းနယ် နောင်လုံ၊ ထီလုံစသော အရပ်ဒေသတို့၌ နေထိုင်ကြသော တလိုင်း ကရင်လူမျိုး အပျိုအရွယ်လူငယ်များကို မြင်၍ခေါ်လိုကြပါလျှင်နာမည် ကိုပင်မသိသော်လည်း 'မိနော်'ဟုခေါ်လျှင် လွန်စွာရွှင်လန်းသော မျက်နှာဖြင့် ကြည့်၍ မြန်မာစကားကို တတ်သိနားလည် လျှင်လည်း၊ စကားတုံ့ပြန်ပြောလိမ့်မည်၊ မြန်မာစကားကို နားမလည်၍ ပြန်လှန်မပြောတတ်သော်လည်း မိနော်ဟု ခေါ်ခြင်းကြောင့် စိတ်ဆိုးခြင်းမရှိသည့်အပြင်၊ ငါ့ကိုမိဖုရား၏ အမည်ဖြင့် ခေါ်ပေသည်ဟု ဝမ်းမြောက်သောမျက်နှာဖြင့် နေသည်ကို မြင်ကြ ရပေလိမ့်မည်၊ ဤဆိုခဲ့သော အကြောင်းများကြောင့် လုဒ္ဒယမင်းကြီး၏မိဖုရားကြီးဘွဲ့တော်မှာ မနော်ဟာရီဒေဝီ၊ ငယ်မည် မိနော်ဟု ပြောလိုက်သော ကရင်ဘုန်းတော်ကြီး၏ စကားသည် ယုတ္တိသင့် လှပေသတည်း။

ဤမိဖုရားကြီး၏အမည်နှင့်စပ်၍ နောက်ထပ် သိရသည်မှာ၊ ကရင်လူမျိုးမိန်းမများ၏အမည်တို့ကို အချိန်အရွယ် ရောက်ပြီး

မိန်းမကြီးတို့၏ အမည်များကို'နန်းနွှာ'ဟူ၍ငင်း, အပျို အရွယ်သူငယ်မကလေးတို့၏အမည်များကို'နန်းပြိုင်'ဟူ၍ငင်း မှည့်ခေါ်ကြခြင်းသည် တလိုင်းကရင်လူမျိုးတို့၏ ယဉ်ကျေးသော စကားအသုံးအနှုန်းတို့ပေတည်း၊ ဥပမာ။ ဥရောပ တိုက် သူများတွင်ဂုဏ်သရေရှိအချိန်အရွယ်ရောက်ပြီးမိန်းမကြီးများကို'လေဒီ'ဟူ၍ငင်း၊ပျိုမြစ် နုနယ် ငယ်သေးသော မိန်းမပျို ကလေး များကို'ယန်းလေဒီ'ဟူ၍ငင်း ခေါ်ဝေါ်ပြောဆိုကြခြင်းသည်ယဉ်ကျေးသော စကားအသုံးအနှုန်းဖြစ်သကဲ့သို့တည်း၊သို့ရာတွင် ယခုကာလ တလိုင်းကရင်လူမျိုးတို့မှာ မြန်မာစကားတတ်သူလည်း များ၍,ရှေ့ကိုလည်း အလေးဂရုပြုသော ခေတ်ကာလ ဖြစ်နေသောကြောင့်ငင်း,စကားကို သေးသေးပင်ပင် ပြောတတ်သော လူမျိုးဖြစ်သောကြောင့်ငင်း,သင်ဒိုင်းဖြူကိုမဝတ်တော့ဘဲ,မိမိတို့ ကိုယ်ကိုင် ယက်လုပ်သော ဘမီ,လုံချည်,တို့ကိုဝတ်သော အပျိုကြီး အရွယ်မှစ၍ မိန်းမကြီးမှန်သမျှကို'နန်းရွှေနွှာ'ဟူ၍ငင်း၊ သင် ဒိုင်းဖြူကိုသာဝတ်နေသေးသော အပျိုငယ်ငယ် မိန်းကလေးများကို'နန်းရွှေပြိုင်း'ဟူ၍ငင်းခေါ်ကြသည်၊ ထိုစကားစု၌ 'နန်းနွှာ မှ နန်းရွှေနွှား'ဖြစ်လာ၍ 'နန်းပြိုင်မှနန်းရွှေပြိုင်း'ဖြစ်လာလေသည် သို့ရာတွင် ကရင်မအပျိုအရွယ်ကို 'မိနော်'ဟု ခေါ်က မလွဲနိုင်ကြောင်းကို,ယခင် ကရင်ဘုန်းတော်ကြီးကပြောပြ၍ မှတ်သားခဲ့ရသည်၊ဤကား ကရင်ရာဇဝင်နှင့်စပ်၍ သိအပ် သိသင့်သမျှ, အတော်အတန်သိကြစေရန် ရည်သန်လျက်, လက်တွေ့ မျက်မြင်နှင့် တကွ ပါဠိတော်စသည်တို့ကို ထည့်စွက်၍ ပြလိုက်သော ကရင်ရာဇဝင်ဆရာ အမှာစကားစုတည်း။

## ၆၀။ လုဒ္ဒယုမ်မင်း၏ နိုင်ငံတော်အပိုင်းအခြား

ထိုပအာဝနမြို့မင်း၏ နိုင်ငံတော်အပိုင်းအခြားကား၊ အရှေ့အရပ်၌ ကျိုင်းမြစ်နှင့် ပတမြစ်လျှင် အခြားတည်း၊ တောင်အရပ်၌ ကျိုင်းမြစ်တလျှောက် အောက်သံလွင် မြစ်လျှင် အခြားတည်း၊ အနောက်အရပ်၌ သံလွင်ခေါ်သော အဿကာင်္နဒီ မြစ်လျှင် အခြားတည်း၊ မြောက်အရပ်တွင် ရှမ်းပြည် ယွန်းပြည်ရှိ ယွန်းစလင်းမြို့ တောင်ပြောမြို့နယ်လျှင် အစပ်တည်း၊ ဤနယ်လေးရပ်အတွင်း သူပုန်သူကန် ရန်သူတို့မနှောက်ယှက်နိုင်အောင် မြို့ရံ၅မြို့ကိုလည်း တည်ထောင်တော်မူပြီးလျှင် မြို့စားမင်းများကို ထား၍အုပ်ချုပ်စေ၏။

ထိုမြို့ရံများကား၊ ၁-ကျိုင်းမြို့၊ ၂-ထားကျိုင်းမြို့၊ ၃-လှိုင်းဘွဲမြို့၊ ၄-ကဗိုင်းမြို့၊ ၅-တခွက်ပိုခေါ်သော သောက်ခွတ်မြို့၊ ဤသိုင်ါးမြို့ ဖြစ်သတည်း၊ ထိုမြို့များသည် ရှေးကရှိနှင့်သော မြို့ဟောင်းများကို လုဒ္ဒယုမ်မင်းက ထပ်မံ တည်ထောင် ထားသော မြို့များဖြစ်သတည်း။

ဤလုဒ္ဒယုမ်မင်းသည် ကရဏ္ဏကတိုင်း သုဘိန္နမြို့ကို ရသော့ သိကြား၊ ဝိဇ္ဇာဓိုရ် သုံးပါးတို့က ထပ်မံပြုပြင်ပြီးလျှင် သုဝဏ္ဏဘူမိ၊ သုဓမ္မာဝတီမြို့ဟု သမုတ်၍ တိဿသက္က မင်းကြီး၏ ကိတ္တိမ မြေးတော်ကို 'တိဿံဓမ္မသီဟရာဇာ'ဟု ဘွဲ့မည်ခံ၍ မင်းပြု စေသော အခါ ထိုသုဝဏ္ဏဘူမိ သုဓမ္မာဝတီ သထုံမင်း သီဟရာဇာ၏ လက်အောက်ခံမဟုတ်ဘဲ၊ တိုင်းပြည်ခွဲ၍ သီးခြားမင်းပြုသော မင်းတည်း၊ သို့ကြောင့် ဤပအာဝနမြို့ လုဒ္ဒယုမ်မင်းသည် သထုံပြည် သီဟရာဇာမင်း၊ ပိုင်တရောင်မှု မြို့ စောဗျညား ဣန္ဒသေနရာဇာ

Zwe 7

မင်းတို့နှင့် ထီးပြိုင်နန်းပြိုင် ဖြစ်သတည်း၊ ထို့ကြောင့် မြန်မာ သက္ကရာဇ် ၁၁၇၅ ခုနှစ်တွင် ဘကြီးတော် မင်းတရားလက်ထက်, ဇာလာကွန်စား တောကုတ်တို့က တော့ဝွန်းဂူမှရ၍ ဆက်သသော မွန်ဘာသာ စာဟောင်းကို မွန်ပညာရှိ ဆရာသိရိ ဇေယျ သူ မြန်မာဘာသာ ပြန်ဆိုသော သထုံ သမိုင်းတွင် သုဝဏ္ဏ ဘူမိ တိုင်း သုဓမ္မဝတီ သထုံ ပြည်၏ နယ်အပိုင်း အခြားကို ရာဆို၍, အရှေ့သို့ လားသော် အဿကဏ်နဒီ သံလွင်မြစ်လျှင် အပိုင်း အခြားတည်းဟု ဆိုသတည်း။

## ၆၁။ တခွက်ပိုမြို့အကြောင်း

ထိုပအာဝနမြို့ရံ ၅ မြို့တို့တွင်, ယခုကာလ ကွယ်ပတိမ်ကော၍ ပပျောက်လျက်ရှိသော တခွက်ပိုခေါ် သောက်ခွတ်မြို့၏ အကြောင်းကား၊ ပအာဝနမြို့ရှင် ဘုရင်လုဒ္ဒယမ်က မြို့ရံ ၆ မြို့တည် ပြီးလျှင် မြို့စားမင်းများထားသောအခါ ကရင်စစ်သူကြီး 'ဒေါဗျ ညားဒေဘဉ်လို' ကို အပိုင်စားပေး၍ ရှမ်းယွန်းလူမျိုးတို့၏ ရန်ကို ခုခံကာကွယ်ရန်ထားသော မြို့ဖြစ်၍ တလိုင်းကရင်ဘာသာဖြင့် စစ်သူကြီးကို 'သောက်ခွတ်' ဟု ခေါ်သောကြောင့်၎င်း, တလိုင်း ကရင်ကို မြန်မာကရင်တို့က 'ပွါပို' ဟု ခေါ်သောကြောင့်၎င်း, ပထမက 'သောက်ခွတ်ပွါပို' ဟုခေါ်ကြ၏၊ တလိုင်းကရင်စစ်သူကြီး ဟု အဓိပ္ပါယ်ရသည်၊ ထိုဟလိုင်းကရင် စစ်သူကြီး မြို့စားမင်း၏ မြို့ကို 'ခုံ သောက်ခွတ်ပွါပို' ဟု ရှေးကခေါ်ဝေါ် ကြသော် လည်း ကာလရွေ့လျော၍ ယခုကာလအတိုအားဖြင့် တခွက်ပို မြို့ခေါ်ကြကုန်သည်ဟု တလိုင်းကရင်ပညာရှိ တဦးက ပြောဘူး သည်။

ထိုတခွက်ပိုမြို့၏ ရာဇဝင်အကျယ်ကို မှုဟောင်းပျက်၍ ကူးမရ တော့ပေ၊ အမှာ။

ပအာဝနမြို့ရှင်ဘုရင်လုဒ္ဒယုမ်မင်း၏လက်ထက်တော်အခါက, ဘုန်းသမ္ဘာပညာနှင့် ပြည့်စုံ၍ နိုင်ငံခြားမင်းတပါး ပြုလုပ်နိုင် သော်လည်း, နောက်နောင်သော မင်းတို့လက်ထက်,ရံခါတပါး သောမင်း၏လက်အောက်ခံမှ လွတ်ကင်း၍ ကိုယ်ပိုင်မင်းပြုကြ ရသည်၊ ဟံသာဝတီမင်း အင်းဝမင်းစသည်တို့လည်းထိုနည်းချည်း ပင်တည်း။

ငယ်မည်လစ္စ လုဒ္ဒယောမ်ရာဇာဘွဲ့ခံ လုဒ္ဒယုမ်မင်း၏ နောက်မင်း ဆက်ကို ဘောင်သူဘာသာ ပုရပိုက်စဥ္စူစာ၌ စုတ်ပြတ်ပျက်စီး၍ နေ သောကြောင့် မသိရပါ၊ ဝမ်းနည်းဘွယ်ပင်။

သို့ရာတွင် ကျွန်ုပ်တို့ ရေးထုတ်ရောင်းချလျက်ရှိသော 'သထုံရာ ဇဝင်ပေါင်းချုပ်ကျမ်းတွင် မနူဟာမင်းကြီး၏ မိဖုရား, ပအာဝ နာမင်းကြီး၏ သမီးတော်အကြောင်းတွင်အကျယ်အားဖြင့်ပအာ ဝနမြို့အကြောင်းကို ရေးသားလျက်ပါလေ၏။

## ၆၂။ စွဲပင်လင်–ဇွဲကပင်တွင်ပုံ

ထိုသို့ ဆိုခဲ့သောအတိုင်း နိုင်ငံတော်ခြားနား၍ မင်းပြုသော လုဒ္ဒယုမ်မင်းကြီးသည်, လစ္စဲဟူသော အမည်ဖြင့် မုဆိုးလုပ်စဥ်က ဝါသနာ မစွန့်နိုင်သောကြောင့်, အခါတပါး စစ်အင်္ဂါလေးပါး နှင့်တကွ, သားသမင်များကိုဖမ်းခြင်းငှာ ပအာဝုန်တောကြီးသို့ တောကစား ထွက်တော်မူလေ၏။

ထိုအခါအဆင်းအင်္ဂါနှင့် ပြည့်စုံစွာသော သမင်တကောင် သည်, မင်းကြီး၏ရှေ့တော်သို့ ဖြတ်သန်း၍ ပြေးလေသည်တွင်,

မင်းကြီးသည် ဝါသနာအတိုင်း လက်သုံးတော်လှံဖြင့် ထိုးလိုက်ရာ, သားသမင်ကို မထိုးမိဘဲ လက်ချိန် လွဲသဖြင့် သမင်လည်း လွတ်ပြေးလေ၏၊ လက်သုံးတော်လှံလည်း ပျောက်လေ၏။

ထိုအခါ ဗိုလ်ခြေအများနှင့်တကွ မင်းကြီးကိုယ်တိုင် ရှာဖွေသော်လည်း, ထိုလက်သုံးတော်လှံကို မတွေ့၍ အကြံတော် ဖြစ်သည်ကား, ငါ့၌မကောင်းမှု ကင်းစေခြင်းငှာ သိကြားနတ်တို့သည်, သမင်ယောင်ဆောင်လျက် ငါ၏အရှက်ကို ခွဲလာဟန်တူသည်, ငါသည်လည်း ကြီးရင့်တော်မူပြီ, ဤနေ့မှစ၍သူ့အသက်သတ်ခြင်းစသည်မှ ရှောင်တော့အံ့, ဤတောဤတောင်ကိုလည်း လှံတော် ပျောက်သောကြောင့် တလိုင်း ကရင်ဘာသာဖြင့် 'ဗွဲပင်လင်' ခေါ်ကြစေဟု သမုတ်ခဲ့လေ၏၊ ယိုအခါမှစ၍ကမ္ဘာဦးမှ တွင်ခဲ့သော ပအာဝုန်တောနှင့်တကွ, ဗန္ဓဝဂီရိတောင်သည်,ဗွဲပင်လင်ဟု တွင်သတည်း။

ဤသို့ဗွဲပင်လင်ဟု တွင်ခြင်းကား သထုံရွှေဇာခံ ဘုရားကြီးသမိုင်းနောက်ပိုင်းတွင် လာသောစကားတည်း။

စေတီတော် သမိုင်းပေါင်းချုပ် ကျမ်း၌ကား၊ ကမ္ဘာဦးမှစ၍ ဗန္ဓဝဂီရိတောင်ဟု တွင်ခဲ့သော်လည်း, ရှေးအခါ နိုင်ငံရပ်ခြားတိုင်းတပါးမှ လာသော သူတို့သည်, ထိုတော၌ သဘော လှေပေါင်တို့ကို ဆိုက်ကပ်၍ ချည်တွဲထားတတ်သောကြောင့်, မွန်လူမျိုး တလိုင်းကရင်လူမျိုးတို့က 'ဒိုးကရွယ်ကဗန်' ဟု ခေါ်ကြသည်၊ 'ဒိုး' တောင်၊ 'ကရွယ်' ချည်သည်ဖွဲ့သည်၊ 'ကဗန်' သဘော, လှေ, ပေါင်ဟုအဓိပ္ပါယ်ရသည်ဟုဆိုသည်၊ 'ဗန္ဓဝ' ဟူသောပါဠိ၏အနက်မှာ ချည်သည်, ဖွဲ့စပ်သည်,မိတ်ဆွေ၊ 'ဂိရိ' တောင်၊ချည်ဖွဲ့သော တောင်ဟု အဓိပ္ပါယ်ယူလျှင် တလိုင်းဘာသာ, ကရင်

ဘာသာနှင့် အဓိပ္ပါယ်တူသည်၊ ထိုကရှယ်ကဗန်က တဖန် 'ဇရှဲကဗ' ဟုဖြစ်ပြန်သည် ဇရှဲကဗ ကတဖန်, ဇွဲကပင်ဟုယခုခေါ်ကြသည်၊ သမုတ်ပညပ်သာတည်း၊ မှားသည်ဟူ၍မရှိ ပညပ်ရာမှန်လေ၏။

## ၆၃။ ဇွဲကပင်ဘုရားသမိုင်း

ထိုဇွဲကဗင် တောင်အနီး ဒုံရင်းခေါ် ပအာဝနမြို့၌ လစွဲ လူဒွယမ်ခေါ် လူဒွယောဓရာဇာ ကရင်ဓင်းကြီးသည် ယိုးနန်းစံလျက်ရှိစဉ် မြတ်စွာဘုရားသခင်သည်ဇွဲကဗင်တောင်သို့ကြွရောက်တော်မူလာ၍ နေ့ဆွမ်းဘုန်းပေးတော်မူသတည်း။

ထိုအခါ သကြား နတ်မင်းသည်, သီတာဒရေအေးကိုကပ်လှူလာ၍ မြတ်စွာဘုရားသည်လည်း သိကြား နတ်မင်း ကပ်လှူသောရေကို ရွှေနှုတ်တော်ကျင်းလျက် ထွေးတော်မူသည်ရှိသော်, လေးလုံးသော ထမင်းတိုပါလာ၍, ပတ္တမြားရတနာသဖွယ် တင့်တယ်ထွန်းလင်းလျက် ဆီမီးရောင်ကဲ့သို့ ပြောင်ပြောင်တောက်ပသည်ဖြစ်၍တည်၏၊ထိုထမင်းကိုသိကြားမင်းမြင်လေလျှင်,ဝမ်းမြောက်ဝမ်းသာ ရတနာရွှေစွန်ကြဖြင့်ခံလာ၍ မွေးကြိုင်လှစွာ သိငြာရေအေးဖြင့် ဆေးကြောပြီးလျှင်, ရွှေခွက်တခုနှင့် ရွှေခွက် တခုကိုဖုံးအုပ်သွင်း၍ ဒွါဝီသ ၂၂-တောင်အနက်ရှိသော ဌာပနာတိုက်ကို တူးပြီးမှ ၅၀၀သောရဟန္တာတို့နှင့်တကွ သိကြားမင်းဌာပနာပြီးလျှင် စေတီတည်လေ၏၊ထိုစေတီ၏ဘွဲ့တော်ကို 'ရွှေရင်မျှော်'ဘုရားဟု ခေါ်ဝေါ် သမုတ်ကြကုန်၏၊ လဝတိုဘာသာအားဖြင့် 'ကောင်းလုံးတိုင်း'ဘုရားဟုခေါ်ဝေါ်ကြကုန်၏၊ ကောင်သူပအူတို့ဘာသာအားဖြင့်'ဆောင်စျူး'ဘုရားဟု'ခေါ်ဝေါ်ကြကုန်၏

ဟု သထုံရွှေစာရံဘုရားသမိုင်းတွင်ဆိုသည်။ ဤကားဇွဲကပင်ဘုရား သမိုင်းတမျိုးတည်း၊

သုဝဏ္ဏဘူမိတိုင်း သုဓမ္မဝတီမြို့ သီရိတိဿဓမ္မသီဟရာဇာ မင်းနှင့် ဂဝံပတိရဟန္တာတို့ကပင့်၍ နောက်ပါသံဃာတော် ၅၀၀နှင့် တကွ မြတ်စွာဘုရားကြွလာစဉ်အခါကဗန္ဓုဝဂီရိတောင်၌နေသောသီဟ ကုမာရ ရသေ့သည် မြတ်စွာဘုရား၏ အထံတော်သို့ သွား၍ တရားတော်ကိုနာပြီးလျှင် ဘုရားရှင်၏ ထံတော်မှ ရခဲ့သော, ကေသာဓာတ်ဆံတော်တဆူကို မိမိသိတင်းသုံးနေသော တောင် ထိပ်အစွန်းတွင် စေတီတည်၍ဌာပနာလိုသဖြင့်, ဂဇ္ဇဂိရိဇင်းကျိုက် တောင်၌နေသော နောင်တော် တိဿရသေ့ကို ပင့်ခေါ်၍ တူ တော်သုဝဏ္ဏဘူမိရွှေနန်းရှင်ကိုသည်းပန်ကြား၍သဘောတူသဖြင့် ဗန္ဓုဝဂီရိဇွဲကပင်တောင်ခြေပတ်လည် ကျေးရွာ နေသူ လူတို့ကို အစိုးရသော ပအာဝနမြို့ လုဒ္ဒယမင်းကိုသည်း တိုက်တွန်း နှိုး ဆော်၍ အနီးအပါးရှိမြို့ရွာနေ မင်း မှူးမတ် သူဌေး သူကြွယ် ကုန်သည် အပေါင်းတို့ကို ထိုလုဒ္ဒယမင်းကြီး၏ အမိန့်နှင့် စု ဆောင်းဆင့်ခေါ် တိုင်ပင်တော်မူပြီးလျှင်, တိဿရသေ့ သီဟ ရသေ့ သထုံပြည့်ရှင်တိဿဓမ္မသီဟရာဇာမင်း, ဒုံရင်းမြို့ရှင် လုဒ္ဒ ယောဓရာဇာမင်းတို့ကြပ်မ၍, သက္ကရာဇ် ၁၁၃ ခုနှစ်အတွင်းစေတီ တည်၍ ဆံတော်ဓာတ်ကို ဌာပနာလေ၏၊ စေတီတော် ပမာဏကို လည်း ဇင်းကျိုက်ခေါ် 'ကျိုက်ဖြော်နဘ်' စေတီ အခနတည် လုပ် တော်မူ၏၊ စေတီ၏ ဘွဲ့တော်မှာ ဗန္ဓာဂီရိစေတီ၊ ဗန္ဓုဝဂီရိ ဘုရား ဟူ၍ သမုတ်ကြလေ၏၊ နောက်ကာလ, တောင်လည်း ဇွဲကပင် တောင်ဖြစ်၍ ဘုရားလည်း ဇွဲကပင်ဘုရားဟူ၍ တွင်လေ၏ဟု စေ တီတော်သမိုင်းပေါင်းချုပ် ကျမ်းတွင်ဆိုသည်။

လိုရာအရပ်သို့ကြွသွားကြကုန်၏၊ ဤကား မွန်ရာဇဝင်၌ ဆိုသော စကားတည်း။

ဤသို့ဆိုလျှင် ပအိုဝ်နမြို့သည် မြတ်စွာဘုရား ပွင့်တော်မမူမီကစ၍ တည်ရှိလျက်, မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် သာသနာတော် ၁၆၀၀ ခု နှစ် သထုံပြည် ပျက်သော အခါမှာပင် ရှိနေသေးကြောင်းကိုသိရသဖြင့်, ပအိုဝ်န မြို့သက် အလွန်ရှည်ကြောင်းထင်ရှားသတည်း။

— ၀ —

# အခန်း ၉

## ၆၅။ သုဓမ္မဝတီမြို့-မြေမျိုပျက်စီးရခြင်းအကြောင်း

ဒိုရင်းခေါ် ပအာဝနမြို့၏ လက်အောက်ခံ မြို့ရိုးဖြစ်ဘူးသော ထားကျိုင်းမြို့ ကျိုင်းမြို့ သဇိုင်းမြို့တို့၏ ရာဇဝင် များကား၊ သထုံခေါ်သော သုဝဏ္ဏဘူမိ သုဓမ္မဝတီမြို့၌ သာသနာတော် ၁၂၅ ခုနှစ် နန်းတက်တော်မူသော 'ဓမ္မဇေ' ဘွဲ့ခံ 'သုဝဏ္ဏ' မင်းကြီးသည်, ဘုန်းတန်ခိုးအာဏာ လွန်စွာကြီး၍ အနီးအပါးရှိ မြို့ရွာနိုင်ငံတို့ကို လွှမ်းမိုးစိုးအုပ်တော် မူသောအခါ ပအာဝနနိုင်ငံသည်လည်း, သုဝဏ္ဏမင်းကြီး၏ လက်နက်နိုင်ငံဘော်၏ အတွင်းသို့ပါဝင်ရလေ၏၊ သို့ရာတွင် ရှေးကရှိနှင့်သော မင်းများကိုပင် စည်းစိမ်မှ မရုတ်မချဘဲ တည်မြဲတိုင်းသော ရာထူးဌာနန္တရတို့၌ ထားတော်မူ၍ မြို့စားမင်းများအဖြစ်ဖြင့် နေစေကုန်၏၊ သာသနာတော် ၁၉၀ ပြည့်နှစ် သုဝဏ္ဏမင်းကို သတ်လျက်, သားတော် အကြံရမင်းသည် သုဓမ္မဝတီမြို့နန်းကိုသိမ်း၍ မင်းပြုလေ၏၊ ထို အကြံရမင်းသည် မင်းကျင့်တရားပျက်ပြား၍ မတရားကျင့်ခြင်း, တိုင်းနေပြည်သူရှင်ရဟန်းတို့အား ညှဉ်းပန်းနှိပ်စက်ခြင်း, ဘုရားပုထိုး ကျောင်းကန်တို့ကို ဖျက်ဆီးခြင်း, သားပျို သမီးပျိုတို့ကို ဖျက်ဆီးကျူးလွန်မြစ်မှားခြင်း, ပြည်သူတို့၏ထံမှ မတရားသော အခွန်အထုပ်ကို ကောက်ခံခြင်းစသော မကောင်းမှုတို့ကို ပြုဖန်များသဖြင့် သာသနာစောင့်နတ်, လောကပါလနတ် စသော နတ်တို့၏ တန်ခိုးဖြင့် မိုးကြိုးပစ်ခြင်း,လောင်မီးကျခြင်းတို့သည် ဖြစ်ကုန်လျက်, နောက်ဆုံး တိုင်းပြည်ပါမြေမျို၍ မင်းနှင့်တကွ မတရားကျင့်သော သူတို့သည် သေကြေပျက်စီးကြ လေကုန်၏။

ထိုမင်းနှင့်တကွ တိုင်းပြည်ပါ ပျက်စီးသောအခါ, တောမီး လောင်လျှင် တောကြောင် လက်ခမောင်းခတ်သည် ဆိုသကဲ့သို့ ပအာဝနမြို့နှင့်တကွ, ထားကျိုင်းမြို့, လှိုင်းဘွဲ့မြို့, ကျိုင်းမြို့ သဇိုင်းမြို့စသော မြို့စားမင်းတို့သည်လည်း ပုန်ကန်ခြားနား၍ အသီးအခြားမင်းပြုကြကုန်၏၊ ထိုမြို့တို့သည်သူတပါးလက်အောက်ခံမှ လွတ်မြောက်သော သာသနာတော် သက္ကရာဇ်ကား ၁၆၁၁ ခုနှစ်တည်း။

ထိုသို့လွတ်လပ်သောမြို့တွင် ပအာဝနမြို့ ရာဇဝင်မှာ နောက်က ပြဆိုခဲ့သောအတိုင်းပင်တည်း၊ အမှာ။

## ၆၆။ ထားကျိုင်းမြို့ရာဇဝင်

သုဝဏ္ဏဘူမိ သထုံပြည် သုဝဏ္ဏမင်းက မြို့စား ထားသော ကရင်လူမျိုး 'ထောလရာဇာ' ဘွဲ့ခံ မြို့စားမင်းသည်, သထုံပြည် ပျက်စီးသောအခါ, အနီးအပါးရှိ ကျိုင်းမြို့စားမင်း သီရိပဒနှင့် သဇိုင်းမြို့စားမင်း မှလက တို့ကိုတိုင်ပင်၍ မိမိ၏ထားကျိုင်းမြို့ကို ခိုင်လုံအောင် ပြုပြင်လျက် လက်နက် လူသူ ရိက္ခာသွင်း၍ ကိုယ်ပိုင်မင်းပြုလေ၏၊ ထိုထောလရာဇာမင်းသည်, ကိုယ်တော်၏စီးပွါး, တိုင်းသူပြည်သားတို့၏စီးပွါး, သာသနာတော်၏စီးပွါးကို ရှက်ဆောင်တော်မူပြီးလျှင်, အိုမင်းသောအခါ အနိစ္စရောက်လေ၏၊ ထိုမင်းမရှိသောအခါ သားတော်သည် သာရမနရာဇာ ဘွဲ့ခံလျက်မင်းပြုလေ၏၊ ထိုနောက် ဝဗောညီမင်းပြုလေ၏၊ ထိုနောက်မှန်တလိုင်းလူမျိုးသိမ်နိသိဟဗလမင်းပြုလေ၏၊ထိုသိမ်နိသိဟဗလ မရှိသောအခါ,ထိုမင်း၏သားတော်သည်, သိမ်နိနဲမဟာဘွဲ့ခံ၍ မင်းပြုလေ၏။

ထိုနောက် ကရင်လူမျိုးထောလရာဇာ မင်းကြီး၏မြေးတော်သည်ဇွဲယကာမာရာဇာဟုဘွဲ့ခံ၍ မင်းပြုလေ၏၊ တလိုင်းရန် အပေါင်းကို အောင်မြင်၍ တိုင်းသူ ပြည်သားတို့ အလိုရှိသော ကရင်မင်းကို ရပြန်သောကြောင့်ပြည်သူတို့က 'ဇယကာမရာဇာ' ဟုခေါ်ကြကုန်၏၊ ထိုစကားကိုလိုက်၍ 'ဂွဲ့ယ,ဇွဲယကာမာမင်း' ဟုကရင် ဘာသာဖြင့်ခေါ်ကြကုန်၏။

ဇွဲယကာမာမင်း မရှိသောအခါ, ထိုမင်း၏ သားတော်သည် 'ဗြဟ္မဏ္ဍုရာဇာ'ဘွဲ့ခံ၍ မင်းပြုလေ၏၊ ထိုနောက် တလိုင်းလူမျိုး အမတ်ကြီးတယောက်သည် 'သိမ္မိန်အဲဗြစဂရီ'ဘွဲ့ခံ မင်းပြုလေ၏၊ ထိုနောက်တလိုင်းလူမျိုး 'သိမ္မိန်ဟန်လော်'မင်းပြုလေ၏၊ သိမ္မိန်ဟန်လော်မင်း အနိစ္စရောက်သောအခါ, ထိုမင်း၏သားတော်သည် 'သိမ္မိန်ဟန်ရီ'ဟုဘွဲ့ခံ၍ မင်းပြုလေ၏၊ သိမ္မိန်ဟန်ရီမင်း အနိစ္စရောက်သောအခါ, ထိုမင်း၏ သားတော်သည် 'သိမ္မိန်ဟန်ဂံ'ဟု ဘွဲ့ခံ၍ မင်းပြုလေ၏၊ ထိုမင်းမရှိသောအခါ ကရင်လူမျိုး အာဇာနည် တယောက်သည် 'တံသော့ရာဇာ'ဘွဲ့ခံ၍ မင်းပြုလေ၏ တံသော့ရာဇာ မင်းမရှိသောအခါ, ထိုမင်း၏သားတော်သည် 'ဟံပွံရာဇာ'ဘွဲ့ခံ၍ မင်းပြုလေ၏၊ 'ဟံပွံရာဇာ'ဘွဲ့ခံကရင်မင်းကြီးအနိစ္စရောက်သောအခါ, ထားကျိုင်းမြို့၌မင်းဆက်ပြတ်လေ၏၊နောက်ထပ် သီးခြားစိုးအုပ်သော မင်းဟူ၍မရှိပြီ၊ နောက်နောက်သော ကာလ တလိုင်းမင်း မြန်မာမင်း အင်္ဂလိပ်မင်းတို့က ထားသော မြို့စား မြို့သူကြီးများကား, ယခုတိုင်အောင် ရှိလေ၏။

ဤကား ထားကျိုင်းမြို့ကို တလိုင်းမင်း ကရင်မင်းတို့ အုပ်စိုးဘူးကြောင်းကို ပြဆိုသော ထားကျိုင်းမြို့ရာဇဝင်အကျဉ်းတည်း။

# ၆၇။ ကျိုင်းမြို့ရာဇဝင်

သထုံပြည် သုဝဏ္ဏမင်းက မြို့စားထားသော ကရင်လူမျိုး ကျိုင်းမြို့စားမင်း သီရိပဒရာဇာသည်လည်း, ထားကျိုင်းမြို့မင်း များနှင့်တိုင်ပင်၍ သထုံပြည်၌ မင်းပြုတ်ခိုက်တွင် မိမိမြို့ကို မိမိ အုပ်ချုပ်၍ မင်းသီးပြုလေ၏။

ထိုသီရိပဒရာဇာ မင်းသည် ကိုယ်တော်၏ စီးပွါး, ပြည် သူတို့၏ စီးပွါး, သာသနာတော်၏ စီးပွါးကို ရွက်ဆောင် တော်မူပြီး၍ သက်တော် ( ၈၀ )တွင် အနိစ္စ ရောက်လေ၏၊ သီရိပဒရာဇာမင်းမရှိလျှင် ထိုမင်း၏သားတော်သည် "ပုညကာ မရာဇာ" ဘွဲ့ခံ၍ မင်းပြုလေ၏၊ ထိုမင်းသည် သက်တော် ၇၅နှစ် တွင် ကံကုန်လေ၏။

ပုညကာမရာဇာ မင်း မရှိသောအခါ ထိုမင်း၏ သားတော် သည် "ကေ့ထော်ရာဇာ" ဘွဲ့ခံ၍ မင်းပြုလေ၏၊ ထို့နောက် ထိုမင်း၏ သားတော်သည် "ဝထော်ရာဇာ" ဘွဲ့ခံ၍ မင်းပြုလေ ၏၊ ထိုနောက် ထိုမင်း၏သားတော်သည် "ဣန္ဒသီဟရာဇာ" ဘွဲ့ခံ၍ မင်းပြုလေ၏။ ။ထိုဣန္ဒသီဟရာဇာ ကရင်မင်းကို မွန် တလိုင်း လူမျိုးတဦးက တိုက်ခိုက်လုယူပြီးလျှင် "သ္မိန်လေပီ" ဟု ဘွဲ့ခံ၍ မင်းပြုလေ၏။ ။သ္မိန်လေပီမင်း မရှိသောအခါ ထိုမင်း၏သားတော်သည် "သ္မိန်သော်ညီ" ဟု ဘွဲ့ခံ၍ မင်းပြုလေ ၏။ ။ထိုနောက် တလိုင်းလူမျိုးတယောက်သည် 'သ္မိန်ဗြသော်' ဘွဲ့ခံ၍ မင်းပြုလေ၏။ ။ထိုသ္မိန်ဗြသော်မင်းကို ကရင် လူမျိုး တယောက်က လုပ်ကြံပြီးလျှင် "ဝပေါရာဇာ" ဟု ဘွဲ့ခံ၍ မင်း ပြုလေ၏။ ။ဝပေါရာဇာမင်း မရှိသောအခါ ထိုမင်း၏ ညီ

တော်သည်"ဗွ၂ံ အိမ်ရာဇာ"ဟု ဘွဲ့ခံ၍မင်းပြုလေ၏။ ။ဗွ၂ံ အိမ်ရာဇာမင်း မရှိသောအခါ ထိုမင်း၏ သားတော်သည် "စန္ဒိမာရာဇာ"ဟု ဘွဲ့ခံ၍ မင်းပြုလေ၏၊စန္ဒိမာရာဇာမင်း မရှိသောအခါ ထိုမင်း၏သားတော်သည် "သီဟပနာဒရာဇာ"ဟု ဘွဲ့ခံ၍ မင်းပြုလေ၏၊ ထိုမင်းမရှိသောအခါ မွန် လူမျိုး တယောက် သည် "သမိန်ဇပုက"ဟု ဘွဲ့ခံ၍ မင်းပြုလေ၏။ ။ကျိုင်းမြို့၌ မင်း-၁၃ ဆက် ပြည့်သောအခါ မင်းဆက်ပြတ်လေ၏၊ နောက် သီခြား အုပ်စိုးသော မင်းဆက်မရှိပြီ၊ တလိုင်းမင်း မြန်မာမင်းတို့က ထားသော မြို့စားမြို့သူကြီး တို့သာလျှင် ရှိလေတော့၏။

ဤကား ကျိုင်းမြို့၌မင်းပြုကြသော ကရင်မင်း တလိုင်းမင်းတို့၏ ရာဇဝံသကို ပြဆိုခဲ့သော ကျိုင်းမြို့ရာဇဝင်အကျဉ်းတည်း။ ။

## ၆၈။ ကဇိုင်းဟုထင်ရှားသော သဇိုင်းမြို့ရာဇဝင်

သထုံပြည် မွန်တလိုင်းမင်းတို့က မြို့စားထားသော ကဇိုင်းခေါ် သဇိုင်းမြို့တွင် "သမိန်လမုက"မည်သော မွန်တလိုင်းလူမျိုး မြို့စားမင်းသည်လည်း ထားကျိုင်းမြို့ ကျိုင်းမြို့ မင်းများကဲ့သို့ သုဓမ္မဝတီ သထုံပြည်ကြီး ပျက်စီးခိုက်တွင် ပုန်ကန် ခြားနား၍ မင်းသီးပြုတော်မူ၏၊ သမိန်လမုကမင်း မရှိသောအခါ ထိုမင်း၏ သားတော် "သမိန်မလေ"မင်းပြုလေ၏။ ။ထိုနောက်တလိုင်း လူမျိုး "သမိန်နဲ့တု" မင်းပြုလေ၏။ ။ထိုမင်း မရှိသောအခါ မင်းဆက်ပြတ်၍ တိုင်းသူပြည်သားတို့ ညှိနှိုင်းတိုင်ပင်ကြပြီးလျှင် အရည်အခြင်းနှင့် ပြည့်စုံသော ကရင်လူမျိုးတယောက်ကို 'လောအည့်ရာဇာ'ဟူသောဘွဲ့ဖြင့် မင်းမြှောက်ကြကုန်၏။ ။ထိုမင်းမရှိ မရှိသောအခါ ပစ္စည်းဥစ္စာ "ကြွယ်ဝချမ်းသာသော ကရင် လူ

မျိုးတယောက်သည်၊ "ဓနရာဇာ"ဘွဲ့ခံ၍ မင်းပြုလေ၏၊ ဓနရာဇာ မင်း မရှိသောအခါ ထိုမင်း၏သားတော်ကြီးသည် "ဒလထော် ရာဇာ"ဘွဲ့ခံ၍ မင်းပြုလေ၏၊ ထိုနောက် ထိုမင်း၏ သားတော် သည် "ဇွဲယရာဇာ"ဘွဲ့ခံ၍ မင်းပြုလေ၏၊ ထိုမင်း အနိစ္စရောက် လတ်သော်, သဇိုင်းမြို့၌ မင်းဆက်မရှိပြီ၊ မင်း ၇-ဆက်တွင် မင်း ဆက်ပြတ်လေ၏၊ နောက်နောင် အခါ တလိုင်းမင်း မြန်မာမင်း တို့က ထားသော မြို့စား မြို့သူကြီးများသာ ရှည်လျားစွာ အ ဆက်ဆက် ရှိလေသတည်း။

ဤကား တလိုင်းမင်း ကရင်မင်းတို့ အုပ်စိုးခဲ့ဘူးသော ကဇိုင်းမြို့ ခေါ်သဇိုင်းမြို့ ရာဇဝင်အကျဉ်းတည်း။

## ၆၉။ လှိုင်းဘွဲ့မြို့ရာဇဝင်

ရှမ်းစက္ကူမူဟောင်းတွင် စာပျက်၍နေသဖြင့် အပြည့်အစုံ မ ရေးနိုင်ပါ၊ ဘတ်၍ရသလောက်ကား။

ဘိုးတော်အဠနမင်းကြီး၏ ဖြိုကြွင်း သက္ကရာဇ် ၁၁၀-ပြည့်နှစ် တွင် ပအာဝနမြို့သည် သုမ္မဝတီ သထုံပြည်၏ လက်အောက်မှ လွတ်လပ်ခြင်း ရသောအခါ ပအာဝနရာဇာ လုဒ္ဓယုမ်မင်းက ပ အာဝနမြို့၏ လက်အောက်ခံ မြို့ရံအဖြစ်ဖြင့် လှိုင်းဘွဲ့မြို့ကို တည် ဆောင်တော်မူ၍ ထီးရုံနန်းရုံမြို့စား ဒေါဗျညားကို ခန့်ထား အုပ်ချုပ် စေသတည်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီး နောက် သာသနာတော် သက္ကရာဇ် ၁၂၅-ခုနှစ်တွင် သုမ္မဝတီ သထုံပြည်ကို အုပ်စိုးတော်မူသော သုဝဏ္ဏမင်းကြီး၏ လက်ထက် တွင် ပအာဝနမြို့တော်နှင့်တကွ လှိုင်းဘွဲ့စသော မြို့ရံများပါ သထုံပြည်၏ လက်အောက်သို့ ပါဝင်ရပြန်လေ၏။ ။သာသ

နာတော်သက္ကရာဇ် ၁၆၁-ခုနှစ်တွင် အကုံရမင်း လက်ထက် မင်းနှင့်တကွ သထုံမြို့ကို မြေမျိုရ၍ ပျက်စီးဆဲတွင် လှိုင်းဘွဲ့မြို့စားမင်းသည်လည်း အနီးအစပ်ဖြစ်သော မြို့စားမင်းတို့နှင့် တိုင်ပင်၍ သုဓမ္မဝတီ သထုံပြည်၏ လက်အောက်မှထွက်၍အသီးအခြားမင်းပြုလျက်နေလေ၏။

လှိုင်းဘွဲ့မြို့ကို သထုံပြည်မှခွဲ၍ မင်းပြုသော မြို့စားမင်းကားသိမ်ဒေါ်ရဲတည်း၊ ဤသိမ်ဒေါ်ရဲဟူသောဘွဲ့ကား သုဝဏ္ဏာ မင်းကြီးက ပေးသောဘွဲ့တည်း၊ လှိုင်းဘွဲ့မြို့ကို ကိုယ်ပိုင်အုပ်ချုပ်၍ မင်းပြုသောအခါ "ဒေါ်ရဲရာဇာ" ဟု ဘွဲ့ခံလေ၏။ ။ဤဒေါ်ရဲရာဇာမင်းကို မည်သည့်လူမျိုးဟု အသေအချာမသိရပေ။ ။ထိုမင်း၏ နောက်မင်းဆက်များကို ရှမ်းစက္ကူမူ၌ စာပျက်၍မကူးရပါ။ ။ထိုမြို့ လှိုင်းဘွဲ့မြို့သည် သထုံပြည်၏ လက်အောက်မှလွတ်လပ်၍ တသီးတခြား စိုးပိုင်သော မြို့ဖြစ်သော်လည်း ဒီရေ၏ တံထွာ ဓမ္မတာသခ်ါရဖြစ်၍ သာသနာတော်သက္ကရာဇ် ၁၆၀၀ ခန့်တွင် သထုံပြည်သို့ သမီးကညာ လက်ဆောင်ပဏ္ဏာ ဆက်သ၍ လက်အောက်ခံဖြစ်ရပြန်သတည်း။ ။ဤသို့အဆင့်ဆင့် လက်အောက်ခံဖြစ်ရသည်မှာ နောက်၌ ထင်ရှားပါလတ္တံ့။ ။ ဤကား လှိုင်းဘွဲ့မြို့ရာဇဝင် အကျဉ်းတည်း။

## ၇၀။ ပုဂံပြည်လက်အောက်ကျရောက်ခြင်း

ဤသို့ဆိုခဲ့ပြီးသောနည်းဖြင့် ထားကျိုင်းမြို့ ကျိုင်းမြို့သဇိုင်းမြို့ လှိုင်းဘွဲ့မြို့တို့သည် ပအာဝန မြို့နှင့်တကွ သထုံပြည်၏ လက်အောက်ခံအဖြစ်မှ လွတ်လပ်၍ သီးခြားမင်းပြုကြသော မြို့များဖြစ်လေကုန်၏။ ။သို့လွတ်လပ်သော်လည်း ရံဖန်ရံခါ သူတပါး

တို့၏ လက်အောက်ခံဖြစ်၍ ရံခါလွတ်လပ်ကြ၍ နောက်ဆုံး၌ သာသနာတော် ၁၆၀၀ခန့်တွင် လှိုင်းဘွဲ့, ကဇိုင်း, ထားကျိုင်း, ကျိုင်းမြို့, တခွက်ပိုပါ, ပအာဝန, ခြောက်ဝသော မြို့တို့သည် သုဓမ္မဝတီ,သထုံပြည် မနူဟာမင်း၏ လက်နက်နိုင်ငံတော် ဖြစ်ရလေ၏။ ။သာသနာတော်၁၆၀၀-ခုနှစ်တွင် “အရိမဒ္ဒနာပူရ” ပုဂံပြည် “အနော်ရထာ” မင်းစောက သထုံပြည်ကို တိုက်ခိုက်အောင်မြင်၍ မနူဟာမင်းနှင့်တကွတိုင်းပြည်အလုံးကို သိမ်းကျုံး၍ လက်နက်နိုင်ငံ ပြုတော်မူသောအခါ ကျွန်ဝယ်ရာတွင် အဆစ်ပါသကဲ့သို့ ပအာဝန ခြောက်မြို့လည်း အနော်ရထာမင်းစော၏နိုင်ငံဖြစ်လေ၏။ ။ထိုအခါမှစ၍ ရာမညတိုင်း အရှေ့ပိုင်းကို သုဝဏ္ဏဘူမိခရိုင်ဟု ဘွဲ့စည်း၍ ပုဂံပြည် အနော်ရထာမင်းစောက မြန်မာစစ်သူကြီး “လက်ဝဲသူရ”ကို ပေးခဲ့၍ စစ်သူကြီးမင်း လက်ဝဲသူရသည် သုဝဏ္ဏဘူမိတိုင်း အလုံးကို အုပ်ချုပ်လေ၏။ ။ သုဝဏ္ဏဘူမိတိုင်း ခရိုင်တွင် လက်ဝဲသူရမှစ၍ လေးဆက်မြောက် “ကျားမင်း”၏ လက်ထက် အရိမဒ္ဒနာပူရ ပုဂံမင်းသည် ဗိုလ်လူအများနှင့် ချီလာပြန်၍ တိုက်ခိုက်တွန်းလှန် ဖြိုဖျက်သောအခါ ကျားမင်းသည် မခံမရပ်နိုင်သဖြင့် ထွက်ပြေး၍ အဿကကျော်နဒီမြစ်၏ တဖက်ကမ်း၌ ပုဂံမင်း၏လက်နက်ဖြင့် အသက်ကုန်လေ၏ ထိုကျားမင်း သေရာအရပ်၌ “ဗျဂ္ဃဘူမိ”ဟု မြို့တည်၍ အောင်သေအောင်သား စားလျက် အောင်ပွဲခံပြီးလျှင် ပုဂံမင်းသည် အရိမဒ္ဒနာပူရ ပုဂံပြည်သို့ ပြန်တော်မူသောအခါ သားတော် “ခေမလ”မင်းသားကို “ဗျဂ္ဃရာဇာ”ဟု အမည်ပေး၍ ထိုဗျဂ္ဃဘူမိမြို့ကနေလျက် သုဝဏ္ဏဘူမိတိုင်းခရိုင်အလုံးကို စိုးမိုးအုပ်ချုပ်ရန် ထားခဲ့သဖြင့် ထိုဗျဂ္ဃရာဇာမြန်မာမင်းက အုပ်စိုးလေသည်။

ဗျဂ္ဂဘူမိမြို့နေရာကား ယခုကာလ "ဗျက္ခ"ခေါ်သောအရပ် ပင်တည်းဟု မှန်ပညာရှိများက ပြောကြားကြကုန်၏။ ။ နောက်ကာလ ဗျဂ္ဂဘူမိလည်း မင်းဆက်ပြတ်၍ ရှာနိဂုံးမျှသာ ရှိပြန်လေ၏။

ဤသို့လျှင် ရံဖန်ရံခါ လက်အောက်ခံဖြစ်၍ ရံဖန်ရံခါကိုယ့် မင်း၊ ကိုယ့်တိုင်းပြည်ဖြစ်လျက် ရံခါလည်း မင်းမရှိဘဲဖြစ်၍ ရွာ ငယ် နိဂုံးဖြစ်ရသည် ရံခါလည်း လူနေအိမ်ခြေမျှမရှိ တောအတိ ဖြစ်ရသတည်း။ ။အနိစ္စာသင်္ခါရာ။ ။သင်္ခါရာ၊ ခပ် သိမ်းဥဿုံ အလုံးစုံသော သင်္ခါရတို့သည်၊ အနိစ္စာ၊ ထာဝရ မမြဲကုန်။

## ၇၁။ မဂဒူးမင်း

ဆိုခဲ့သောအတိုင်း အဆင့်ဆင့်လွှမ်းမိုးခြင်း ပျက်စီးခြင်းဖြစ် ၍ လာခဲ့ရာ မြန်မာသက္ကရာဇ် ၆၀၀-ကျော်တွင် ယခုကာလ "ဒုံ ဝန်း"ဟု ခေါ်ကြသော "ကောဝန်း" ရွာလျှင်ဖွါးရာ ဇာတိဖြစ် သော ကွမ်းကုန်သည်၏သားယောကျ်ား အာဇာနည် ငယ်မည် "မဂဒူး"သည် ယောကျ်ားတို့၏ ဉာဏ်၊ ဝီရိယ သတ္တိ၊ ရှိသော ပုဉ်း ပညာလက်နက်ဖြင့် ဆင်းရဲသားကထလျက် မင်း၏အဖြစ်ကိုရ၍ တဆင့်ထက်တဆင့် ဘုန်းကြက်သရေ တိုးမြင့်၍ သက္ကရာဇ်၆၄၃ ခုနှစ်တွင် မုတ္တမမြို့ကိုရပြန်သည်၊ တဖန်ဥဿာပဲခူးမြို့စား၊ မြန်မာ မင်းကထားသော "ပေမှန်"ဆိုသူကလည်း "တရဖျား" အမည် ခံလျက် ပုဂံမင်းကပုန်ကန်ခြားနား၍ မင်းပြုသည်တွင် အသျှင် ဖြစ်သော ပုဂံမင်းက တိုက်ခိုက်လာသောအခါ မုတ္တမမင်းထံစစ် ကူတောင်းသဖြင့် မဂဒူးမင်းက ကူလာ၍ ရာမညတိုင်းအတွင်းမှ

ဤကား၊ဗန္ဓုဝဂီရိတောင်ကို ဖွဲ့ကဗင်ခေါ်တွင်ခြင်းနှင့်တကွဗွဲ့ကဗင် ဘုရားသမိုင်းကိုပြခဲ့သော စကားစုတည်း။

## ၆၄။ ပအာဝနမင်းသိမ်းနှင့် မနုဟာမင်း

ပအာဝနမြို့ကို အစစ္စာပဋ္ဌမမြို့တည် နန်းတည်ဗန္ဓုဝဂိရိတောင် ကျိုက္ကရွဲကဗင်စေတီတော် ဒါယကာ လုဒ္ဒယုမ် မင်းခေါ် လုဒ္ဒယောဓရာဇာမင်းကြီးသည် အိမ်နိမ့် သက်တော်၃၅နှစ် ကရဏ္ဏက တိုင်းရှင် တိဿသက္ကမင်းကြီး၏ ထီးရံနန်းရံ ပအာဝန မြို့စား မင်း၏အဖြစ်ဖြင့် ၂၁-နှစ်, မိမိ ကိုယ်တော်တိုင် နိုင်ငံ ခြားနား၍ မင်းထီးပြုသော စည်းစိမ်တော် ၃၀,ပေါင်းသက်တော် ၆၆နှစ်တွင် မင်း၏အဖြစ် ၅၁-နှစ် ကာလပတ်လုံး, ကိုယ်တော်၏ စီးပွား, တိုင်းသူပြည်သားတို့၏စီးပွားကိုရှက်ဆောင်မှုပြီးလျှင် ဇရာဒုဗ္ဗလ အိုမင်းသောကာလ၌ အနိစ္စရောက်လေ၏၊ ထိုပအာဝန မြို့တွင် လုဒ္ဒယောဓရာဇာ မင်းနောက်မင်းဆက်ရှိသော်လည်း ရံဖန်ရံခါ လက်အောက်ခံမင်းမျှသာဖြစ်၍ ရံဖန်ရံခါကိုယ်ပိုင်အုပ်စိုးရသော မင်းတို့ရှိခဲ့လေသည်၊ သို့ကြောင့် ဒုံရင်း ပအာဝန မြို့တွင် နန်းစံ သော နောက်ဆုံးမင်းကို ပြဦးအံ့။

သုဝဏ္ဏဘူမိတိုင်း သုဓမ္မပူရ သုဓမ္မဝတီသထုံပြည်တွင်'မနူဟာ' ခေါ်'မနောဟရီ'မင်းသည် အသက် ၁၄ နှစ်ရှိ၍ မင်းပြုသည်တွင် ပအာဝနမြို့မင်းသမီး ၁၆နှစ်အရွယ်နှင့်ပေးဆက်ရမည့်အကြောင်း ကို စေလေ၏၊ ထိုအခါ ပအာဝနရာဇာသည် သမီးကညာ လက် ဆောင်ပဏ္ဏာ မဆက် မရောက်,ငါသည်း မင်းဟူသောမာနဖြင့် တင်းမာ၍နေသောကြောင့်, မနူဟာ မင်းကြီးက ရာဇသံဖြင့် သမီးကညာကိုတောင်းလေ၏။

ထိုအခါ ပအာဝနမင်းသည် သမီးတော် ၁၆နှစ်ရွယ်ကို မလွှဲသာသဖြင့် ပေးဆက်ရမည်ရှိသည်တွင်၊ ပအာဝန ရာဇာက သမီးတော်ကိုခေါ်၍ မှာတော်မူသည်မှာ၊ ချစ်သမီး မနူဟာ မင်းတွင် ကုလားညီနောင်လူစွမ်းကောင်း ဗြတ်ဝိဗြတ္တနှင့် ဘားစည်ကြီး ဆင်ဖြူတော် ၃၂စီးတို့၏ တန်ခိုးကြောင့် ပုဉ်းတံခိုး အာဏာကြီး၍ ငါတို့က မခုခံမတိုက်ခိုက်နိုင်၊ မနေသာလှ၍ သမီးတော်ကို ပေးဆက်ရတော့မည်၊ ငါ၏သမီးတော်သည် ပါရမီ ပုဉ်းကံရှိ၍ ထိုမနူဟာမင်းက အချစ်အခင်ကြီးလျှင်၊ ဘားစည်ကြီးနှင့် သူရဲကြီး ဗြတ်ဝိဗြတ္တတို့ကိုဖျောက်ဖျက်၍ ပျက်စီး ရအောင် လုံ့လပြုပါ၊ သို့ပျောက်ပျက်လျှင် အမျိုးတကာကို ငြိမ်းချမ်းအောင် ပြုသည်လည်းမည်သည်၊ ငါ၏သမီးတော်လည်း မိဘတို့ထံသို့ တဖန်ပြန်၍ရောက်ရမည်ဟုမှာလိုက်၍ သမီးတော်ကို ပေးဆက် လိုက်လေ၏။

ပအာဝနမင်းသမီးလည်း သုဝဏ္ဏဘူမိသုဓမ္မဝတီ သထုံပြည်ရှင် မနူဟာမင်း၏ထံသို့ရောက်လျှင် မိဖုရားကြီးဖြစ်၍၊ မနူဟာမင်းကြီးက ချစ်ခင်မေတ္တာကြီးကြောင်းကို ပအာဝနမိဖုရား သိလျှင် မိန်းမတို့၏မာယာဖြင့် ခမည်းတော် ပအာဝန ရာဇာ မှာလိုက်သည်အတိုင်း အားထုတ်ကြံစီကြိုးစားလေ၏၊ ဘားစည် ကြီးနှင့် သူရဲကြီးတို့ကို ဖျောက်ဖျက်ရအောင် အမျိုးမျိုး ကြံစီလေ၏၊ မကြာမီ အခွင့်သာသာဖြင့် ဖျောက်ဖျက်လေ၏၊ သည် သုံးရပ် ပျောက်ပျက်လေလျှင် သုဓမ္မာတီမြို့သည် ပုဉ်းအာဏာနိမ့်၍ နွမ်းနယ်ခြင်းနှင့် ကျေးလက်ရွာပြည်မငြိမ်း မုဒိမ်းတန္တ ထူထပ်၍ အငတ်တမွတ်ကြီးလေလျှင်၊ အရိယာသံဃာတော်တို့ လွင့်ပြား၍

မြန်မာများ ထွက်သွားကြရလေကုန်၏၊ မြန်မာများ၏ ရန်ကို အောင်နိုင်ပြီးနောက် တရဖျားက ကောက်ကျစ်၍, တရဖျားကို သတ်ပြီးလျှင် မဂဒူးမင်းသည် ရာမညတိုင်းအလုံးကို ပိုင်တော်မူလေသတည်း။

ထိုသို့ ရာမညတိုင်းအလုံးကို ပိုင်တော်မူ၍ သင့်လျော်ရာ မှူး, မတ် "ဒေါဗျည္ဓား"တို့ကို မြို့စား-ရွာစား ခန့်ထား စီရင်တော်မူပြီးလျှင် မုတ္တမမြို့တော်သို့ပြန်လျက် မြို့ဟောင်း၏ အနီးတွင် မြို့သစ်,ထီးသစ်,နန်းသစ် တည်ထောင် ဖန်ဆင်းတော်မူ၍ "သိရိရတနာပူရ"ဟု ဘွဲ့မည်သမုတ်လျက် မိမိ၏ ဘွဲ့တော်ကိုလည်း ကောင်းကင်မှ စီး၍ ကျသကဲ့သို့ မင်းဟု အဓိပ္ပါယ်ပြု၍ 'ဝါရီရူး' ဟု ဘွဲ့ခံတော်မူလေ၏။

ထို-သိရိရတနာပူရ မုတ္တမမြို့သစ် တည်သော သက္ကရာဇ်၆၄၉ ခုနှစ် အတွင်း၌ပင်လျှင် မုတ္တမမြို့ရှိ ၃၂-မြို့ဇာ ၁၂-ဇာတို့ကိုလည်း တည်ထောင် ဖွဲ့စည်းတော်မူသတည်း။ ။မုတ္တမမြို့ရှိ ၃၂-မြို့ တို့တွင် ကရင် မြို့တော်ဖြစ်ဘူးသော "ဒုံရင်း" ခေါ် "ပအာဝန်" နယ် လှိုင်းဘွဲ့မြို့ သတိုင်းမြို့ ထားကျိုင်းမြို့များလည်း မုတ္တမမြို့ရှိ ၃၂-မြို့တွင် ပါဝင်ရပြန်လေ၏။ ။ထိုခေတ် ထိုအခါမှစ၍ မြို့စား မြို့သူကြီးများထား၍ အုပ်ချုပ်စေခဲ့ရာ ယခုကာလ တိုင်အောင် သီးခြားအုပ်စိုးသော ကရင်မင်းဟူ၍ မရှိသေးပေ။ ။ဝါရီရူးဘွဲ့ခံ မဂဒူးမင်းမှစ၍ တလိုင်းမင်းအဆက်ဆက်ရာမညတိုင်း အလုံးကို အုပ်စိုးခဲ့ရသော်လည်း ဒီရေ၏အလား အတက်အကျ လည်း ရှိသေးသည့်အတိုင်း နောက်ဆုံး၌ မြန်မာသက္ကရာဇ်၁၁၁၉ ခုနှစ်တွင် မြန်မာဘုရင် အလောင်းမင်းတရားကြီးက ရာမညတိုင်း တလိုင်းသုံးရပ်ကို အောင်မြင်ပြန်၍ မြန်မာမင်း၏ လက်နက်နိုင်

ငံသို့ ပါဝင်ရပြန်လေ၏၊ မြန်မာမင်းတို့၏ နိုင်ငံတော်ဖြစ်သော အရှေ့ပိုင်းတစိတ် ဇယျ့, ဇွဲယျ့, ပအာဝန, ဟူသော ကရင်လူမျိုး တို့၏ မြို့တော်ဟောင်း တည်ရာများ ပါဝင်သော သံလွင် မြစ်၏အရှေ့ဖက်ကမ်းတလျှောက်နှင့် ယေးမြို့, မြိတ်, ထားဝယ်, တနင်္သာရီ,ရခိုင်၊လေးမြို့တို့ကို သက္ကရာဇ် ၁၁၈၇ခုနှစ် ရန္တပို စာ ချုပ်အရ အင်္ဂလိပ်တို့ကပိုင်လေ၏။ သက္ကရာဇ် ၁၂၁၄ခု နှစ်တွင် ပဲခူးခရိုင်နှင့်တကွ,မြန်မာနိုင်ငံအောက်ပိုင်းကို အင်္ဂလိပ်တို့က ပိုင် ပြန်သည်၊ သက္ကရာဇ် ၁၂၄၇ခုနှစ်တွင် မြန်မာနိုင်ငံတော်အထက် ပိုင်းကို မင်းနှင့်တကွ,အင်္ဂလိပ်တို့ကပိုင်လေသတည်း။

## ၇၂။ အထူးဖေါ်ပြချက်

ရှေးအခါကာလက မိမိတို့လူမျိုးချင်းကို မိမိတို့လူမျိုးထည်း မှ ဘုန်းပညာပါရမီ သမ္ဘာရကြီးသူတို့က မင်းပြု၍ အုပ်ချုပ်ခဲ့ ကြသော်လည်း နောက်နောက်သောကာလတွင်မိမိတို့ထက်ဘုန်း လက်ရုံး ဉာဏ်ပါရမီပြည့်စုံသော တပါးသောလူမျိုးတို့က အုပ် စိုးလွှမ်းမိုးကြပြန်ချင်းသည် မလွဲမကင်းသာသော ဓမ္မတာ ထုံးစံ ကြီးပင်ဖြစ်ချေသည်၊ ထိုကြောင့်ကရင်လူမျိုးဘုရင်မင်းများ ရှေး အခါက များစွာ ရှိဘူးသော်လည်း ထိုကရင် လူမျိုးတို့သည် ရိုးသားဖြောင့်မတ်သူများလူ၍ရင်း,သူတပါးတို့အား ရန်မူခြင်းမှ နည်းပါးသောလူမျိုးဖြစ်ခြင်းကြောင့်ရင်း, တောတောင်များ၌ သာ သွားလာကျက်စား အနေ,များသောကြောင့်ရင်း,တဖြည်း ဖြည်း နောက်နောက်သောကာလတို့၌ ရှမ်းလူမျိုး,ယွန်းလူမျိုး, မွန်တလိုင်းလူမျိုး,မြန်မာလူမျိုး မင်းတို့က ထိုကရင် လူမျိုး တို့ကို လွှမ်းမိုးအုပ်ချုပ် မင်းလုပ်ကြလေကုန်၏၊ထို ရှမ်း၊ ယွန်း၊ မွန်တ

လိုင်း၊ မြန်မာမင်းတို့ကိုလည်း လုံ့လဝိရိယဉာဏ်ပညာရှိ၍ လောဘကြီးကုန်သော ဥရောပတိုက်သား ဘာသာခြားလူမျိုးခြားတို့က တဖန်လွှမ်းမိုးအုပ်ချုပ်လျက်မင်းလုပ်ကြလေ၏။

ဤသို့လျှင် ကရင်လူမျိုးတို့၏ မင်းဆက် ပြတ်သည်မှာ ကာလ ကြာရှည်ခဲ့၍, မိမိတို့၏ ကရင်ဘာသာ စာပေမျှ မရှိလေအောင် ကွယ်ပျောက်ရရှာလေကုန်၏။

ယခုခေတ် မကြာမီကာလတွင်မှ ဉာဏ်ပညာကြီးသူ ခရစ်ယံဘာသာ သာသနာပြုတို့က ကြံစည် ပြုလုပ်၍ ပေးပြန် သောကြောင့် 'ကရင်စာ' ဟူ၍ရှိလာပြန်ပေသည်။

ထိုသို့ မိမိတို့၏စာပေရင်း မူလပညာကွယ်၍ အသင်အကြား မရှိ စာမတတ်သော ခေတ်ကာလ ကြာရှည်၍ နေသည့် အတွက် စာပေပရိယတ်မရှိ၍ မင်းဆက်ရာဇဝင် ပုံပြင် နိပါတ် ကဗျာလင်္ကာ,စသော စာဟောင်းပေဟောင်းများ ပျောက်ပျက် တိမ်ကော၍ ရှေးအခါက ကရင်ဘာသာစာ မရှိသကဲ့သို့လည်း ထင်မှတ်ကြ၍ ထိုစာဟောင်းပညာရာဇဝင်မသိကြသဖြင့်, ကရင်ကြီးက 'စော်ကဲ' မျှဟူ၍ရင်း,ကရင်မှာ မင်းမရှိဟူ၍ရင်း ပြောဆိုမှတ်ထင်၍နေကြလေကုန်သတည်း၊ သို့ရာတွင် သာသနာဂတော် ကွယ်သောအခါ ပရိယတ္တိစာပေလည်း ကွယ်သည်ဟု ဆိုရသော်လည်း, အနှံ့အပြား သင်ကြားပို့ချခြင်းမရှိသည်ကိုသာလျှင် ကွယ်သည်ဟုဆိုရသကဲ့သို့ရင်း,ကဿပမြတ်စွာဘုရား၏ တရားတော် တည်းဟူသော ပရိယတ္တိသာသနာတော်သည် ရွှေပြား၌ရေး၍ ထားသဖြင့် ငါတို့ ဂေါတမ မြတ်စွာဘုရား၏ လက်ထက်တော် တိုင်အောင်,အာဠာဝကဘီးလူးတို့ထံ၌ 'ကိံ သူဓဝိတ္တံ ပုရိသဿသေဋ္ဌံ'

စသော ပရိယတ္တိတရားတော် တည်ရှိသကဲ့သို့၎င်း,ထို့အတူကရင် ရာဇဝံသမင်းဆက် စသော ပုံပြင် ဝတ္ထုတို့သည် ကျောက်စာ ဟောင်းစသည်၌၎င်း, တပါးသော ဘာသာ စာဟောင်း ပေ ဟောင်းတို့၌၎င်း, ထင်ရှား ရှိသင့်သေးကြောင်း၊ အထောက် သာဓက သက်သေကား ယခု ဤကရင် ရာဇဝင်ကို 'ပအူဘောင် သူ'ဘာသာစာတွင် တွေ့ရ၍ ထိုစာဟောင်းကို အရင်းမူပြုလျက်, တပါးသော စာဟောင်းပေဟောင်းရာဇဝင် သမိုင်း အမျိုးမျိုး တို့နှင့် ညှိနှိုင်း၍ ရေးသားရသဖြင့်, ကရင်ဘာသာစာနှင့် ကရင် ရာဇဝင်ရှိလိမ့်မည်ဟုယုံကြည်သင့်သတည်း။

ကမ္ဘာဦးကာလက လူကိုမဆိုထားဘိဦး အခြေလေးချောင်း ရှိသော တိရစ္ဆာန်တို့သည်လည်း စည်းဝေး ကုန်၍ တကောင် သော'ခြင်္သေ့'ကို မင်းမြှောက်ကြကုန်၏၊ မဟာသမုဒ္ဒရာ၌ နေကုန် သော ရေနေသတ္တဝါတို့သည်လည်း 'အာနန္ဒာ' အမည် ရှိသော ငါးကြီးကို မင်းမြှောက်ကြကုန်၏၊ ကောင်းကင်၌ ပျံသန်းသွား လာသော ငှက်အပေါင်းတို့သည်လည်း'ဟင်္သာငှက်'တကောင်ကို မင်းမြှောက်ကြကုန်၏၊ ထိုငှက်တို့ မင်းမြှောက်သော အစည်းအ ဝေးပွဲ၌ကစ၍ ကျီးနှင့် ခင်ပုတ်ငှက်တို့ ရန်သူ ဖြစ်ခဲ့ကြကုန်၏ ဟု တိကနိပါတ် ဇာတ်အဋ္ဌကထာ စသည်တို့၌ထင်ရှားစွာ ဖွင့်ဆိုကြ ကုန်၏၊ သို့ကြောင့် ငါတို့ကရင်လူမျိုး၌မင်းဖြစ်ဘူးသောသူ မရှိ ဟူ၍ မှားသောအမှတ်သညာကို ပယ်ဖျောက်ကုန်လျက်၊ဤကရင် ရာဇဝင်ကျမ်း၌ပါသော မင်းဆက်မျှမက, များစွာသော ကရင် လူမျိုးမင်းတို့ရှိသင့်ကြောင်းကို သတိပြုကြရန် တိုက်တွန်းစကား ရေးသားဖော်ပြလိုက်ပါသတည်း။

အကယ်၍ 'ကရင်ရာဇဝင်ဟောင်း'ကို မတွေ့မရှိ မသိကြကုန်၍ ကရင်မင်းများမရှိဟု ထင်စေကာမူ ဘုရားလူမျိုးကမှ ဘုရားဖြစ်သည်မဟုတ်, ရဟန္တာလူမျိုးကမှ ရဟန္တာဖြစ်သည်မဟုတ်, မည်သည့်လူမျိုး မည်သူမဆို ပါရမီ တည်းဟူသော ဘုရား ရဟန္တာ ဖြစ်ထိုက်သော အလုပ်ကိစ္စကို ပြည့်စုံအောင် အားထုတ် ပြုလုပ်နိုင်ပါလျှင် ဘုရားရဟန္တာပင် ဖြစ်နိုင်ပါလျက် အဘယ်အတွက်ကြောင့် ကရင်လူမျိုး မင်းမရှိဘဲနေနိုင်ပါအံ့နည်းဟုတနေ့ထက် တနေ့ တဆင့်ထက် တဆင့် မြင့်သည်ထက်မြင့်, ရင့်သည်ထက် ရင့်အောင်သာ သတိဝီရိယ ဉာဏ်ပညာ ပါရမီ့ကိုသာ အား ထုတ်ကြရန်,အနုသာသနကထာ မေတ္တာကိုရှေးထား၍ ရေးသား လိုက်ပါသတည်း။

ဤသို့လျှင် ရှေးရှေးသောကာလမှစ၍ ဖြစ်ပျက်ခဲ့သော ရာဇဝင်ကိုထောက်ဆ ဆင်ခြင်သော ကရင်လူမျိုးကို မွန်တလိုင်းတို့က နိုင်သည်၊ မွန်တလိုင်း လူမျိုးကို မြန်မာတို့က နိုင်သည်၊ မြန်မာ လူမျိုးကို အင်္ဂလိပ်တို့က နိုင်သတည်း။

ထို့ကြောင့်မြတ်စွာဘုရားသည်၊ဝိဘင်္ဂပါဠိတော်၌။

ဥက္ကိတ္တာပုညတေဇေန၊
ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂတ္တံပိသမ္ပတ္တာ၊
ပုနာဂစ္ဆန္တိဒုဂ္ဂတိံ။

ဟု ဟောတော်မူသည်။ ကောင်းသောအမှု ဟူသော တန်ခိုးသည် ပင့်မြှောက်သည်ဖြစ်၍ ကာမဘုံ၊ ရူပဘုံသို့ ရောက်ရုံမက, ဘဝဂ်တိုင်အောင် ရောက်ရသော်လည်း ကောင်းသော ကံ ဉာဏ် ဝီရိယ ကုန်ချိန်ကျက ဒုဂ္ဂတိဌာနပါယ်လေးဝသို့ပင် တဖန်ပြန်၍ ကျကြ လေကုန်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဒီရေကဲ့သို့ အတက်အကျရှိသည်ဟုဆိုခဲ့ပေသတည်း။

ကရင်ရာဇဝင်ကျမ်း ဒုတိယတွဲပြီး၏။

—o—

# ကရင်ရှေ့ရဝင်

## တဘိယတွဲ

ဟံသာဝတီ ပဲခူး

အုတ်ဘို

မတ္တရာမင်းဆက် ရာဇဝင်

# ကရင်ရာဇဝင်

နမော ဝိသုဒ္ဓနော လောကနာထဿ။

## အခန်း ၁၀

### ၃၃။ သမိန်ထောရာဇာအကြောင်း

မြန်မာ သက္ကရာဇ် ၁၁၀၂ ခုနှစ် အဝနိုင်ငံရှင် လောကာသရဘူဒါယကာ ဟံသာဝတီရောက်မင်းတရားကြီး လက်ထက်တော်, ဟံသာဝတီ ပဲခူးမြို့တွင်, ထီးနန်းအုပ်ချုပ်၍ မင်းပြုလုပ်သော 'ဆင်ကျွားရှင် သမိန်ထောရာဇာ' ဘွဲ့ခံကျေ့ ကရင်မင်း၏ အတ္ထုပ္ပတ္တိကို မှန်နန်းရာဇဝင်တော်ကြီးစသော မြန်မာရာဇဝင်များနှင့် တကွ, ပေမူရှိ မွန်ရာဇဝင်မင်းဆက်ကျမ်း,သက္ကရာဇ် ၁၁၅၃ ခုနှစ် ဘိုးတော်မင်းတရားကြီးလက်ထက်,သံတော်ဆင့် မင်းကျော်ထင် သခ်ယာနှင့် တလိုင်းဆရာ မောင်တက်တိုး မြန်မာဘာသာပြန်ဆိုသော ရွှေမော်ဓောသမိုင်းကျမ်း,သက္ကရာဇ်၁၁၇၇ခုနှစ် ယေးမြို့အစဉ့်စာရေးဆရာကြီး ဦးထော်ခဲမြန်မာဘာသာပြန်ဆိုသော မွန်ရာဇဝင်ချုပ်ကျမ်းများတွင်,ကရင်မင်းဟု ရေးသားကြသည့်အတိုင်း ထိုဆင်ကျွားရှင်ကျေ့ ကရင်မင်း၏ ရာဇဝင်ကိုလည်း, ဤကရင်ရာဇဝင်ကျမ်းတွင် တတိယတွဲပြုလုပ်၍ ထည့်သွင်း ဖော်ပြလိုက်ပါသတည်း။

သက္ကရာဇ် ၁၁၀၂ ခုနှစ်တွင် အင်းဝရှင်ဘုရင် လောကာသရဘူဒါယကာ ဟံသာဝတီမြို့ဝန် 'မင်းရဲအောင်နိုင်' သည် ဟံသာဝတီ

မြို့နေအမှုထမ်း၊ ပြည်သူရဟန်းတို့ကို ကပ်ညှပ်သတ်ဖြတ်ခြင်းပြင်း ထန်လှ၍ ဟံသာဝတီသားတို့ကလည်း မြို့ဝန်မင်းရဲအောင်နိုင်ကို လုပ်ကြံပြီးလျှင် မင်းပြုလုပ်၍ အုပ်ချုပ်မည့်သူကို ရွေးချက်စီ စစ်ကြသဲတွင်၊ အဝိုင်းကရင်ရွာကြီးနေ ကျေ့ကရင်တို့က မင်း လောင်းပေါ်သည်ဆို၍ ဟံသာဝတီမြို့ မြောက်တောင်နတ်ကြီး သရက်တပင် အရပ်တွင်တပ်ကြီးတည်၍ မင်းမြှောက်ကြမည်ဟု စုရုံးရှိနေကြောင်းကို ဟံသာဝတီမြို့နေ အမှုထမ်းတို့ ကြားသိ သောကြောင့် မင်းလောင်းမမှန်လျှင်လည်းတိုက်မည်၊ မှန်လျှင် လည်း ထီးနန်းအုပ်ချုပ်မင်းလုပ်စေမည် ဟူသောအကြံအစည်နှင့် စုရုံးချီတက်သွားကြလေ၏၊ သရက်တပင်တပ်သို့ရောက်လျှင်၊ အ ကြီးအမှူး ပြုလုပ်သူ ဗိုလ်မှူးတပ်မှူးတို့က အလောင်းမှန်မမှန်ကိုစုံ စမ်းဦးမည်ဟု ရဲမက်လက်နက်ကိုင်လူစုတို့ကို တပ်ပြင်က ထားခဲ့ ၍၊ ဗိုလ်မှူး တပ်မှူးလူကြီးတို့ သရက်တပင် တပ်အတွင်းသို့ဝင် ရောက်စုံစမ်းသည်တွင်၊ ကျေ့ကရင်မင်းသည် အခြား မဟုတ် အင်းဝပြည့်ရှင် မာန်အောင်ရတနာ ဒါယကာ မင်းတရားကြီး၏ ညီတော်ရင်း ပုဂံမင်းသည်၊ ပုဂံမြို့ပျက်ရာတွင် ကျေးတောရွာ သို့ ရောက်၍ ထိုကျေးတောရွာတွင် ကိုယ်လုပ်တော် ကရင်မ သုပပ္ပါဆိုသူက မွေးဘွားမြင်သည့် သားတော်ကို၊ ကျေ့ကရင် တို့ ကျွေးမွေးသိမ်းဆည်းထားသည်နှင့် အရွယ်သို့ ရောက်လျှင်၊ ရတနာပူရအဝမြို့တောင် ‘ဂဠုံနန်းခင်း’ အရပ်တွင် နေလေသည်၊ ထို့နောက် ရှမ်းပြည်သို့ လေလွင့်ပါးရှား၍ ပဲခူးမြို့မြောက် သရက်တပင် ရွာမှာနေလာကြောင်းများကို၊ စေ့စုံစွာကျေ့ကရင် ရဟန်းလူကြီးတို့ပြောဆိုလျှင် ဟံသာဝတီသားတို့သည် သဘော ကြိုက်ညီယုံကြည်ကြ၍ ပုဂံမင်းသား ‘သာလှ’ ဆိုသူမင်းလောင်း

ကို ကွေ့ကရင်မင်းဟု ခေါ်ဝေါ်သမုတ်ပြီးလျှင် ဟံသာဝတီမြို့မြောက်၊ တောင်နတ်ကြီး သရက်တပင် တပ်တွင်ပင် မင်းမြောက်ကြံကုန်၏။ ထို့နောက်သရက်တပင် တပ်က အဝိုင်းသို့ပြောင်းနေရာတွင် ဟံသာဝတီမြောက်၊ ချောင်းဖျားကရင်တို့ လိုက်လာသည်ကို၊ ကွေ့ကရင်မင်း၏ လူစုတို့က အထင်မှား၍ တလိုင်းတပ်သားတို့နှင့် ဆီးခံ၍ တိုက်ခိုက်လေလျှင်၊ ကရင်တို့တပ်ပျက်လေသည်၊ တပ်ပျက်ပြီးမှ အကြောင်းစုံ သိကြ၍ ကရင်တို့ကိုတလိုင်းတို့ကလက်ခံ၍ ကွေ့ကရင်မင်း၏ ကျွန်တော်ရင်း ခံစေကြကုန်၏၊ ထိုနောက်ကွေ့ ကရင်တပ်သား စစ်သည် သူရဲများနှင့်တလိုင်းစစ်သည်တို့ များစွာတိုးပွား၍ အခိုင်အမြဲဖြစ်လေသော်၊ ဟံသာဝတီမြို့တွင်းသို့ဝင်၍သမိန်ထောဘွဲ့အမည်ခံ၍ ကွေ့ကရင်မင်း သမိန်ထောသည် ဟံသာဝတီမြို့တွင်းတွင် နန်းတော် အိမ်တော်များ ဆောက်လုပ်၍ မင်းပြုလေသည်၊ ကွေ့ကရင်မင်းနှင့် သဘောတူသူတို့ကိုလည်း ကွေ့ကရင်မင်းနှင့် သမိန်ထောကအမည်ပေးသည်၊ အမတ်ကြီး စောဖြူတစ်၊ စောဖြူဆာတစ်၊ စောဖြူဟတ္ထိရာဇာတစ်၊ စောဖြူပုံရွတ်တစ်၊ စောဖြူ ကောင်အိမ်တစ်၊ ၎င်းစုကရင်လူမျိုးတို့တည်း၊ အဝကာခန့်ထားသည့် ဆင်ဝန်အောင်လှကို ဗညားဒလအမည်ပေးသည်၊ ၎င်းသည်ဇင်းမယ်ရှမ်းလူမျိုးတည်း၊ ဗညားအညတစ်၊ ဗညားတဗ္ဗတစ်၊ ဗညားသမန္တတစ်၊ ဗညားဇွယ်ယဗလရာဇာတစ်၊ စိတ္တရာဇာတစ်၊ ဒေါ်ထော်တစ်၊ ဗညားကျော်တစ်၊ ဒေါ်တုတ်တစ်၊ ဗညားဗြသိဒ္ဓတစ်၊ ဒေါ်ဇွဲရစက်တစ်၊ သိရိကမန်ပိုက်တစ်၊ ၎င်းစုတလိုင်းလူမျိုးတို့တည်း၊ ထိုသူတို့နှင့် လူအများတို့ကို ဘွဲ့အမည်ပေး၍ နန်းစံလေသည်။

ဟံသာဝတီမြို့၌ ထိုကွေ့ ကရင်မင်း နန်းတက်သောနှစ်ကို မှန်နန်း ရာဇဝင်တော်ကြီး သက္ကရာဇ် ၁၁၀၂ ခုနှစ်ဟု ပါလေသည်၊ ပေမူရှိ မွန်ရာဇဝင်မင်းဆက်ကျမ်းတွင်, သက္ကရာဇ် ၁၁၀၄ ခုနှစ်ဟု ပါသည်၊ ထိုမင်း၏ ငယ်မည်ကိုလည်း မှန်နန်းရာဇဝင်တော်ကြီးတွင် သာလှဟူ၍ တွေ့မြင်ဘတ်ရှုရလေသည်၊ သို့ရာတွင် ရွှေမော်ဓောသမိုင်းကျမ်းတွင်, ငယ်မည် 'မောင်ဖုန်း' ဟူ၍၎င်း 'မောင်တုန်း' ဟူ၍၎င်း 'ဗုဒ္ဓကေသီ' ဟူ၍၎င်း 'ဗုဒ္ဓရာဇာ' ဟူ၍၎င်း တွေ့မြင်ဘတ်ရှုရလေသည်၊ မင်းအဖြစ်သို့ ရောက်၍ ဘွဲ့တော်ခံသောအခါ, သမိန်ထောရာဇာဟူ၍ ဘွဲ့အမည်ခံကြောင်းကို, အစောင်စောင်သော ရာဇဝင်သမိုင်းတို့ကပင် တူမျှစွာဆိုကြလေသည်၊ ထိုမင်းကို မှန်နန်းရာဇဝင်တော်ကြီးစသည်တို့တွင် ကွေ့မင်းဟုပါရှိသော်လည်း, သတိမမူ ဂူမမြင်ဆိုသကဲ့သို့ ကွေ့ဟူသည်မွန်မာကရင်တည်းဟု သတိမပြုကြသောကြောင့်၎င်း, ပုဂံမင်း၏သားသာလှဟု ဆိုသောကြောင့်၎င်း, ကရင်ဟူ၍ အမှတ်မပြုကြကုန်သည်ဟု ထင်ရန်ရှိ၏၊ သို့ရာတွင် မှန်နန်းရာဇဝင်တော်ကြီး၌ပင် ပုဂံမင်း၏ ညီတော်ရင်း လောကသရဘူဒါယကာ, ဟံသာဝတီရောက်မင်း၏ ဘထွေးတော်ရင်း သတိုးမင်းခေါင် ဘွဲ့ခံစစ်ဗိုလ်ချုပ်ကြီးက ညောင်ဦးတပ်မှနေ၍ ပြန်လိုက်သောစာတွင် ဟံသာဝတီမှာ မင်းပြုလုပ်နေသူသည် ပုဂံမင်း၏သား မဟုတ်ကြောင်းကို တောမျောက်နှင့်ပမာပြု၍၎င်း, မီးတွင်လှော်၍ ကြဲသော မျိုးစေ့သည် ပေါက်ရောက်ခြင်းသို့ မရောက်နိုင်သကဲ့သို့၎င်း, ဆားလှော်မှောက်သကဲ့သို့၎င်း, သားမယားပါ ပျက်စီး၍ ပုဂံမင်း၏သား မဟုတ်ကြောင်း ငယ်လိုက်လေသည်၊ ထိုစကားသည် နောက်တွင် ထင်ရှားလတံ့။

ဤကဲ့သို့ ကရင်မင်းသည် ပုဂံမင်း၏သား မှန်စေကာမူလည်း အမိမှာ ကရင်လူမျိုးဖြစ်ကြောင်း ထင်ရှားလှ၏၊ စင်စစ်မှာမူ တိုင်းသူပြည်သားတို့ ငြိမ်ဝပ်ပိပြား၍ ယုံကြည်အားထားကြစေခြင်းငှာ၊ ကဲ့ကရင်ရှင်ကြီး လူကြီးတို့က ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံသော ကဲ့ကရင်တယောက်ကို မင်းမျိုး မင်းနွယ်နှင့် ဆက်သွယ်အောင်ပြော၍ မင်းမြှောက်ကြသည်၊ ကဲ့ကရင်အစစ်တည်းဟု သက္ကရာဇ် ၁၁၇၇ ခုနှစ်တွင် ယေးမြို့အစဉ်စာရေးတော်ကြီး ဦးတော်ခဲ မြန်မာဘာသာ ပြန်ဆိုသည့် မွန်ရာဇဝင်ချုပ်ကျမ်းတွင်ဆိုလေသည်၊ မြန်မာကရင်ကိုကဲ့ကရင်ဟုအချို့သော အရပ်ဒေသတွင် ခေါ်ဆိုကြောင်းကိုလည်း၊ ဤကျမ်းအစတွင် ကျွန်ုပ်တို့ပြဆိုခဲ့လေပြီ၊ ဤကား ဟံသာဝတီ ပဲခူးမြို့တွင် ကဲ့ကရင်မင်း နန်းစံဘူးကြောင်းကို သမိုင်းဟောင်း ရာဇဝင်တို့တွင် အထင်အရှားရှိပေသဖြင့် ကောင်းစွာ သိရှိ၍ သတိရကြစေရန် ထည့်သွင်း ဖော်ပြလိုက်ပါသော ရာဇဝင်ဆရာ၏ အမှာစကားတည်း။

## ၇၄။ ဆင်ကျားရှင်အမည်ခံပုံ

※ ထိုအခါ ဇင်းမယ် ငါးဆဲ့ခုနှစ်ခရိုင်လုံးကို အုပ်စိုး၍ မင်းပြုလုပ်သော ဇင်းမယ်သေည်လုံကလည်း သမီးတော် 'နှင်းသိရိစိတ္တ' ကို ဟံသာဝတီပဲခူးမြို့အရှင် ကဲ့ကရင်မင်း သမိန်ထောရာဇာသို့ ဆက်သ၍ မဟာမိတ် ပြုကြလေသည်၊ ဟံသာဝတီ ပြည်ရှင် ကဲ့ကရင်မင်းသည်လည်း ဟံသာဝတီမြောက် ကြုံဆိုးချောင်း အခရံတော် တခွင်တွင်မပြတ် ဆင်ကျော့ဘမ်းသည်၊ အရှေ့ဘက် စစ်တောင်းသို့ကူး၍လည်း ဆင်ကျော့ဘမ်းသည်၊ နောက်သော်

တနေ့ထက်တနေ့ အရှိန်အစော် ပွင့်းတန်းခိုး အာဏာ ကြီး၍ အခိုင်အမြဲးဖြစ်လေ၏၊ ထိုအခါ ယိုးဒယားကျေးစပ် လဝလူမျိုး တို့မှာ "ဆင်ကျား"ရှိကြောင်းကို ကေ့ကရင်မင်းကြီး ကြား သိတော်မူ၍ အဝယ်တော်စေလွှတ်ဝယ်စေသည်၊ ဝယ်၍မရသဖြင့် တလိုင်းလူမျိုး ဆင်မှူးတို့က ခိုးခဲ့၍ ဆက်သလေသည်၊ တလိုင်း ဆင်မှူးတို့ ဆင်ခိုးယူပုံမှာ ဆင်ကိုအထိန်း လဝ လူမျိုးတို့ ထူး ခတ်၍ ခလောက်နှင့် တောတွင်လွှတ်ထားကြပြီးလျှင် မနီးမဝေး သော အရပ်ကနေ၍ ဆင် ခ လောက် သံကို နား ထောင် လျက် ကျောင်းစားနေသည်ကို သိကြလျှင် ဆင်ခလောက်ကို ဝါးပင် ဖျားဦ့ ဆွဲထား၍ ဝါးရုံပင်ကိုလေလှုပ်၍ ဆင်ခလောက်သံမပြတ် ကြားသဖြင့် ဆင်ထိန်း လဝ ယိုးဒယားတို့သည် ဆင်ရှိသည်ဟု ထင်မှတ်သောကြောင့် ယုန်သမင်လိုက်ဘမ်းကာဆင်ကိုမကောက် မထိမ်း နေသည်နှင့် ဆင်ကို တလိုင်းတို့ ခိုးယူ၍ နေ့ညဉ့်မဆိုင်း ဆောင်ယူထွက်ပြေးပြီးလျှင် ကေ့ကရင်မင်းကို ဆက်သကြလေ သည်၊ ထိုဆင်ကို ရလေရာတွင်မှ သမိန်ထောဘွဲ့ခံ ဟံသာဝတီ ပြည်ရှင် ကေ့ကရင်မင်းသည် မိမိ၏ဘွဲ့တော်ကို "ဆင်ကျားရှင်" ဟု အမည်ပေါ် ဘွဲ့ခံလေသည်၊ သို့ရာတွင် ထိုဆင်ကား ဆင် ကောင်းလက္ခဏာမရှိ ပါပလက္ခဏာဖြစ်သောဟူ၏။

တွင်းသင်းပန်မဟာစည်သူ စီရင်ရေးသားသည့် ရာဇဝင်သစ် တွင်မူကား ကေ့ကရင်လူမျိုး တလိုင်းလူမျိုးတို့က စုရုံးတိုင်ပင် ၍ ကေ့ကရင်မင်းဟု အမည်ပေးလျက် မင်းမြှောက်ကြ၍ များ မကြာမီ ဆင်နှင့်ကျားကို တပြိုင်နက် ဆက်သရောက်လာ သော ကြောင့် "ဆင်-ကျား-ရှင်" တွင်သည်ဟုဆိုလေသည်၊ ဆင်ဝန်

ဗညားဒလကလည်း၊ မိမိ၏သမီးအငယ်ကို ကွေ့ကရင်မင်းအား ဆက်သလေသည်။

ဒင်းဝပြည်ရှင် မြန်မာမင်းက ခန့်ထားသော ဆင်ဝန်မောင် အောင်လှသည် သမိန်ထောရာဇာဆင်ကျားရှင်ဘွဲ့ခံ ကွေ့ကရင် မင်း၏ လက်ထက်တော်တွင် ဗညားဒလဟူသော ဘွဲ့အမည်ဖြင့် အမတ်ကြီး၏ ရာထူးနှင့် စီရင်ရလေသည်။

## ၇၅။ မြန်မာနှင့်ကရင်တို့တိုက်ပွဲများ

သက္ကရာဇ် ၁၁၀၃-ခုနှစ် ဟံသာဝတီ ပဲခူးမြို့မှာကွေ့ကရင်နှင့် တလိုင်းတို့ ပုန်ကန်သောင်းကျန်း၍ သမိန်ထောဘွဲ့ခံ ဆင်ကျား ရှင်ကို မင်းမြှောက်ကြလျက် ထီးနန်းစိုက်ဆောက်၍ မင်းပြုစေ ပြီး အခိုင်အဖြီးနေကြောင်းကို အင်းဝပြည်ရှင် လောကသရဘူ ဒါယကာ မင်းတရားကြီး ကြားသိတော်မူလေလျှင် ဓနုဖြူမြို့ ရောက် မင်းလှရွှေထောင်ကို အလုံးအရင်း ပေးအပ်၍ ချီလာစေ သည်၊ မင်းရဲကျော်ခေါင်ကိုကည်း သတိုးမင်းခေါင်ဟူသော ဘွဲ့ အမည်နှင့် ဗိုလ်ခြေအလုံးအရင်း ပေးအပ်၍ နောက်ထပ် ရေ ကြောင်း ချီတက်လာစေသည်၊ပြည်မြို့သို့ရောက်လျှင် ကြက်တင်း တောင်ကိုပတ်၍ တပ်တည်၍ နေလေ၏၊ ဓနုဖြူမြို့ရောက် ရှေ့ ချီလာသည့် သတိုးမင်းလှ ရွှေထောင်တပ်ကို ဟံသာဝတီ ကွေ့ ကရင်မင်း၏ အမတ်ကြီး စောဗြ ဗိုလ်ချုပ် ပြုလုပ်လျက်, တ လိုင်းတို့ ရွတ်ရွတ်ချွန်ချွန်မဆုတ်မနစ် တိုက်ခိုက်လေလျှင်,မြန်မာ တပ်တို့ မရပ်မခံနိုင် သဖြင့် ပြည်မြို့သို့ သတိုးမင်းခေါင်ရှိရာ ပေါင်းကြလေကုန်၏။

သက္ကရာဇ် ၁၁၀၄-ခုနှစ် ပြည်မြို့မှာ သတိုးမင်းခေါင် သည် ကိုစောဗြ၏ ကျွဲကရင်တလိုင်းတို့ မလှုပ်မရှား နိုင်လေလျှင်၊ အမတ်ကြီးစောဗြဆာနှင့် စောဗြဟတ္ထိရာဇာတို့ကိုအုပ်ချုပ်စေ၍ ကျွဲကရင်နှင့်တလိုင်းတို့ တောင်ငူက၊ တောင်တွင်းကြီး မြို့သို့ ဆင်း၍ ပဋ္ဌာနဂိုရ်၊မလွန် စသောအညာတပြင် မြစ်အရှေ့ဘက် အနောက်ဘက်မြို့ရွာများကို၊ သိမ်းရုံးတိုက်ဖျက်၍ ချင်းတွင်းမြစ် ညာကန္နီမင်းခင်းသို့ တိုင်အောင် ဆန်တက် သိမ်းရုံး ပြီးလျှင်၊ တံတားဦး၊ ပင်းယ၊ သင်ပန်းတလျှောက် တပ်နှင့် ချည်း နေကြလေ၏။ ယင်းသို့အင်းဝမြို့ တိုင်အောင် ကျွဲကရင် တလိုင်းတို့ ပေါက်ရောက်ကြောင်းကို၊ ပြည်မြို့သတိုးမင်းခေါင်ကြား၍ လှေ တက်အများနှင့် ချီလာသည်၊ သတိုးမင်းခေါင် ပုဂံမြို့သို့ ရောက် လျှင် ကျွဲကရင်တလိုင်းတို့ စစ်နှစ်ဘက်ညှပ်ချိမ့်မည်ဟု ဆုတ်ခွါ ကြလေသည်၊တပ်ခြေကြွတွင် အဝမြို့တွင်းက တွက်၍ တိုက်လေ သည်၊ကျွဲကရင်တလိုင်းတို့ မရပ်မဆိုင်း တပ်ကိုနှုတ်၍၊ အပြင်း ခွါလေ၏။

ဤအထက်ပါစကားစုတွင်မှန်နန် ရာဇဝင်တော်ကြီး၌ 'ကျွဲ ကရင်'ဟူ၍မပါဘဲ'တလိုင်းတို့-တလိုင်းတို့'ဟူ၍သာပါလေသည်၊ သို့ရာတွင် မှန်ရာဇဝင်ချုပ်ကြီးပေမူ၌ 'ကျွဲကရင် တလိုင်းတပ် သားတို့'ဟူ၍ ဒ႑သေအချာ ပါလေသည်၊ မြန်မာရာဇဝင် တို့၌ ဤအရာမပါသော်လည်း၊စော်ဘွကိုင် အရှေ့ဘက်အုပ် ဘိုတောင် ခြေ၌၊ကျွဲကရင်လူမျိုးတို့ တပ်ကြီးတည်လျက်၊ကျွဲကရင် ဗိုလ် ချုပ်၊သူရိန်စော ဘွဲခံ ကုဏ္ဍာအိမ် စသော ကျွဲကရင် လူမျိုးတို့ သည်၊သက္ကရာဇ် ၁၁၀၉-ခုနှစ်မှစ၍ သက္ကရာဇ် ၁၁၁၃-ခုနှစ်အင်းဝ

ပြည်ပျက်သည် တိုင်အောင် ၎င်း, သက္ကရာဇ် ၁၁၁၄-ခု နှစ် အလောင်းမင်းတရားကြီးလက်ထက်သို့တိုင်အောင်၎င်း, အုပ်ဘို အရပ်တွင် အဝမပျက် မိကပင် ခြားနား ထောင်ထား၍ မင်းပြုလေသော ကျေ့ ကုဏ္ဏအိမ်ကလည်း,သစ္စာပေးစေလွှတ်၍,မုဆိုးဘိုမြို့သို့ လူနှစ်ဆယ်ကျော် ရောက်လာသည် စသည်ဖြင့် စေဥ့်ကိုင်အရှေ့ တောင်ခြေအုပ်ဘို၌ ကျေ့ကရင်လူမျိုး ကုဏ္ဏအိမ် ဆိုသူ မင်းပြုလျက်ရှိ၍, အလောင်း မင်းတရားကြီးကိုပင် ကျေ့ကရင်တို့၏ သစ္စာတော်ကိုခံရမည်ဟု သံတမန်စေလွှတ်ကြောင်း စသည်တို့၌ကား,ကျေ့ ဟူ၍ပင် အထင်အရှား ပါရှိလေသည်၊ ထိုကျေ့ ကုဏ္ဏအိမ်တို့အကြောင်းကိုလည်း,ရာဇဝင်များမှ ထုတ်နှုတ်သော် ပြချက်တွင် ထင်ရှားပါလတံ့၊ ထိုသို့အထင်အရှား ပါရာတွင် မြန်မာ ရာဇဝင်များ၌ ကျေ့ကရင်ကား အရေးမကြီး လှပေ, တလိုင်းသာ အရေးကြီး၍နေသောကြောင့်သာ,အရာရာ မှာပင် ကျေ့ကရင်ကို ချန်လှပ်ထား၍, တလိုင်း-တလိုင်း ဟူ၍သာ ရေးသားပြောဆိုကြသည်ဟုမှတ်ယူသင့်သည်၊မှန်ရာဇဝင်ချုပ် ကျမ်းနှင့် ရွှေမော်ဓောသမိုင်းကျမ်း မှန်ရာဇဝင်မင်းဆက် ကျမ်းများ၌ကား,ကျေ့ ကရင်ဘပ်သားများနှင့် တလိုင်းတပ်သားတို့တိုက်ခိုက်ကြကြောင်းကို,အသေအခြာပါလေသည်၊ဤကား- အမှာစကား စုတည်း။

သက္ကရာဇ် ၁၁၀၅-ခုနှစ် သတိုးမင်းခေါင် အလုံးအရင်းနှင့် ပြည့်စုံလာပြီး ပြည်ကသံလျင်သို့ ချီ၍ တိုက်လာသည်၊ ကျေ့ တလိုင်းတို့ မခံဝံ့ထွက်ပြေး၍ သံလျင်မြို့ကို လွှယ်ကာရလေလျှင် မြန်မာရဲမက်တော်တို့ အစည်းအကြပ်မရှိ ပေါ့ပေါ့လျော့လျော့

မြို့တွင်းမှာရှိသည့် အရက်သေစာများကို အယစ်အဝ သောက်စားကြ၍ လူမှန်းမသိ အမူးအယိုင်းရှိသည်ကို ကွေ့တလိုင်းတို့သိလေလျှင် လက်ထူ၍ တိုက်ကြပြန်လေသည်၊ လူသူအများ ထိပါးပျက်စီးသည်၊ သတိုးမင်းခေါင်သည်လည်း မစည်းမကြပ်နိုင်ဘဲ ခွါ၍ပြေးရလေ၏၊ ပဲခူးမြို့ကလည်း သံလျှင်မြို့မှာ မြန်မာတို့တပ် ပျက်ကြောင်းကို ကြားလေလျှင် သတိုးမင်းခေါင်ကို ရအောင် ဘမ်းရမည်ဟု အမိန့်တော် ရောက်လာ သောကြောင့်ကွေ့ကရင် ဗိုလ်ချုပ်ကြီး စောပြု ကိုယ်တိုင် အုပ်ချုပ်၍ ကွေ့တလိုင်း လေ့တပ်အများနှင့် လိုက်၍တိုက်သည်၊ သတိုးမင်းခေါင်သည်လည်း ပြယ်မှခံမည်ဟု အလျင်ဆုတ်ခွါလေ၏၊ စောပြုတို့၏ကွေ့တလိုင်းတပ်တို့က ဘိစီးလိုက်တိုက်ယည် ပြည်မြို့တိုင်အောင်ရလေသည်၊ သတိုးမင်းခေါင်လည်း ပြည်မြို့ပျက် လျှင် ပုဂံညောင်ဦးရောက် ဆုတ်ခွါသွားလေ၏။

သက္ကရာဇ် ၁၁၀၆-ခု ဟံသာဝတီပြည် ဆင်ကျွန်းရှင်မင်းမြတ်၏ ကွေ့ကရင်အမတ်ကြီး စောပြုပုံ့ရွှတ်နှင့် တလိုင်း အမတ်ကြီးဗညားအညတို့ကို အုအုပ်အချုပ်ခန့်အပ်၍ စစ်သည်သူရဲ ၁၅၆၀၀ ကျော်နှင့် တပ်ပေါင်းတဆဲ့ငါးတပ်ကို တောင်ငူသို့ချီတက်စေသည်၊ ထိုအကြောင်းကို အဝဘုရင် ကြားတော်မူ၍ မင်းရဲမင်းလှုငယ်ကို အချုပ်ခန့်တော်မူ၍ စစ်သည်သူရဲ တသောင်းကျော်နှင့် တဆဲ့လေးတပ်ချီစေသည်၊ ဘော်ညောင်ကိုင်းတွင် တလိုင်းနှင့်မြန်မာတို့ တွေ့၍ တိုက်ကြလေလျှင် မင်းရဲမင်းလှုငယ်တို့ တဆဲ့လေးတပ်လုံး ပျက်စီးလေ၏၊ သတိုး မင်းခေါင်လည်း ပုဂံညောင်ဦးက သည်-ပဌနဂိုရ်တိုင်အောင် ချီတက်၍ အခိုင်နေလေ

၏၊ မြန်မာမင်းက ခန့်ထားသော ဗညားကျန်းတောလည်း အနောက်ဘက် မလွန်မြို့မှာ အခိုင်နေလေသည်၊ တောင်ငူကြောင်းချီ မင်းရဲမင်းလှငယ်တို့ တပ်ပျက်ကြောင်းကို အဘကြားတော်မူ၍ သတိုးမင်းလှရွှေထောင်ကို နောက်ထပ်လွှတ်ပြန်သည် အရေးမရလျှင် အဝမြို့တော်သို့မပြန်ပံ့၊ သတိုးမင်းလှရွှေတောင် မင်းရဲမင်းလှငယ်တို့ ဗိုလ်ပါစုရုံးမိသမျှနှင့် ပဌနဂိုရ်တပ် သတိုးမင်းရှိရာပေါင်းကြရလေကုန်၏၊ ထိုအခါ မလွန်မြို့မှာ ရပ်နေသည့် ဗညားကျန်းထောသည် တလိုင်းတို့နှင့် ဆိုင်ပြိုင်မိတိုင်း ရွတ်ရွတ်ချွန်ချွန် တိုက်သည်ဖြစ်၍ ဗညားကျန်းထောကို ဗိုလ်မှူး-တပ်မှူးတို့ကြောက်ရွံ့ကြလေလျှင် အမှုထမ်း ချင်းမနာလို၍သတိုးမင်းခေါင်တွင် သူရဲကောင်းပြုသူ အဘကာမှူးဂဇကျော်တို့နှင့် တပ်မှူးစစ်ကဲတို့ တိုင်ပင်ကြံစီ၍ ဗညားကျန်းထောကိုဖျောက်ဖျက်ကြလေ၏ ဗညားကျန်းထော မလွန်တပ်တွင် မရှိကြောင်းကို အမတ်ကြီး ဗိုလ်ချုပ်စောဖြူတို့ ကြားလေလျှင် ကြည်းကြောင်းရေကြောင်း ချီတက်၍ တိုက်လေ၏၊ မလွန်တပ်,ပဌမနဂိုရ်တပ်တို့ ပျက်လေ၏၊ သတိုးမင်းခေါင်နှင့် တပ်မှူး,ဗိုလ်မှူး,တို့လည်း ပုဂံညောင်ဦးတိုင်အောင် ဆုတ်ပြေးကြလေ၏၊ ဗိုလ်ချုပ်ကြီးစောဖြူတို့ ကျေးဘလိုင်းတပ်တို့သည် သုံ့ပန်းလူသူဘမ်းယူ၍ မလွန် ပဌနဂိုရ်တွင်နေလေ၏။

သက္ကရာဇ် ၁၁၀၇-ခု ကျေး ဗိုလ်ချုပ်စောဖြူတို့ ဆင်ဖြူကျွန်းတိုင်အောင် ဆန်တက်၍ အရှေ့ဘက် အနောက်ဘက် မြစ်ညာတလျှောက် သုံ့ပန်းလူသူ ဘမ်းယူဖျက်ဆီး လေလျှင် မလုပ်မဆောင်ကြရသည်ဖြစ်၍ ရိက္ခာစပါး ရှာဖွေမရ ဟံသာဝတီ နေ

ပြည်တော်ကလည်း မျိုးရိက္ခာမထောက်မရောက် စစ်သည် ဗိုလ်ပါလည်း များသည်နှင့် အစားဆန့်ရှား ငယ်မွတ်ကြခလလျှင်ယခု ငါတို့တပ်ကိုသိမ်း၍ ဆုတ်ချေသော် သတိုးမင်းခေါင်နှင့်ဗိုလ်မင်း တပ်မင်း အများ နောက်ထပ် လိုက်ချိမ့်မည်၊ ယင်းသို့လိုက်သည်ကာလ ငါတို့မှာ တပ်ဆုတ်၍ ကရဲကသီ ရှိချိမ့်မည်၊ နောက်ထပ်မလိုက် မလာအောင် စကားပြောဆို၍ ဆုတ် ရမှသင့်မည်ဟု ဗိုလ်ချုပ်စောဖြူနှင့်တကွ တလိုင်း ဗိုလ်မှူး တပ်မှူးတို့တိုင်ပင်ကြပြီးလျှင် ညောင်ဦးတပ် သတိုးမင်းခေါင်သို့ လျှောက်စာ ဆက်သသည်ကား။

ဟံသာဝတီပြည်ကြီးကို အစိုးရတော်မူသော ဆင်ကျား သခင်ဘဝရှင် မင်းတရားကြီး ကျွန်တော် ဗိုလ်ချုပ်တပ်မှူး စစ်ကဲတို့ရှိခိုးနားတော်လျှောက်ဝံ့သော ဘုရားကျွန်တော်တို့ အရှင်မင်းတရားသည့်အခြားမဟုတ် ဘထွေးတော်ပုဂံမင်း သားတော်ဖြစ်သည်၊စစ်မပြိုင်မဆိုင်ကောင်းလျက် ပြိုင်ကြသောကြောင့်, ပြည်နေရွာသားတို့ ပျက်စီးခြင်း ရောက်ကြရပါသည်၊ ဆွေရင်းမျိုးချာဖြစ်သည်နှင့်အညီ မင်းညီနောင်နှစ်ပါး စကားပြောဆို ပြေငြိမ်းကြပါမည့်အကြောင်းကို ရှိခိုး သနားတော် လျှောက်ဝံ့ပါသည်ဘုရား၊ ဟုညောင်ဦးတပ်သို့ဆက်သစာပို့လိုက်သည်။

ဗိုလ်ချုပ်စောဖြူ, စသောတလိုင်းဗိုလ်မှူးတပ်မှူးတို့ စကားကို ကြားလျှင်,သတိုးမင်းခေါင်စာပြန် လိုက်သည်ကား၊ ဘဝရှင်မင်းတရားကြီးဘုရား ဘထွေးတော် သတိုးမင်းခေါင်အမိန့်တော်ရှိသည်။ဟံသာဝတီ ဗိုလ်ချုပ်နှင့်တကွ,တပ်မှူးစစ်ကဲတို့၊ ဟံသာဝတီမှာ မင်းပြုသူသည် အခြားမဟုတ်, ဆွေရင်းမျိုးချာ ဖြစ်

ကြောင်းနှင့် လျှောက်စာတင်ပါသည်။ တိရိစ္ဆာန် တောမျောက်တို့ ဝတ်စားဆင်ယင်၍ လူယောင်ပြုသော်-လူဖြစ်နိုင်ရာ ခဲသည်၊ ဘထွေးတော် ပုဂံမင်းသည်ကျေးဇူးသစ္စာတော်ကိုမစောင့်သောကြောင့်,မီးတွင်လှော်၍ ကြဲသောမျိုးစေ့ကဲ့သို့ရင်း, ဆားလှော်မျောက်သည် တယောက်မကျန်သကဲ့သို့ရင်း,သားမယားနှင့်တကွပျက်စီးခြင်းသို့ ရောက်လေပြီးသည်၊တိုင်းနိုင်ငံနေ ကျွန်တော်မျိုးဆင်းရဲသားအပေါင်းတို့ ဆင်းရဲခြင်းသို့ ရောက်ကြသည်ဆိုသောစကားသာ, စကားဖြစ်သည်ဟု စာပြန်လိုက်၏။

သတိုးမင်းခေါင်စကားကို ဗိုလ်ချုပ်စောဖြူနှင့် တလိုင်းဗိုလ်မှူး တပ်မှူးတို့ကြားလျှင်, လက်ဆောင်ထည်မျိုးအုပ်မျိုးများစွာဆက်သ၍ တပ်ကို နှုတ်သိမ်းပြန်လည်ကြပြီးလျှင်, ပြည်မြို့မှစ၍မြစ်အရှေ့ဘက် အနောက်ဘက် အောက်မြို့ကျေးရွာများကို,အစောင့်အနေခန့်ထားခဲ့၍ မလွန်ပဌနဂိုရ်မြို့များကို, အဖြီးအခိုင်မြို့တပ်ပြင်ဆင်လုပ်ဆောင်၍ အခိုင်အရပ်နေလေ၏။

အထက်ပါ သတိုးမင်းခေါင်၏ပြန်စာကို ထောက်သောအားဖြင့်လည်းဟံသာဝတီဆင်ကျွားရှင်သည် ပုဂံမင်း၏သားမဟုတ်ကြောင်းထင်ရှားလေ၏၊ထို့ကြောင့်ဟံသာဝတီမင်းဆက်ကျမ်းနှင့်မှန်ရာဇဝင်ချုပ်ကျမ်းများတွင် ကွေ့ကရင်ဟုဆိုသော အတိုင်းသာ ကွေ့ကရင်ဟုဆိုလိုက်သည်၊ အမှာစကား။

သက္ကရာဇ်တထောင့်တရာကိုးခု ဟံသာဝတီ ဆင်ကျွားရှင်ကတဖန်, အမတ်ကြီး စောဖြူကိုဗိုလ်ချုပ်ခန့်၍မလွန်ပဌနဂိုရ်မြို့များကို သိမ်းယူရမည်ဟု စစ်သည် သူရဲငါးထောင်နှင့်တလိုင်းတပ်မှူးဗိုလ်မှူးစစ်ကဲများကို လွှတ်ပြန်လေ၏၊ ဗိုလ်ချုပ်ကြီးတို့ချီသွား၍

မလွန်ကို ကြည်းရေ နှစ်ဘက်ညှပ်၍ အပြင်းတိုက်ရာတွင်, မလွန်မြို့ထိပ်က ပစ်လွှတ်သည့်မြောင်းသင့်၍တလိုင်းဗိုလ်မှူးဗညားကျော်ကျဆုံးချေ၏ ဗညားကျော်ကျဆုံးပြီးလျှင်တလိုင်းတို့လည်း ဆုတ်၍နေလေ၏၊ တလိုင်းတပ်ဗိုလ်ချုပ် စောဗြတို့ ဆုတ်ခွါသွားလေလျှင်, မလွန်သို့ ချီတက်စေသည့် မြန်မာတပ်မတော်များကိုလည်း သိမ်းရုံး၍ ပြန်လည်ကြကုန်၏။

## ၇၆။ ဆင်ကျားရှင်နန်းကျပုံ

ထိုအခါ ဟံသာဝတီပြည်ကို အုပ်ချုပ် မင်းပြုလုပ်နေသော ဆင်ကျားရှင် သမိန်ထောရာဇာသည်, အချို့သော မှူးတော်မတ်တော်တို့နှင့် မင်းမိဖုရားတို့ကို ဟံသာဝတီ မြို့တော်မှာထားခဲ့ပြီးလျှင်, ဗညားဒလ,ဗညားအည်,ဗညားတဗ္ဗ, ဗညားသမန္တ,ဗညားဇွယ်ရ, ဗလရာဇာ, ဗညားဗိုလ်မှူး,စသော မှူးမတ်တို့ကိုခေါ်၍, ဆင်လုံး မြင်းလုံး လူနှစ်ထောင်ခန့်နှင့်စစ်တောင်းသို့သွားပြီးလျှင် ဆင်ကျော့ဘမ်းလျက် တောကစားချ၍နေလေ၏၊ နေ့လရှည်လျားသဖြင့် ဟံသာဝတီနေပြည်တော်သို့ ပြန်ပါမည့် အကြောင်းကို လျှောက်ထားကြသော်လည်း မပြန်, မိဖုရား မောင်းမတို့ကိုသာ စစ်တောင်းသို့ ခေါ်တော်မူပြီး, ကာလရှည်လျားစွာ နေလတ်သော်, ဟံသာဝတီမြို့စောင့် မှူးမတ်တို့က နေပြည်တော်နှင့် အကွာအဝေး အရှည်အကြာမနေသင့်ပါ, တိုင်းရေးပြည်မှုလည်း ငြိမ်ဝပ်ခြင်းမရှိသေးဖြစ်ပါသည်, ပြန်လည်ပါမည့် အကြောင်းကို လျှောက်ထားမှ သင့်မည်ဟုစစ်တောင်းမြို့သို့ပါသည့်မှူးမတ်တို့ထံ စေလွှတ်သည်၊ စစ်တောင်းမြို့သို့ ဆင်ကျားရှင်နှင့်အတူ ပါလာသည့် ဗညား ဒလညီအစ်ကိုနှင့် လက်ျာ ဗိုလ်စသော မှူးမတ်တို့

လည်း, ဟံသာဝတီ မြို့စောင့်မှူးမတ်တို့ မှာထားလိုက်သည့်အကြောင်းများကို ဆင်ကျားရှင်အားလျှောက်ထားကြလေသည်, ဆင်ကျားရှင်မှာ လျှောက်ထားသည်ကို အယူတော်မရှိ, မပြန်လည်နေလေသည်၊ ထိုအခါ ဟံသာဝတီမြို့စောင့် မှူးမတ်တို့လည်း ရှည်ကြာသဖြင့် မင်းမဲ့ပြည်ကဲ့သို့ မငြိမ်မသက်ဖြစ်ရာချေသည်, မလိုက်လျှင် လိုက်အောင်ပင့်ခေါ်ရတော့မည်ဟု လူသုံးထောင်ကျော် လက်နက်ကရိယာအပြည့်အစုံ စည်းကြပ်၍ စစ်တောင်းမြို့သို့ ချီလာသည်၊ ဟံသာဝတီမြို့စောင့်တို့က အလုံးအရင်းနှင့် ချီတက်လာကြောင်းကိုဆင်ကျားရှင်ကြားသိတော်မူလေလျှင် ပုန်ကန်သောင်းကျန်း၍ အရဘမ်းမည်လာချေသည်ဟု အမှတ်ရှိသောကြောင့်, မိမိနှင့်အတူ စစ်တောင်းမြို့သို့ပါလာသောမှူးမတ်တို့ကို ဆင်မြင်းလူသူပေးအပ်၍ ဟံသာဝတီကလာသူတို့ကို ဟန့်တားစေသည်၊ လာသူတို့ကလည်း ငါတို့ သောင်းကျန်းပုန်ကန်သည့် သူပုန်လူဆိုးများမဟုတ်, မင်းကိုအပင့်အခေါ်လာသူများဖြစ်သည်ကို အဖြောင့်အမှတ်မလာရ ဆည်းဆို့ဟန့်တားစေသည်, စစ်တောင်းသို့ ရောက်အောင်ငါတို့ မသွားတော့ပြီ, ဟံသာဝတီမြို့တော်သို့ အရောက်အလျှင် အမြန်သွား၍ စစ်တောင်းမြို့သို့ ပါလာသည့် မှူးမတ်တို့၏သားမယားများကို အကုန်အစင်သတ်မည်ဆိုပြီးလျှင်, ပြန်မည့်အခြင်းအရာကို စီရင်ကြလေ၏၊ စစ်တောင်းသို့ပါသည့် လကျ်ာဗိုလ်-ဗညားဒလ အစရှိသော မှူးမတ်တို့ကလည်း, ကိုယ်တိုင်ငါတို့ အထက်ကပင်ပေါင်းဘက်၍ တယောက်စကားကို တယောက် နာယူလျက်, အကျိုးရှိရာ ဆောင်ရွက်ကြသည်၊ ကိုယ်တို့မဆိုင်းမတွ မပြုပါလေနှင့် ငါတို့တစု မင်းနှင့်တကွနေရင်း ဟံသာဝတီမြို့သို့ ပြန်လည်ရ

အောင်လျှောက်ထားဆောင်ယူလာပါမည်ဆိုသည်တွင် သဘော ကျေနပ်၍ လာသူတို့ ပြန်ကြလေသည်။

ဆင်ကျားရှင် သမိန်တော ရာဇာသည်လည်း ဗညားဒလ လက်ျာဗိုလ်အစရှိသော ဗိုလ်မှူးတပ်မှူးတို့ လျှောက်ထားသည့် စကားကို မယုံကြည်, ပြည်ရွာအနှောင့်အယှက်ရှိမည်, ဟံသာ ဝတီပြည်တော်သို့ ရောက်သည့်ကာလ, ပိုက်ကွန်သို့ ဝင်မိသော ငါးကဲ့သို့ရှိချေတော့မည် ဟူသောအယူနှင့် အတူ လိုက်ပါလာ သော သင်းပင်းလူသုံးရာကျော် မြင်းတရာကျော် ဆင်တဆယ် ကျော်များကိုယူ၍, သက္ကရာဇ် ၁၁၀၉ ခုတွင် ဇင်းမယ်မြို့သို့ထွက် သွားလေ၏၊ ဇင်းမယ်က လက်မခံသောကြောင့် ယိုးဒယားသို့ဝင် လေသည်။ ယိုးဒယားက သံခြေကျဉ်းခတ်၍ တရုပ်ပြည်သို့ ပို့ လိုက်လေသည်၊ တရုပ်ပြည်ကလည်း ကျော်ကသည်း ကျော်ပုဂံ အနန်းသို့ ပို့လိုက်သည်၊ အနန်းကသည်-စံ၁ါ ပါသက် လဝိုက် ဘူးကြီး ဘူးကြိုးသလုံနှော်ဘွား အဆင့်ဆင့်ပို့၍ ဇင်းမယ်သို့ပြန် ၍ရောက်ပြန်လျှင် ပုဂံမင်းသား ကွေ့ကရင်တို့နေသည့် ကြံတော ရွာစုတွင်ကြီးပြင်းသည်ဖြစ်၍, ကြံတောမင်းကွေ့မင်းဟု ခေါ် ဝေါ်ကြကြောင်း,ဟံသာဝတီမှာမင်းမရှိပြတ်လပ်သောကြောင့် မြို့သူမြို့သား ဗိုလ်ပါမှူးမတ်အပေါင်းတို့ စိတ်ညီ၍ မင်းမြှောက် ကြကြောင်း, ဆင်ကျော့ဘမ်းကစား၍ စစ်တောင်းမြို့တွင် နေ သည့်အတွင်း ဟံသာဝတီမြို့မှာ အစောင့်အနေထားခဲ့သည့်မှူး မတ်တို့ ကျေးဇူးသစ္စာတော်ကို မစောင့် ပုန်ကန်ကြသည်တွင်, သည်သူတို့ကို အနိုင်အထက် နှိပ်စက်ညှဉ်းဆဲပြုပြန်လျှင်လည်း မ ကောင်းမှုပွါးများ၍ သံသရာဝန်လေးရာသော အကြောင်းကို မျှော်ထောက်သဖြင့် သင့်တင့်ရာနေထိုင်ရန် လာရောက်ကြောင်း

များကို ပြောဆိုလျှင်, ဇင်းမယ်သားတို့လည်း ရတနာပူရအာဝ ပြည်ကြီးကို အစိုးရသော မန်အောင်ရတနာ ဒါယကာမင်းတရားကြီး ညီတော်ရင်းပုဂံမင်း၏သားတော် ဖြစ်ပေသည့်, စိတ်နှလုံးဖြူစင်ယဉ်ကျေးသည့် လက္ခဏာရှိပေသည့်, ကောင်းမွန်စွာနေပါတော့ဆို၍ ဇင်းမယ်တွင်နေရလေ၏၊ သက္ကရာဇ် ၁၁၀၂ ခုနှစ်နန်းတက်တော်မူသော ဟံသာဝတီ ဆင်ကျွှားရှင် မင်းတရားကြီးသည် သက္ကရာဇ် ၁၁၀၉ ခုနှစ်တွင် ဇင်းမယ်သို့ဝင်သွား၍ ထီးနန်းစည်းစိမ်နှင့်တကွ, မင်းအဖြစ်မှ အလိုလိုလျှော့ကြလေသတည်း။

—o—

# အခန်း ၁၁

## ၄၄။ ကွေ့ကုဏ္ဍအိမ်တို့အကြောင်း

သက္ကရာဇ်တထောင့်တရာ့ ကိုးခုနှစ် ဟံသာဝတီပြည် ဆင်ကျားရှင်သမိန်ထောရာဇာ ဇင်းမယ်သို့ ထွက်သွား၍စစ်တောင်းတွင် ကျန်ရစ်သော မှူးမတ်တို့ တိုင်ပင်ညှိနှိုင်း၍ အင်းဝမင်းက ဆင်ဝန်ခန့်ထားခြင်း ခံရသော ဇင်းမယ်သား ရှမ်းလူမျိုး မောင်အောင်လှ ဆိုသူသည် ဟံသာဝတီ ဆင်ကျားရှင်ကွေ့ကရင်မင်း လက်ထက်တော်တွင်၊ ဗညားဒလဟူသော ဘွဲ့ဖြင့် အချီးမြှောက်ခံရ၍ နောက်သမီးအငယ်တယောက်ကို ဆင်ကျားရှင်ကွေ့မင်းသို့ ဆက်သသဖြင့် အမတ်ကြီး၏ ရာထူးဖြင့် ချီးကျူးခြင်းခံရသူ မင်းကြီးသက်တော်ရှည်ကို၊ ဗိုလ်မှူးတပ်မှူးတို့ သဘောကြိုက်ညီကြ၍ မင်းမြှောက်ကြသဖြင့် 'ဗျမိုင်းတိရာဇာသေနာဓိပတိ' ဟူသော ဘွဲ့တော်ဖြင့် ထိုဟံသာဝတီပြည်ကြီးကို ထီးနန်းအုပ်ချုပ်လျက် မင်းပြုလေသတည်း။

ထိုအခါ အင်းဝပြည်တွင်လည်း အထက်ကပင် တဖြည်းဖြည်း ရောက်နှင့်၍ စုပေါင်းများပြားစွာ စေဦးကိုင် အရှေ့ဘက် အုတ်ဘိုတောင်ခြေ၌ ကွေ့ကရင်တို့ကို အုပ်ချုပ်စေရန်၊ လောကသရဘူဒါယကာ မင်းတရားကြီးက ခန့်ထားသော ကွေ့ကရင်တို့၏ အချုပ် အအုပ်ဖြစ်သည့် 'သူရိန်စော' ဆိုသူ ကွေ့လူမျိုး ကွေ့ကရင်တို့၏ အကြီးအမှူး 'ကုဏ္ဍအိမ်' သည် မိမိတို့နှင့် ဇာမျိုးတူ 'ငနက်' 'ငကတ်' တို့နှင့် တိုင်ပင်၍ အင်းဝအခွန်အထုပ် ရေးစစ်သိမ်းခံသည် သံတမန်ထူထပ်ရောက်ပေါက်သည် မယားကျွန်ဖြစ်

သားကျွန်ဖြစ် ပုပြင်းလှသည်ဆို၍ သူရိန်စောနှင့် ကေ့ အများမှ ရွေးရွေးကျောင်း တလိုင်းမြန်မာတို့နေသည့် ကျေးရွာများတို့ကို တိုက်ဖျက်လေ၏၊ အုတ်ဘိုသို့ပြန်ရောက်လျှင် ငါတို့ ကေ့ အဝင် အပါ လူတစုနှင့်သာ ထောင်ထားသော်လည်းမခံနိုင်ရာ တိုင်ပင်ကြံစည်၍ မတ္တရာမြို့ အကြပ် ထောကန်သူရဲ သေွးသောက်ကြီးတို့ကို ညီညွတ်လျှင် စိတ်ညီကြ၍ ယိုးဒယားက လာရောက်သည့် လဝအိမ်ဆိုသူကိုမင်းလောင်းပေါ်သည်ဟုအရှိအသေချီးမြှောက်ပြုစု သတင်းလွှတ်ပြောကြပြီးလျှင် အုတ်ဘို တောင်ခြေရင်းတွင် ကေ့ တပ်မတ္တရာတွင် တလိုင်းတတပ်တည်၍သောင်းကျန်းပုန်ကန်ကြလေ၏။

သက္ကရာဇ် ၁၁၀၉ ခုနှစ်ကစ၍ အုတ်ဘို၌ ကေ့ လူမျိုးတို့တပ်ကြီးတတပ်တည်၍ အင်းဝပြည် မြန်မာမင်းကို ပုန်ကန်သောင်းကျန်း နိုင်ငံခြားနာ၍ နေကြောင်းကို မှန်နန်းရာဇဝင်တော်ကြီးတွင် အထင်အရှားပါရှိလေ၏၊ ဤသို့အထင်အရှား ပါရှိသောကြောင့် အုတ်ဘိုမြို့ကို အုပ်စိုးသောကေ့ လူမျိုး'ကုဏ္ဍအိမ်'မင်း၏ အရေးတော်ပုံကို အကျယ်မပြတော့ပြီ၊ အလိုရှိသော သူတို့သည် မှန်နန်းရာဇဝင်တော်ကြီး တတိယတွဲတွင် ကြည့်ရှုကြစေကုန်သတည်း။

အုတ်ဘိုတပ်၌ သူရိန်စောဘွဲ့ခံ ကုဏ္ဍအိမ်တပ်မင်း မတ္တရာ၌ လဝအိမ်တပ်မင်း နောက်အော် အုတ်ဘိုတပ်သို့ ပေါင်း၍ သူရိန်စောဘွဲ့ခံ ကုဏ္ဍအိမ်အုပ်ချုပ်၍ မင်းပြုလုပ်လေသည်။

ထိုနောက် သက္ကရာဇ် တထောင့်တရာ့တဆဲ့လေးခုနှစ် ကဆုန်လဆန်း ရှစ်ရက် ကြာသပတေးနေ့ မုဆိုးဘိုမြို့သို့ အဝမြို့တ

လိုင်း ဥပရာဇာကလူသုံးဆယ်ကျော် သစ္စာတော်ပေးရောက်လာသည်၊ ထိုနေ့မတ္တရာ အုတ်ဘိုအရပ်တွင် အဝမပျက်မီကပင် ခြားနား ထောင်ထား၍ မင်းပြုလေသော ကွေ့ ကုဏ္ဏအိမ်ကလည်း သစ္စာတော်ပေးစေလွှတ်၍ မုဆိုးဘိုမြို့သို့ လူနှစ်ဆယ်ကျော်ခရောက်လာသည်၊ အလောင်းမင်းတရားကြီးလည်း သံနှစ်ဦး တို့ကို အစုအညီ ရွှေ့တော်သို့ဝင်စေ၍ အရောက်ညီလျှင်အမိန့်တော်ရှိသည်ကား ယခု မင်းတို့နှစ်ဦးသစ္စာတော်ပေး လာရောက်ကြသည့် အရေးမှာ နှစ်ဦးကပင်စေလာကြသည်ချည်းဖြစ်တော့သည်၊ သို့ရာတွင် တဦးကိုတဦး ပြတ်ဝပ်မည် အရေးအရာကို မထင်မြင်နိုင်အောင်ရှိလေသည်၊ ရွှေ့သို့တဦးဦးက ပြတ်ဝပ်ရသည်ကာလ ငါတို့မှာ အတွေ့အရာမရှိပြီဟုအမိန့်တော်ရှိပြီးလျှင် သံနှစ်ဦးတို့ကို အထိုက်အလျောက် ဆုလပ်ပေးတော်မူ၍ ပြန်စေရ၏၊ ဤသို့အလောင်းမင်းတရားကြီးကရာဇပရိယာယ်ဖြင့်ပြန်သွားစေကြောင်းစသည်တို့ကို ဆိုလေ၏၊ အကျယ်ကိုအလိုရှိမူအလောင်းမင်းတရားကြီး အခရေးတော်ပုံ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးမှာယူပါကုန်။

ကွေ့ ကုဏ္ဏအိမ်ကလည်း ဗိုလ်သုံးဗိုလ်တွင် တဗိုလ်မင်းဖြစ်မည် ဆိုသော သိုက်ရှိသည်ဟူ၍လည်း သူတို့ ပြောဆိုကြသည်၊ ယခုလည်း မုဆိုးဘိုမှာ ထီးနန်းတည်ထောင်မိချေပြီ ရွှေ့သို့ငါတို့သို့ ချီလာမည်မချွတ်ဖြစ်သည်၊ မလာမီကရှောင်လွှဲမှသင့်မည် အကြံရှိ၍ တောင်သုံးဆင့်သို့ ပြောင်းလွှဲပြီးလျှင် ရောဝတီမြစ်အရှေ့ဘက် မြို့ရွာမြန်မာတလိုင်းကွေ့ လဝတို့ကို သွင်းပြီးလျှင် အခိုင်အမာနေလေ၏။

နောက်ဆုံးတွင် သက္ကရာဇ် တထောင့်တရာ့ တဆဲ့ငါးခုနှစ် မှဆိုးဘိုမြို့သို့လိုက်ဘမ်းပြန်မည်ကိုကြောက်သဖြင့် ကွေ့ကုဏ္ဏအိမ် တို့သည် တောင်သုံးဆင့်မှ သည်-ရှမ်းပြည်သို့ ထွက်ပြေးကြကုန်၏။

အထက်ပါစကားသည် မြန်မာရာဇဝင်များမှ သိသာရုံ အနည်းငယ် ကောက်နှုတ်ချက်မျှသာ ဖြစ်သည်၊ ဤကောက်နှုတ်သော်ပြချက်များကို ကြည့်ရှုရလျှင်ပင်, သက္ကရာဇ် ၁၁၀၉ ခုနှစ်ကစ၍ ၁၁၁၅ ခုနှစ်တိုင်အောင်,ခုနှစ်နှစ်တိုင်တိုင်အုတ်ဘိုမြို့တွင် တပ်ကြီးအခိုင်အမာတည်၍ရောဝတီမြစ်၏အရှေ့ဘက်တလျှောက်ကို အုပ်စိုးလျက် ကွေ့လူမျိုး ကုဏ္ဏအိမ်ခေါ် သူရိန်စောသည် မင်းပြုနေထိုင်ကြောင်းကို ထင်ရှားစွာ သိရလေသည်။ ကွေ့ဆိုသည်မှာ မြန်မာကရင်ပင်တည်း၊ ထို့ကြောင့် ဤကရင်ရာဇဝင်ကျမ်း၏အစတွင် ရှမ်းပြည်ရှိ ငွေတောင်ကြက်ဘိုးကြီး စသည်၌နေသော ရှမ်းကရင်ကိုပြခဲ့၍ အလယ်၌တလိုင်းကရင်ကို ပြခဲ့ပြီးလျှင်, အဆုံးတွင် ဗမာကရင်ကိုပြလိုက်သတည်း။

ကရင်ရာဇဝင် တတိယတွဲပြီး၏။

# နိဂုံး

မြန်မာ သက္ကရာဇ် ၁၂၇၀ ပြည့်နှစ် နတ်တော်လအတွင်း မော်လမြိုင်ခေါ် ကျိုက္ခမိ ဒိစတြိတ် ကော့ကရိတ်မြို့သို့ ကျွန်ုပ်တို့ရောက်စဉ်အခါ ငယ်စဉ်က မိတ်ဆွေဟောင်းဖြစ်ဘူးသော ၎င်း ကော့ကရိတ်မြို့အရှေ့ဗေယာင် ၃ မိုင်ခန့်ဝေးသောအရပ်မြို့ဟောင်း ရွာကျောင်း၌နေသော ထိုအခါ ရဟန်းသိက္ခာ ၂၅ ဝါရ ဦးနန္ဒမာလာ အမည်ရှိသော ကျောင်းထိုင် ဘုန်းတော်ကြီးက ဘိတ်ခေါ်သဖြင့် အဖေ အပေါင်းတို့နှင့်တကွ မြို့ဟောင်း ရွာကျောင်းသို့ ရောက်ကျလေသည်၊ ဘုန်းတော်ကြီးသည် ပဲခူးမြို့အနောက်ဇိုင်းဂနိုင်းအရပ်တွင်ရှမ်းလူမျိုးဘမိတို့မှမွေးဘွား၍ ကြည့်မြင်တိုင်စမ်းကျောင်းရပ်၌ကြီးပွားလျက် အချိန်အရွယ်သို့ရောက်သောအခါ ဒွါရဝါဒီဂိုဏ်းတွင် ရှင်သာမဏေပြု၍ စာပေပရိယတ်တို့ကို သင်ကြားခြင်း အသက်ပြည့်သောအခါ ရဟန်းပြု၍မန္တလေးသို့တက်ရောက်လျက် ဘုရားဟော ပိဋကတ်တော်များကို သင်ကြားတတ်မြောက်ပြီးနောက် အောက်ပြည်သို့ပြန်ခဲ့၍ ဥာတိဖြစ်သော ရှမ်းဒါယကာများကပင့်သဖြင့် တဆင့်ထက်တဆင့်ပင်၎င်းမြို့ဟောင်းကျောင်းသို့ ရောက်၍ ကျောင်းထိုင်ဘုန်းကြီးအဖြစ်ဖြင့် နေနှင့်သတည်း၊ ထိုအရှင်သည်ရှမ်းလူမျိုးဖြစ်သည့်အတိုင်းရှမ်းဘာသာကို စာနှင့်တကွ ကောင်းမွန်စွာ တတ်မြောက်သည့်ပြင် မြန်မာဘာသာ, ပါဠိဘာသာ, ကရင်ဘာသာ, ပအူတောင်သူဘာသာ, များကိုလည်း ကောင်းစွာပင် တတ်ကျွမ်း နားလည်လေသည်၊ ၎င်းအရှင်သည် ကွယ်သွန်သူ အတိ သုဒ္ဒကျမ်းဆရာ ဦးနတ်သားဘွဲ့ခံ ဆရာ ဦးဘိုးငယ်နှင့်လည်း အမျိုးတူ ဇာတ်တူ စာသင်ဘက်

ယယ်သူငယ်ချင်းဖြစ်ကြသည်၊ ထိုမြို့ဟောင်းရွာကြီးမှ ရှမ်းလူမျိုး အနည်းငယ်နှင့် ကရင်လူမျိုး ပအိုဝ်းတောင်သူလူမျိုးတို့သာနေကြသဖြင့် ထိုသုံးဘာသာလုံးနှင့်ပင် တရားစကားပြောဟောလျက် ကျောင်းထိုင်၍ နေတော်မူသတည်း။

ထိုမြို့ဟောင်း ရွာကျောင်း၌ ကျွန်ုပ်တို့ရောက်ကြ၍ နောက်တနေ့၌ပင်လျှင် ဒေါနတောင်တန်းကြီးနှင့် ဆက်လျက်ရှိသော တောင်ငယ်တခုပေါ်သို့ အလိုရှိသော ပစ္စည်းဝတ္ထုများကို ရှာဖွေရန် ၎င်းတို့ ဒေသန္တရ ဗဟုသုတဖြစ်စေရန် တက်ကြရော၊ ၎င်းတောင်ပေါ်သို့ မြို့ရိုး ကျုံး မြောင်းဟောင်းစသည်တို့နှင့်ပြည့်စုံသော မြို့ဟောင်း မြို့ပျက်ကြီးတခုကို တွေ့မြင်ရ၍ ထိုမြို့ဟောင်း၏အကြောင်းအရာတို့ကို မေးမြန်းသောအခါ ထိုရွာမှလိုက်၍ ပို့ကြသောလူများနှင့် ကျောင်းထိုင် ဘုန်းတော်ကြီးတို့ကပြောပြကြသည်မှာ ဤမြို့ဟောင်းကြီးကြောင့် ဤရွာကိုလည်း မြို့ဟောင်းရွာဟု မြန်မာလိုခေါ်ကြကြောင်း ရှေးအခါက ကရင်လူမျိုး နန်းစံဘူးကြောင်းပြောကြ၍ သိရသဖြင့် ထိုမြို့ဟောင်း၌ စိုးစံနေထိုင်ဘူးသော ကရင်မင်း၏အကြောင်းအရာ ရာဇဝင်များ ရှိပါသလားဟု ထပ်၍ခေးမြန်းသောအခါကျောင်းဒါယကာကြီး ဦးဣန္ဒ၏အထံ၌ ပအိုဝ်းတောင်သူ ဘာသာဖြင့် ဤမြို့ဟောင်း၏ ရာဇဝင်ရှိကြောင်းကို ပြောသဖြင့် တောင်ပေါ် မြို့ဟောင်းရွာမှ ဆင်းကြ၍ ပြန်ခဲ့ကြပြီးလျှင် ကျောင်းသို့ ရောက်သောအခါ ကျောင်း ဒါယကာကြီး ဦးဣန္ဒကိုခေါ်၍ မေးမြန်း စုံစမ်းကြလေလျှင် ရှမ်းပြည်မိုင်းခိုင်းမြို့မှ လုပ်သောစက္ကူအဖြူပေါ်တွင် မင်နက်ဖြင့် တဘက်ကသာ ပအိုဝ်းတောင်သူဘာသာအက္ခရာစာဖြင့်

ရေးထားသော အလျားအရှည် တထောင်ခန့် အနံ ၁၄ လက်မ ခန့် စာရွက်ရေ ၂၉ ရွက်ကို ဖျင်ထည်ဖြင့် မျက်နှာဖုံးပြုလျက် လိပ်၍ ထားသော ကရင်ရာဇဝင်ကို ပြသလေသည်၊ ထိုရာဇဝင် မှာ ပအူတောင်သူဘာသာစာဖြစ်၍တချို့တဝက်မျှလောက်သာ ကျွန်ုပ်ဘတ်နိုင်လေသည်၊ ထိုအခါ ကရင်ရာဇဝင်မူဟောင်းကြီး မှာ ဆွေးမြည့်၍နေသောကြောင့်၎င်း, မင်စက်၍ တချို့နေရာ တွင် အမဲကွက်များသာဖြစ်၍နေသောကြောင့်၎င်း, နောက်ပိုင်း က စုတ်ပြတ်၍နေသောကြောင့် ၎င်းအခက်အခဲနှင့်တွေ့ကြုံရပါ သော်လည်း အာဝါသိက ဘုန်းတော်ကြီး ဦးနန္ဒမာလာက ပအူ တောင်သူဘာသာကို စာနှင့်တကွတတ်မြောက်သည်ဖြစ်၍ ၎င်း ရာဇဝင်ပိုင်ရှင်ကျောင်းဒါယကာကြီးဦးဣန္ဒကလည်း ကူညီသဖြင့် အလုံးစုံသိရှိရသောအခါ မြန်မာလိုပြန်ရန်အလိုရှိကြသည့်အတိုင်း ထိုအခါ ကျွန်ုပ်နှင့် အတူပါလာသော ပအူတောင်သူစစ် ဖြစ် သော သထုံနယ် ကဿပရွာသား အစိုးရပဌမပြန် စာမေးပွဲတွင် ပဌမကြီးအောင်မြင်ပြီး ဦးတေဇောသာရဆိုသူ ရဟန်းပျိုနှင့် ကော့ကရိတ်မြို့ အရှေ့ဘက် ရွှေကြက်ယက်ကျောင်းနေ ကရင် လူမျိုးဘုန်းတော်ကြီး သထုံနယ်သား ဘားအံမြို့ ကြာအင်းရွာ ကျောင်းနေ ပအူတောင်သူစစ် ဦးသုန္ဒရ ကော့ကရိတ်မြို့ ဗောဓိ ကျောင်း ဘုန်းတော်ကြီး ထိုအခါ ရွှေကျောင်း ကြံခင်းကျောင်း ခေမာသီဝံကျောင်း ကမာကြည်ကျောင်း ဝေသာလီကျောင်းစ သော ကျောင်းများကိုပိုင်ဆိုင်သူတောကျောင်း ဘုန်းတော်ကြီး ဦးကုသစသော ပုဂ္ဂိုလ်များ၏ ကူညီ ရေးကူးခြင်းဖြင့် ၃ ရက် နှင့်ပင် ပအူတောင်သူဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုကူးယူ ရရှိခဲ့လေသည်၎င်းကရင် ရာဇဝင်သည် အနှစ် ၂၀ ခန့် အသုံးမပြု

ရဘဲရှိခဲ့ရာ ထိုသော ၁၂၀၀ ခုနှစ်လောက်ကမှ ကရင်လူမျိုးတို့သည် နိုးကြားထကြွရှိလာကြသဖြင့်ကရင်ရာဇဝင်အလိုရှိကြောင်းကိုသိရ၍ ယခုအခါ **မော်လမြိုင်မြို့** ကြံခင်းကျောင်းတွင် ဂဏဝါစက ပဌမစာချဘုန်းတော်ကြီး ကရင်လူမျိုး ဦးဥတ္တမကမေးမြန်းပြန်သဖြင့် ၁၂၇၀ ပြည့်နှစ်ကကူးယူရရှိခဲ့သောကရင်ရာဇဝင်ရှိဘူးကြောင်း ပြော၍ ၎င်းဘုန်းတော်ကြီးက တိုက်တွန်းသဖြင့် ၎င်းဘုန်းတော်ကြီးနှင့်တကွ ၎င်း၏ဆရာများ သမဂ္ဂများဖြစ်ကြကုန်သော ကရင်လူမျိုး နောင်တမန် ဘုန်းကြီး မြပတိုင် ဘုန်းကြီး၊ရေပူဘုန်းကြီးနောင်လုံနယ်မြပေဘုန်းကြီး ဒုံရင်းမြို့ဟောင်းနေရာ................ရွာ ဘုန်းကြီး စသောကရင်လူမျိုး ဘုန်းတော်ကြီးများက လျှောက်ထားတိုင်ပင်၍ ထိုကရင်ရာဇဝင်ဟောင်းကျမ်းပုံလျက် အောက်အမည်ပါကျမ်းများနှင့် တိုက်ဆိုင်ညှိနှိုင်းဖြည့်စွက်၍ ထပ်မံပြုပြင်ရေးသားပြန်သတည်း။

ဤကရင်ရာဇဝင်ကျမ်း၏အကူအညီ အထောက်အပံ့ဖြစ်သောကျမ်းများကား ၁။ မြန်မာ သက္ကရာဇ် ၁၁၅၄ ခုနှစ် တန်ခူးလဆန်း၇ ရက်နေ့ကစ၍ မုတ္တမမြို့ မဟာပိန္နဲဘုန်းတော်ကြီးတွင် မွန်ဘာသာ အက္ခရာ စာစောင်ရေ ၃၂အင်္ဂါ,၄၇အင်္ဂါကို မြန်မာဘာသာပြန်ဆိုစေ ဘုရားအမိန့်တော်မြတ်ကိုဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း တောင်ဘီလူးလူထွက် ငပေါက်တို့ ပြန်ဆိုသည်။ ထိုတလိုင်းသံတော်ခံကြပ်မ၍ ပြန်ဆိုစေသည့်ခေတ်ဝင် စာအတွက်ရာမညတိုင်း ၃-ရပ် ဓါတ်တော်သမိုင်းကျမ်း (စာအုပ်မူ)။ ၂ သက္ကရာဇ် ၁၁၄၉-ခုနှစ် ဘိုးတော် မင်းတရားကြီး လက်ထက်တော်အခါ မွန်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုသော မွန်ရာဇဝင်ကျမ်း(ပေမူ)။၃-သက္ကရာဇ် ၁၁၅၃-ခုနှစ် ဘိုးတော်မင်းလက်

ထက် သံတော်ဆင့်မင်း (ကျော်ထင်သခ်ရာ)စသော မှူးမတ်တို့ အစုံအညီနှင့် တလိုင်းပညာရှိ ဆရာမောင်တက်တိုးသည် မွန်ဘာသာမှ မြန်မာဘာသာ ပြန်ဆိုသော ရွှေမော်ဓော သမိုင်းကျမ်း (ပေမူ)။၄-ရွှေမော်ဓောသမိုင်းကျမ်း တမျိုး (စာအုပ်မူ)၅- ရွှေမော်ဓောသမိုင်းကျမ်းတမျိုး(စာအုပ်မူ)။၆-သက္ကရာဇ်၁၁၈၅ခုနှစ် ဘကြီးတော် မင်းလက်ထက် ငရဲ....ငရဲပုလဲ, ဇာတတွန် တို့က ကော့တွန်းကျောက်ဂူမှရ၍ ဆက်သသော မွန်ဘာသာနှင့် သထုံ သမိုင်းစာကို စာရေးတော်ကြီး တေိနှင့် မွန်ပညာရှိ ဆရာသီရိ ဇေယျသူတို့ မြန်မာဘာသာ ပြန်ဆိုသော သထုံ သမိုင်းကျမ်း (ပေမူ။) ၇-သက္ကရာဇ် ၁၁၇၇ခုနှစ် ယေးမြို့အစဉ် စာရေးတော် ကြီး မင်းဦးထော်ခဲပင် မွန်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို ခဲ့သော မွန်ရာဇဝင်ချုပ်ကြီး ကျမ်း(ပေမူ)။ ၈- သထုံ ရွှေစာရံ ဘုရားကြီးသမိုင်း ၂-ကျမ်း(စာအုပ်မူနှင့် ပေမူ)။ ၉- သက္ကရာဇ် ၁၁၇၅ခုနှစ်တွင် ယေးမြို့ အစဉ် စာရေးတော်ကြီး မင်းဦးထော်ခဲ ပင် မွန်ဘာသာမှ မြန်မာဘာသာ ပြန်ဆိုခဲ့သော ရွှေမော်ဓော သမိုင်းနှင့် ဟံသာဝတီ ပဲခူး မင်းဆက် ရာဇဝင်ကျမ်း (ပေမူ)။ ၁၀-ဘီးလင်းမြို့ စစ်ကဲတော်ကြီး ဦးရွှေနော် ရေးသော မွန်ရာဇဝင်နှင့် စေတီတော် သမိုင်းပေါင်းချုပ် ကျမ်း (စာအုပ်မူ)။ ၁၁။ သက္ကရာဇ် ၁၁၄၆ခုနှစ်ဘိုးတော်မင်းလက်ထက်တွင် စစ်မေး တော်မူ၍အစစ်ခံရသော မုတ္တမမြို့စာရေးတော်ကြီး(ပုံချိန်နွှသူ) စသော မုတ္တမမြို့ရှိ ၃၂ မြို့။ မြို့စားမြို့သူကြီးများ၏အစစ်ခံချက် အရ၊ မုတ္တမစစ်တမ်း(ပုရပိုက်မူ)။ ၁၂-မှန်နန်း ရာဇဝင်တော်ကြီး ကျမ်း (စာအုပ်မူ) ပ-ဒု-တ။ ၁၃-ဝန်ထောက်တော်မင်း ဦးတင် ရေးသော ကုန်းဘောင်ဆက် မဟာ ရာဇဝင်တော်ကြီး ကျမ်း

(စာအုပ်မူ)။ ၁၄-ယောမင်းကြီး ဦးဘိုးလှိုင် ရေးသော ရာဇဓမ္မသင်္ဂဟကျမ်း(စာအုပ်မူ)။ ၁၅-ဇမ္ဗူတံဆိပ်ကျမ်း (စာအုပ်မူ)။ ၁၆-မြန်မာရာဇဝင်ချုပ်ကျမ်း ၂(စာအုပ်မူ)။ ၁၇- အင်္ဂုတ္တရပါဠိတော်(စာအုပ်မူ)။ ၁၈-အင်္ဂုတ္တရအဋ္ဌကထာ(ငင်း)။ ၁၉-ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ(ငင်း)။ ၂၀- ပါရာဇိကဏ် ပါဠိတော်ငင်း)။ ၂၁-ပါရာဇိကဏ် အဋ္ဌကထာ(ငင်း)။ ၂၂-သထုံရာဇဝင် ပေါင်းချုပ်ကျမ်း(ငင်း)။ ၂၃-သုတ္တနိပါတ်တာ အဋ္ဌကထာကျမ်း(ငင်း)။ ၂၄-သဂါထာဝဂ္ဂသံယုတ် ပါဠိတော်(ငင်း)။ ၂၅- မန္တလေးဘွဲ့မော်ကွန်း(ငင်း)။ ၂၆-ဧည့ဝတီအရေးတော်ပုံ ကျမ်းတို့ ဖြစ်လေသည်။

ဤဆိုခဲ့ပြီးသော လောကီဘက် လောကုတ္တရာဘက် ဆိုင်ရာ ၂-ဖြာသော ကျမ်းအစောင်စောင်တို့ကို ကြည့်ရှု ညှိနှိုင်း၍ ထည့်သွင်းသင့်သော စကားများကို ထည့်သွင်းလျက် အထက် အဆိုပါဗ°မရောဒုံခေါ် ဇယျမြို့ ကရင်ရာဇဝင် ပဌမတွဲနှင့်ဒုံရင်းခေါ် ပအာဝနမြို့ကရင်ရာဇဝင် ဒုတိယတွဲ ပဲခူးမြို့ ကွေ့ကရင်ကုဏ္ဍာအိမ်သူရိန်စောတို့၏အကြောင်း တတိယတွဲများကို ၁၂၈၉ခုနှစ် နယုန်လနှင်း ၈-ရက်နေ့တွင် အသစ်ခွဲ ထွင်ရေးသား၍ ပြီးအောင်မြင်သည်။မကြာမီကမှ ရှုပ်ရှင်ပွဲကစ၍ ကရင်လူမျိုးတို့၌ မင်းစိုးရာမရှိစသဖြင့် ငြင်းခုံကြ၍ ကျွန်ုပ်၌ ကရင်ရာဇဝင် ရှိကြောင်းကိုသူရိယသတင်းစာ၌ ထည့်သွင်းရေးသားလိုက်သဖြင့် အချို့ကုန်သောကရင်လူမျိုးများနှင့် ရာဇဝင်ကို လိုက်စားလိုသူ အပေါင်းတို့၏ တောင်းပန်တိုက်တွန်းချက်အရ ကျွန်ုပ်၌ ရှိသော ကရင်ရာဇဝင်ကို ဟံသာဝတီစီရင်စု.... ဆရာတော်ကြီးနှင့် ရန်ကုန်မြို့

အရှင်အာဒိစ္စဝံသဆရာတော်ကြီး စသောဆရာတော်ကြီးများကို ပြသ၍ ပြင်ဆင်ပါမည့်အကြောင်း လျှောက်ထားပြီးမှ ပုံနှိပ်ရန် သင့်ပြီဟုအမိန့်ရှိကြ၍ ၁၂၉၁-ခုနှစ် ဝါခေါင်လအတွင်း သူရိယ သတင်းစာ ပုံနှိပ်တိုက်၌ ပုံနှိပ်လုပ်ဆောင်ရာ သီတင်းကျွတ်လ အတွင်းပင်ပြီးစီးအောင်မြင်သတည်း။

ဦးပညာ
ရာဇဝင်ဆရာကြီး (သထုံ)။

ဤနိဂုံးတွင် အချို့နေရာတို့၌ခြစားထားသည်ဖြစ်ရာ၊ မိတ္တူရှာမရ သောကြောင့် ခြစားထားသည့် အတိုင်းပင် ကူးလဲ ပြုလုပ်၍ပုံနှိပ် လိုက်ရသည်ကိုစာရှုသူများကခွင့်ပြုပါမည့်အကြောင်းမေတ္တာရပ်ခံအပ် ပါသည်။

ထုတ်ဝေသူ။

အလယ်တန်းမှ အထက်တန်းအထိ

ကျောင်းသူ ကျောင်းသားများ အတွက်

**ဆရာကြီး ဒေါက်တာမောင်မောင်ဖြေ**

အထူးပြုစုရေးသားထားသော

# SIMPLER ESSAY

တအုပ် ၂-ကျပ်



စာရေးဆရာ မောင်မောင်ကြည်

ပြန်ဆိုရေးသားထားသော

နာမည်ကျော်

# ခိုခို

၀၈၊

## မကြာခင် ထွက်တော့မည်

နယ်ကိုယ်စားလှယ်များအမြန်မှာပါ

ဇွဲ-စာပေရိပ်မြုံ
အမှတ် ၁၇၂ ၃၃-လမ်း၊ ရန်ကုန်မြို့။